# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၆ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၃၅၉)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း



ကျွန်မတို့ မနေ့ကဆိုလို့ရှိရင် ကိုဗစ်ရောဂါပိုးရှာတွေ့တဲ့ လူနာပေါင်းက (၁၀၀၀၀) ကျော်သွားပါပြီ။ (၁၀၀၀၀) ကျော်သွားတာ တစ်နေ့တည်းမှာ ဆိုတော့လည်း ပြည်သူတွေကြားထဲမှာ စိုးရိမ်ပူပန်မှုတွေရှိမှာပဲဆိုတာ ကျွန်မတို့ သဘောပေါက်ပါတယ်။ ဒါတော့ စိုးရိမ်ပူပန်နေတာလည်း သဘာဝကျတယ် ဆိုပေမယ့် အဓိက အရေးကြီးတာက ထပ်ပြီးပြန့်ပွားမှုကို တတ်နိုင်သမျှ ကျွန်မတို့ထိန်းချုပ်ဖို့ပဲ ဖြစ်ပါတယ်။ အဲဒီထိန်းချုပ်တဲ့နည်းကလည်း လွယ်လွယ်လေးပါဆိုတာ ကျွန်မ ထပ်တလဲလဲ ပြောပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အခြေခံ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါ။ အပြင်ထွက်တာကို ရှောင်ပါ။ အပြင်ထွက်တာကို ရှောင်ရုံတင်မကဘူး၊ အိမ်မှာလည်း ဧည့်သည်တွေကို လက်မခံပါနဲ့။ မလွှဲမရှောင်သာလို့ အပြင်ထွက်ရမယ်၊ မလွှဲမရှောင်သာလို့ ဧည့်သည်တွေကိုအိမ်မှာ လက်ခံရမယ်ဆိုရင် လာတဲ့သူတွေကိုလည်း နှာခေါင်းစည်းတပ်ဖို့ ပြောပါ။ ကိုယ်တိုင်လည်း တပ်ပါ။ လက်ကိုလည်း မှန်မှန်ဆေးပါ။ အပြင်သွားတဲ့အခါကျလို့ဆိုရင်တော့ တကယ့်ကိုပဲ အလေးထားပြီးတော့ အမြဲပဲ နှာခေါင်းစည်းတပ်ပါလို့ ကျွန်မအနေနဲ့ ဆော်ဩချင်ပါတယ်။ ဒီအခြေခံကိစ္စလေးနှစ်ခုပေါ့။ နှာခေါင်းစည်းတပ်ခြင်း၊ လူတွေနဲ့ ထိတွေ့မှုရှောင်ခြင်းကို လုပ်မယ်ဆိုရင် ဒီရောဂါကို အတော်ကို ကာကွယ်နိုင်တဲ့အခြေအနေဖြစ်ပါလိမ့်မယ်။ လက်ကိုလည်း မှန်မှန်ဆေးမယ်။ ပြောသလိုပေါ့နော်။ စနစ်တကျ စက္ကန့် (၂၀) ဆေးမယ်ဆိုရင် ပိုပြီးတော့ ကာကွယ်ရေးဟာ ထိရောက်ပါလိမ့်မယ်။ အဲဒီတော့ ကျွန်မတို့ကနေပြီးတော့ ပြည်သူတွေက စိုးရိမ်ပူပန်မှုရှိတယ်ဆိုတာလည်း သဘောပေါက်တယ်။ ဒီလို မြန်မြန်ဆန်ဆန် ကျယ်ပြန့်လာတာတွေကိုလည်းနည်းမျိုးစုံနဲ့ တတ်နိုင်သမျှ ထိန်းချုပ်ရမယ်ဆိုတာလည်း သဘောပေါက်ပါတယ်။


*စာမျက်နှာ ၄ ကော်လံ ၁* ✻


Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်အမှတ် ၁၁၀ /၂၀၂၀ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမိန့်အမှတ် ၁၁၀ /၂၀၂၀

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း ခတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ခတ်ခွဲအတည်ပြု လူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး (၄) ခုအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့်


*စာမျက်နှာ ၅ ကော်လံ ၁* ●





မြန်မာ့အလင်း

# တည်တည်ငြိမ်ငြိမ်ဖြင့် စိတ်ဓာတ်မြှင့်တင်ရင်း

စက်တင်ဘာလ ၂၄ ရက်နေ့တစ်ရက်တည်း ကိုဗစ်ရောဂါပိုး ဓာတ်ခွဲအတည်ပြုလူနာတစ်ထောင်ကျော်သွားသည့်အတွက် မြန်မာနိုင်ငံသားတို့အကြား စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ရပါသည်။ စိုးရိမ်ပူပန်မှုများရှိလာသည်နှင့်အတူ အမြဲတမ်းလိုလို လှုပ်ရှားတက်ကြွနေသည့် မြို့ကြီးများသည် ငြိမ်သက်တိတ်ဆိတ်သွားပါသည်။ လူအသွားအလာ၊ ကားအသွားအလာများ သိသိသာသာလျော့ပါးသွား၏။ စိုးရိမ်ပူပန်မှုကို ကာကွယ်ရေးစည်းမျဉ်းများ လိုက်နာခြင်းဖြင့် နိုင်ငံသားတို့၏တာဝန်ကို ထမ်းဆောင်ခြင်းဟု ဆိုရမည်ပင်။

ယနေ့ မြန်မာနိုင်ငံအတွက် အရေးကြီးဆုံးရည်မှန်းချက်မှာ ကိုဗစ်ရောဂါပိုး ထပ်ဆင့်ပြန့်ပွားမှုနည်းပါးပပျောက်သွားအောင် ထိန်းချုပ်နိုင်ရေးဖြစ်၏။ ထိုသို့ ထိန်းချုပ်နိုင်ရေးအတွက် အထိရောက်ဆုံးနည်းလမ်းမှာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်ကြံကြရန် ဖြစ်ပါသည်။

မထွက်မဖြစ် ထွက်ရမည့် အကြောင်းကိစ္စများမှလွဲ၍ အိမ်တွင်းမှာသာနေကြရန်လို၏။ ဤစည်းမျဉ်းသည် အခြေခံအကျဆုံးဖြစ်ပါသည်။ မိမိကိုယ်တိုင် အပြင်မထွက်ရန်၊ ပြင်ပဧည့်သည်များ အိမ်တွင်းသို့ မလာစေရန်ဖြစ်၏။ လူချင်းဆက်ဆံမှုကို နည်းနိုင်သမျှ အနည်းဆုံးဖြစ်စေရန်လို၏။ မလာမဖြစ်လာသူတို့ကို လက်ခံရမည်ဆိုပါကလည်း အိမ်ရှင်ဖြစ်သူရော၊ ဧည့်သည်ဖြစ်သူပါ နှာခေါင်းစည်းကို စနစ်တကျမှန်မှန်ကန်ကန် ဝတ်ဆင်ကြရန်လိုပါ၏။ လူချင်းတွေ့ဆုံဆက်ဆံမှုကို ဖြတ်တောက်ခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းမျှလောက်ကို လိုက်နာရုံမျှဖြင့် ကိုဗစ်ပိုးပြန့်ပွားမှုကို များစွာတားဆီးနိုင်ပါမည်။

ပြီးလျှင် လက်ဆေးကြရန်ပါပဲ။ ရေနှင့် ဆပ်ပြာရည်ဖြင့် စက္ကန့် ၂၀ ကြာ အချိန်ယူဆေးကြောခြင်းသည် ရောဂါပိုး ပြန့်ပွားမှုကို တားဆီးရာတွင် ပိုမိုထိရောက်ပါလိမ့်မည်။

သာမန်ပြည်သူတို့အနေဖြင့် ဤမျှလောက်သာဖြစ်သော အခြေခံစည်းမျဉ်းတို့ကို လိုက်နာခြင်းဖြင့် ရောဂါပိုးပျံ့နှံ့မှု များပြားကျယ်ပြန့်လာနေမှုကို သိသိသာသာလျော့ကျသွားစေမည် ဖြစ်ပါသည်။ ယခု တစ်ကျော့ပြန် ရောဂါပိုးပြန့်ပွားမှုတွင် လူနာသေဆုံးမှု တိုးမြင့်လာခြင်းသည်လည်း ပြည်သူလူထုအကြား စိုးရိမ်ပူပန်စရာ ဖြစ်နေမည်မှာ မုချပင်။ ကာလကြာဖြစ်ပွားနေခဲ့ရာတွင် ခြောက်ဦးသာ တိမ်းပါးဖိတ်စဉ်မှုရှိခဲ့ရာမှ ယခုဖြစ်ပွားလာမှုဂယက်တွင် သေဆုံးသူ ၁၇၀ ကျော်ဖြစ်လာခြင်းက စိတ်ပူစရာဖြစ်ပါသည်။ ပြည်သူတို့သာမက တာဝန်ရှိသူများအားလုံးပင်ယင်းအတွက် စိုးရိမ်ကြပါသည်။ အဓိကအားဖြင့် ရောဂါလက္ခဏာများ စတင်ပေါ် ပေါက်ချိန်တွင် သို့မဟုတ် ရောဂါရှိလာပြီဟု ကိုယ်တိုင်သံသယရှိချိန်တွင် ဆေးရုံနှင့် တာဝန်ရှိတတ်ကျွမ်းနားလည်သူတို့ထံ မသွားဘဲ အိမ်တွင်း၌ ထင်ရာမြင်ရာကြားဖူးရာ ဆေးမြီးတိုများ၊ အခြေအမြစ်ခိုင်ခိုင်လုံလုံမရှိသည့် တတ်ယောင်ကား ကုထုံးကုနည်းများဖြင့် ကုသနေခြင်းဖြင့် အချိန်လွန် နောက်ကျသွားရသည်တို့ရှိနေကြောင်း သိရပါ၏။

ပြည်သူတို့ သတင်းတု သတင်းယောင်များ၊ လုပ်ကြံသတင်းများ၊ ပုံကြီးချဲ့သတင်းများကို နားမယောင်ကြဖို့ လိုပါမည်။ ယနေ့ချိန်ထိ သေချာစိတ်ချရသော ကာကွယ်ဆေး၊ ကုသဆေးကမ္ဘာပေါ်တွင် မပေါ်ပေါက်သေး။ လူအများသုံးစွဲနိုင်ရန် စိတ်ချရသည့် ကာကွယ်ဆေးထုတ်လုပ်နိုင်ပြီဆိုလျှင် မြန်မာနိုင်ငံကလည်း လိုအပ်သလို ရရှိနိုင်ရန် စီစဉ်ဆက်သွယ်မှုများ ပြုလုပ်ဆောင်ရွက်နေပါသည်။

ထို့ကြောင့် လက်ငင်းကာလတွင် ရောဂါပိုး မကူးစက်အောင်ကာကွယ်ကြရန်နှင့် ရောဂါကူးစက်ပြီဟု သံသယရှိပြီဆိုလျှင် အချိန်မီကုသမှုခံယူကြရန်လိုပါသည်။

ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးနိုင်မည့် ကိရိယာတစ်သိန်းကို တောင်ကိုရီးယားနိုင်ငံမှ တင်သွင်းရန် နိုင်ငံတော်က မှာယူထားပြီးဖြစ်သည်ဟု သိရပါသည်။ ရက်ပိုင်းအတွင်းတွင် ခရိုင်/ မြို့နယ်ဆေးရုံများသို့ ရောက်ရှိလာတော့မည် ဖြစ်၏။ ထို့ကြောင့် သံသယရှိသည်နှင့် အိမ်တွင်ကျိတ်ကာ ဆေးမြီးတိုဖြင့် ကုမည့်အစား ခရိုင်/ မြို့နယ်ဆေးရုံများသို့ ချက်ချင်းသွားရောက်ကြရန် လိုပါသည်။ ထိုဆေးရုံတို့တွင် သံသယရှိသူများကို ချက်ချင်းစစ်ဆေးနိုင်မည် ဖြစ်ပါသည်။ ရောဂါပိုးရှိလျှင်၊ ရောဂါဖြစ်ပွားမှုအတိမ်အနက်ပေါ်တည်၍ လိုအပ်သည့် ဆေးရုံများသို့ ပို့ဆောင်ကာကုသနိုင်ရန် အစီအမံများ ပြုလုပ်ထားပါသည်။

ထို့ပြင် ယခု ကိုဗစ်ရောဂါသည် ကမ္ဘာ့ကပ်ရောဂါဖြစ်သည့် အားလျော်စွာ နိုင်ငံတကာအနေဖြင့်ရော၊ ပြည်တွင်းအနေဖြင့်ရော စီးပွားရေးအရ ထိခိုက်မှုများ ရှိနေသည့်အတွက် ပြည်သူလူထုအကြား ပူပန်နေကြသည်မှာ သဘာဝကျပါသည်။ သို့သော်လည်း ကိုဗစ်အလွန် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအပေါ် ပူပန်လွန်မှုများ များစွာဖြစ်ရန်မလိုကြောင်း၊ အစီအမံများပြုလုပ်နေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှု ကိန်းဂဏန်းများအရ အလွန်အမင်း စီးပွားရေးကျဆင်းသွားခြင်းမရှိကြောင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားလိုက်ပါသည်။

ယနေ့အခြေအနေက ကျန်းမာရေး ပြဿနာ၊ စီးပွားရေး အခက်အခဲ၊ လူမှုရေးအကျပ်အတည်း စသည်တို့ ရှိနေသည်မှာ မှန်သော်လည်း နိုင်ငံသားအားလုံး တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ကြရမည်သာ ဖြစ်ပါ၏။ စိုးရိမ်ပူပန်မှုလွန်ခြင်းက စိတ်ဖိစီးမှုများခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေကာ ကိုယ်ခံစွမ်းအား ကျဆင်းစေနိုင်၏။ ကိုယ်ခံစွမ်းအားကျဆင်းခြင်းက ရောဂါပိုးကူးစက်ရန် ပိုမိုလွယ်ကူစေပါလိမ့်မည်။ ပူပန်သောကများနေခြင်းအစား ပြည်သူတစ်ဦးချင်းစီက တည်တည်ငြိမ်ငြိမ်ဖြင့် မိမိကိုယ်ကိုယ်ကျန်းမာအောင် ဂရုပြုနေထိုင်ကာ ကျန်းမာရေးအခြေခံစည်းမျဉ်းများကို လိုက်နာခြင်းဖြင့် ကိုဗစ်ကပ်ရောဂါဘေးကို အောင်မြင်ကျော်လွှားကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်း။ ။

# ပြည့်သူရဲကောင်းများ

❖ ကပ်ဆိုး ဘေးဆိုး၊ ကြုံတွေ့တိုးချိန်
ဆွေမျိုးကို ပစ်၊ မိဘ ပစ်၍
ချစ်သူကို ပစ်၊ အိုးအိမ် ပစ်၍
စစ်မှန်လေးနက်၊ ခံယူချက်ဖြင့်
ထက်သန်နီစွေး ၊ မျိုးချစ်သွေးဖြင့်
အရေးကြီးပြီ၊ သွေးစည်းညီလျက်
ဦးလည်မသုန်၊ ထမ်းရွက်ကုန်သည်
မုန်တိုင်းကြားက သူရဲကောင်းများ။

❖ အသက်နှင့် နီး၊ ဤခရီးကို
ခါးစည်းရင်ဆိုင်၊ ယှဉ်ပြိုင် အန်တု
သူမမှုတည့်
လူထုအတွက်
လူထု အသက်ကို ကယ်
ဒုက္ခပင်လယ်ကြားက သူရဲကောင်းများ။

❖ ပြည်သူအများ ကျန်းမာရေးတွက်
ပြည်သူအများ လန်းဖြာရေးတွက်
ပင်ပန်း ခက်ခဲ၊ ကျပ်တည်းမျိုးစုံ
ဖန်ဖန် ကြုံ၍ ၊ ခါခါတွေ့လည်း
မလှဲ့ အလံ ၊ မခံ အရှုံး
နှလုံး မပျော့၊ ဖွဲ မလျှော့ဘဲ
ခေါင်းမော့ ရင်မတ် ၊ မြတ်စိတ်ဓာတ်နဲ့
ဖြတ်သန်းရှေ့ဆက်၊ ဝန်ထမ်းရွက်မည်
နက်ဖြန်များစွာ ရှိသည့်တိုင် ။ ။

မျိုးမြတ်မြတ်မြင့်မောင်

(ကိုဗစ်ကပ်ရောဂါ တိုက်ဖျက်ရေးတွင် အားကြိုးမာန်တက် လုပ်ဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံးသို့ လေးစားဂုဏ်ပြုလျက် . .)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၅

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။





အခမ်းအနားတွင် အလှူရှင် ပါမောက္ခ ဒေါက်တာသိန်းမြင့်သူ (သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး(ငြိမ်း))က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အလှူရှင် ပါမောက္ခ ဒေါက်တာ သိန်းမြင့်သူ (သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး (ငြိမ်း)) နှင့်ဇနီး ဒေါက်တာဒေါ်တိုးရှိန် (မျက်စိအထူးကုဆရာဝန်ကြီး(ငြိမ်း)) မိသားစုကအလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါပိုးနှင့် ပတ်သက်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ဧပြီ ၂၄ ရက်မှ စတင်ကာ ယနေ့အထိ လူဦးရေ သုံးသောင်းကျော်ကို ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ စစ်ဆေးပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**

**ဓာတ်ပုံ-ဇော်မင်းလတ်**



# COVID - 19 ကပ်ရောဂါ ဘယ်တော့ပြီးဆုံးမယ်ဆိုတာကို ဘယ်သူမှ အပ်ကျမပ်ကျ မပြောနိုင်တဲ့ အနေအထားမှာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝ ဆက်လက်ရှင်သန်နိုင်ရေးအတွက် COVID - 19 ကပ်ရောဂါကူးစက်မှုကို ထိန်းသိမ်းကာကွယ်နိုင်တဲ့ပုံစံမျိုးနဲ့ လုပ်ငန်းတွေ ပြန်လည်စတင်ရမှာ ဖြစ်ပါတယ်

## ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (၂၀၂၀) အထိမ်းအမှတ် Tourism and Rural Development ဆွေးနွေးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ဂုဏ်ပြုအမှာစကား



တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

၁။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်စက်တင်ဘာလ (၂၇) ရက်နေ့မှာ ကျင်းပလာခဲ့တာ နှစ်ပေါင်း (၄၀) ရှိပြီဖြစ်ပြီးတော့ မနှစ်ကဆိုရင် MICC 2 မှာ ကျင်းပခဲ့တဲ့ အခမ်းအနားကို ကျွန်မကိုယ်တိုင် တက်ရောက်နိုင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ COVID–19 ကပ်ရောဂါ ပျံ့နှံ့မှုအခြေအနေကြောင့် တစ်ကမ္ဘာလုံးမှာ online ပဲ ကျင်းပကြမယ်လို့ သိရှိရပါတယ်။

၂။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးနေတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရဲ့ ၂၀၁၉ ခုနှစ် အချက်အလက်တွေအရ ခရီးသွားလုပ်ငန်းဟာ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုရဲ့ ၇ ရာခိုင်နှုန်းဖြစ်ပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ လူ(၁၀)ဦးမှာ (၁)ယောက်ကို အလုပ်အကိုင်အခွင့်အရေး ဖန်တီးပေးနေသလို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာရှိတဲ့ သန်းပေါင်းများစွာသောလူတွေ အထူးသဖြင့် အမျိုးသမီးတွေနဲ့ လူငယ်တွေ၊ ကျေးလက်ဒေသအတွက် အသက်မွေးဝမ်းကျောင်းတွေ ဖန်တီးပေးနိုင်တဲ့ အဓိကလုပ်ငန်းတစ်ခုဖြစ်တယ်လို့ သိရှိရပါတယ်။

၃။ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ဖြစ်တဲ့ Tourism and Rural Development ဟာ ကျွန်မတို့အစိုးရက စဉ်ဆက်မပြတ် ဆောင်ရွက်နေတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တန်းတူညီမျှမှုရှိရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးစတဲ့ ရည်မှန်းချက်တွေနဲ့ ကိုက်ညီမှုရှိနေသလို မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀) မှာပါတဲ့ ပြည်သူများ၏ လူမှုယဉ်ကျေးမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးမှုများကို အထောက်အကူပြုနိုင်မယ့် ခရီးသွားကဏ္ဍအား ရေရှည်တည်တံ့အောင် တိုးချဲ့ဆောင်ရွက်ခြင်းကို အလေးပေးထားတဲ့ ဘက်စုံပါဝင်တဲ့ ပြုပြင်ပြောင်းလဲမှုများအား အကောင်အထည်ဖော်ရန်နဲ့၊ ယဉ်ကျေးမှုနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခရီးသွားလုပ်ငန်းနဲ့ ၎င်းတို့နဲ့ သက်ဆိုင်တဲ့ တန်ဖိုးမြင့်ဝန်ဆောင်မှုလုပ်ငန်းများကဲ့သို့သော တီထွင်ဖန်တီးပေးမှုများနဲ့ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာလုပ်ငန်းများကို ဖော်ဆောင်၍ ကာကွယ်ပေးရန်ဆိုတဲ့ လုပ်ငန်းစဉ်များနဲ့လည်း ကိုက်ညီနေပါတယ်။

၄။ လက်ရှိအချိန်မှာတော့ COVID–19 ကပ်ရောဂါ ထိန်းသိမ်းကာကွယ်ဖို့ အပန်းဖြေခရီးစဉ်တွေအတွက် ပြည်ဝင်ခွင့် ရပ်ဆိုင်းထားတာ၊ ပုံမှန်ခရီးသည်ပို့ဆောင်ရေးလေယာဉ်ပျံသန်းမှုတွေ ရပ်ဆိုင်းထားတာ၊ ခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိတဲ့ ဒေသတွေ ပိတ်သိမ်းထားတာတွေကြောင့် တစ်ကမ္ဘာလုံးမှာ ခရီးသွားလုပ်ငန်းဟာ လုံးဝရပ်ဆိုင်းသွားသကဲ့သို့ အခြေအနေဖြစ်ပါတယ်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရဲ့ ခန့်မှန်းမှုတွေအရ ဒီဇင်ဘာလဆန်းပိုင်းမှာ ခရီးသွားကန့်သတ်မှုတွေလျှော့ချပြီး ပြည်ဝင်ခွင့် ပြန်ပေးတာတွေကို ဆောင်ရွက်နိုင်ရင်တောင်မှ နိုင်ငံတကာခရီးသွားဟာ ၂၀၁၉ ခုနှစ်ကထက် ၇၈ ရာခိုင်နှုန်း လျော့ကျသွားဖို့ရှိတယ်လို့ သိရပါတယ်။

၅။ ကျွန်မတို့နိုင်ငံအနေနဲ့ ၂၀၂၀ ဧပြီလမှာ ခရီးသွားလာတာတွေနဲ့ လူစုလူဝေးတွေကို ကန့်သတ်ခဲ့တဲ့အတွက် COVID – 19 ပထမလှိုင်း ရိုက်ခတ်တာကို အောင်အောင်မြင်မြင် ထိန်းချုပ်ထားနိုင်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ စက်ရုံ အလုပ်ရုံတွေ၊ အများပြည်သူတွေ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ၊ ဈေးတွေ၊ စားသောက်ဆိုင်တွေ၊ ကျောင်းတွေကို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ physical distancing နဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပေမယ့် ယခုအခါမှာတော့ COVID – 19 ဒုတိယလှိုင်း ရိုက်ခတ်တာကို ထိန်းချုပ်နိုင်ဖို့ မလိုအပ်ဘဲ ခရီးမသွားဖို့ တိုက်တွန်းနေရတဲ့အတွက် ပြည်တွင်းခရီးသွားများနဲ့ လုပ်ငန်းပြန်စဖို့ ပြင်ဆင်နေတဲ့ ခရီးသွားလုပ်ငန်းတွေအပေါ် နောက်တစ်ကြိမ် ပြင်းထန်တဲ့သက်ရောက်မှု ကြုံတွေ့နေရပါတယ်။

၆။ COVID – 19 ရဲ့ စီးပွားရေးသက်ရောက်မှုတွေကို ကုစားဖို့ COVID – 19 Economic Relief Plan CERP ကို နိုင်ငံတော်က ဖော်ဆောင်နေရာမှာ နောက်ဆက်တွဲအဖြစ် Tourism Relief Plan လည်း ပါဝင်ပါတယ်။ CERP အရ လုပ်ခစားအထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းများနဲ့ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ၁ ရာခိုင်နှုန်းအတိုးနဲ့ တစ်နှစ်ချေးငွေကျပ် ဘီလီယံ ၁၀၀ ထုတ်ချေးခြင်း၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းများရဲ့ လိုင်စင်ခွန် တစ်နှစ်ကင်းလွတ်ခွင့်ပေးခြင်း၊ ပေးဆောင်ရမယ့် ဝင်ငွေခွန်တွေ ကုန်သွယ်လုပ်ငန်းခွန်တွေ ရွှေ့ဆိုင်းပေးသွင်းခွင့်ပြုခြင်း၊ လုပ်ငန်းရှင်များမှ နိုင်ငံပိုင်ဟိုတယ်များ ငှားရမ်းခကို အချိန်ကာလကန့်သတ်ပြီး ၅၀ ရာခိုင်နှုန်း လျှော့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ Tourism Relief Plan အရ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းက အလုပ်နားနေရတဲ့ဝန်ထမ်းတွေ၊ ဆက်စပ်လုပ်ငန်းတွေက ဝင်ငွေမရှိတော့တဲ့ အနေ့ယာဉ်လုပ်သားတွေ၊ ပျံကျဈေးသည်တွေ၊ အမှတ်တရလက်ဆောင် အရောင်းဆိုင်လုပ်သားတွေ၊ လက်မှုပညာသည်တွေ ဝင်ငွေရနိုင်ဖို့ Cash for Training အစီအစဉ်နဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်း၊ အဆင့်မြင့်သင်တန်းတွေကို online နဲ့ရော လူ ၅ ဦးထက်မပိုတဲ့ mentoring နဲ့ ရော ပို့ချပြီးလုပ်နေပါတယ်။

၇။ COVID – 19 ကပ်ရောဂါ ဘယ်တော့ပြီးဆုံးမယ်ဆိုတာကို ဘယ်သူမှ အပ်ကျမပ်ကျ မပြောနိုင်တဲ့ အနေအထားမှာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝ ဆက်လက်ရှင်သန်နိုင်ရေးအတွက် COVID – 19 ကပ်ရောဂါ ကူးစက်မှုကို ထိန်းသိမ်းကာကွယ်နိုင်တဲ့ ပုံစံမျိုးနဲ့ လုပ်ငန်းတွေ ပြန်လည်စတင်ရမှာ ဖြစ်ပါတယ်။ ကျွမ်းကျင်သူတွေက နိုင်ငံတကာခရီးသွားတွေဟာ ၂၀၂၃ ကျမှသာ ပြန်လည်ဝင်ရောက်လာနိုင်မယ်လို့ ခန့်မှန်းထားတဲ့အတွက် လက်ရှိအချိန်မှာ ပြည်တွင်းခရီးသွားတွေနဲ့ လုပ်ငန်းစတင်ဖို့ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဒီလို ပြန်လည်စတင်ရာမှာ COVID – 19 ကပ်ရောဂါကူးစက်မှု နောက်တစ်ကြိမ် ခေါင်းထောင်မလာဖို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုတွေကို တိတိကျကျလိုက်နာဖို့ အင်မတန်အရေးကြီးပါတယ်။ ဒီလမ်းညွှန်မှုတွေနဲ့အညီ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းက ဝန်ထမ်းတွေက ဝန်ဆောင်မှုပေးနိုင်ဖို့၊ ခရီးသွားတွေက ဒီလမ်းညွှန်မှုတွေကို လိုက်နာဖို့ ကြိုတင်ပြင်ဆင်မှုတွေ၊ သင်ကြားလေ့ကျင့်မှုတွေ မဖြစ်မနေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

၈။ COVID အလွန်ကာလမှာ ခရီးသွားတွေရဲ့အကြိုက်၊ ရွေးချယ်မှုနဲ့ အမူအကျင့်တွေ ပြောင်းလဲသွားမယ့် သမားရိုးကျ လူများစု သွားလာလေ့ရှိတဲ့ လူထူထပ်တဲ့ ခရီးစဉ်ဒေသတွေထက် သဘာဝပတ်ဝန်းကျင်နဲ့ နီးစပ်တဲ့ ပိုပြီးလွတ်လပ်ပွင့်လင်းတဲ့ ခရီးစဉ်ဒေသသစ်တွေကို ပိုဘေးကင်းလုံခြုံတဲ့ ရွေးချယ်စရာတွေအဖြစ် ယူဆလာကြလိမ့်မယ်လို့ ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူတွေက မှန်းဆပါတယ်။ ကျွန်မတို့ နိုင်ငံအနှံ့အပြားမှာရှိတဲ့ အဲဒီလိုနေရာတွေ ဘေးကင်းလုံခြုံတဲ့ ခရီးစဉ်ဒေသသစ်တွေအဖြစ် ပေါ်ထွက်လာဖို့ နိုင်ငံတော်က ညွှန်ကြားချက်တွေ ထုတ်နေရုံနဲ့ မလုံလောက်ဘဲ ဒေသန္တရ အာဏာပိုင်တွေ လုပ်ငန်းရှင်တွေ ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်တဲ့ လုပ်ငန်းအဖွဲ့တွေ ဖွဲ့စည်းပြီး ထိန်းသိမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ COVID – 19 ထိန်းသိမ်းကာကွယ်ရေးလမ်းညွှန်ချက်တွေကိုလိုက်နာပြီး လုပ်ငန်းလုပ်ဆောင်နေတဲ့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေကို ခရီးသွားတွေ အလွယ်တကူ သိရှိရွေးချယ်နိုင်အောင် COVID – 19 Safe Service တွေအဖြစ် အသိအမှတ်ပြုပေးရပါမယ်။ ဒီလို ကြိုတင်ပြင်ဆင်မှုတွေနဲ့ ပြည်တွင်းခရီးသွားတွေကို ဘေးကင်းလုံခြုံအောင် ဝန်ဆောင်မှုပေးနိုင်မှသာ COVID – 19 အလွန် နိုင်ငံတကာခရီးသွားလုပ်ငန်းတွေ ပြန်ဖွင့်တဲ့အချိန်မှာ သူ့ထက်ငါ ကိုယ့်ဆီ ဧည့်သည်လာအောင် အပြိုင်အဆိုင်ဆွဲဆောင်ကြမယ့် နိုင်ငံတွေနဲ့ ယှဉ်ပြိုင်ဖို့ အသင့်ဖြစ်မှာ ဖြစ်ပါတယ်။

၉။ ဒီနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို online ကပဲ ကျင်းပရပေမယ့် နောက်နှစ်မှာ နိုင်ငံတကာခရီးသွားလုပ်ငန်းတွေ ပြန်လည်စတင်နိုင်ပြီး ဒီနေ့ တက်ရောက်လာသူ အားလုံးဟာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားမှာ ကျန်းကျန်းမာမာ ပြန်လည်ဆုံတွေ့ပါရစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျန်းမာချမ်းသာပါစေ။

> **“ကျွမ်းကျင်သူတွေက နိုင်ငံတကာခရီးသွားတွေဟာ ၂၀၂၃ ကျမှသာ ပြန်လည်ဝင်ရောက်လာနိုင်မယ်လို့ ခန့်မှန်းထားတဲ့အတွက် လက်ရှိအချိန်မှာ ပြည်တွင်းခရီးသွားတွေနဲ့ လုပ်ငန်းစတင်ဖို့ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ဒီလို ပြန်လည်စတင်ရာမှာ COVID - 19 ကပ်ရောဂါကူးစက်မှု နောက်တစ်ကြိမ် ခေါင်းထောင်မလာဖို့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုတွေကို တိတိကျကျလိုက်နာဖို့ အင်မတန်အရေးကြီးပါတယ်”**

❊ ရှေ့ဖုံးမှ

> **❒ ကျွန်မတို့ကနေပြီး Antigen test kit ပေါ့နော်။ မြန်မြန်ဆန်ဆန်နဲ့ ရောဂါပိုး ရှိ၊ မရှိကို စမ်းသပ်နိုင်တဲ့၊ မှန်မှန်ကန်ကန် စမ်းသပ်နိုင်တဲ့ ပစ္စည်းဆေးဝါးတွေကို အခု တောင်ကိုရီးယားနိုင်ငံကနေပြီး နိုင်ငံတော်ကနေ တစ်သိန်းမှာထားပါတယ်။ တောင်ကိုရီးယားနိုင်ငံအစိုးရကလည်း ဒေါ်လာငါးသိန်းဖိုး လှူမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒီဟာတွေဟာ ရက်ပိုင်းအတွင်း နိုင်ငံအတွင်းကို ရောက်ပါမယ်။ ခရိုင်နဲ့ မြို့နယ်ဆေးရုံတွေကို ဖြန့်ပေးပါမယ်။ ခရိုင်နဲ့ မြို့နယ်ဆေးရုံတွေမှာ ဒီရောဂါပိုး ရှိ၊ မရှိကို ထိထိရောက်ရောက် စစ်ဆေးပေးနိုင်မှာပါ**

နောက်တစ်ခုကလည်း သေဆုံးသူတွေ များလာတဲ့အခါကျတော့ စိုးရိမ်ပူပန်မှုတွေ ရှိလာတယ်ဆိုတာလည်း ကျွန်မတို့ နားလည်ပါတယ်။ အခုဆိုရင် ၁၇၂ ယောက် ရှိသွားပါပြီ။ အဲဒီတော့ ဒီလိုရှိတယ်ဆိုတာလည်း ကျွန်မတို့စိုးရိမ်နေရုံနဲ့ ဘာမှတော့ ပိုပြီးတော့ အခြေအနေက ကောင်းလာမှာ မဟုတ်ပါဘူး။ ကျွန်မပြောချင်တာကတော့ တတ်နိုင်သမျှ ရောဂါရှိတာကို စောစောစီးစီးတွေ့နိုင်အောင်လို့ လုပ်လို့ရှိရင် ပိုပြီးတော့ ကုသမှုမှာ ထိရောက်နိုင်ပါတယ်။ အခုကျွန်မတို့ ဘာတွေ့ရလဲဆိုတော့ တချို့တွေက ရောဂါဖြစ်တယ်လို့ထင်ရင် အိမ်မှာ ကိုယ့်ဘာသာကိုကုဖို့ ကြိုးစားကြတဲ့သူတွေရှိတယ်ဆိုတာကို ကျွန်မတို့ တွေ့ရပါတယ်။ အိမ်မှာဆေးမြီးတိုလေးနဲ့ ကုလို့မရတဲ့အခါကျမှ ဆေးရုံကို သွားတာမျိုးတွေရှိပါတယ်။ အဲဒါဆိုရင် သိပ်ပြီးတော့ နောက်ကျသွားပါတယ်။ ထိထိရောက်ရောက် ကုသပေးဖို့ဟာ နောက်ကျသွားပါတယ်။ ဒါကြောင့် အရေးကြီးတာက စောစောစီးစီးကုသမှုခံယူဖို့ပဲ ဖြစ်ပါတယ်။ အဲဒါ ဘာနဲ့ဆက်နွှယ်နေလဲဆိုရင် ကိစ္စနှစ်ခုကို ပြောချင်ပါတယ်။ တစ်ခုကတော့ တော်တော်များများက အထူးကုဆေးရုံတွေကို သွားချင်ပါတယ်။ အထူးကုဆေးရုံတွေကို သွားတဲ့အခါကျတော့ အထူးကုဆေးရုံတွေမှာ လူနာတွေများပြီး ဆေးရုံကနေပြီးတော့ အားလုံးကို လုံလုံလောက်လောက် စစ်ဆေးရေးလုပ်ဖို့ဟာ ခက်လာပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ ပြည်သူတွေကို ခရိုင်၊ မြို့နယ်ဆေးရုံတွေကိုသွားဖို့ ဆော်ဩချင်ပါတယ်။ ဒီလိုဆော်ဩတာလည်းအကြောင်းမဲ့ မဟုတ်ပါဘူး။ အခုဆိုရင် ကျွန်မတို့ကနေပြီး Antigen test kit ပေါ့နော်။ မြန်မြန်ဆန်ဆန်နဲ့ ရောဂါပိုး ရှိ၊ မရှိကို စမ်းသပ်နိုင်တဲ့၊ မှန်မှန်ကန်ကန်စမ်းသပ်နိုင်တဲ့ ပစ္စည်းဆေးဝါးတွေကို အခု တောင်ကိုရီးယားနိုင်ငံကနေပြီး နိုင်ငံတော်ကနေ တစ်သိန်းမှာထားပါတယ်။ တောင်ကိုရီးယားနိုင်ငံအစိုးရကလည်း ဒေါ်လာငါးသိန်းဖိုး လှူမှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဒီဟာတွေဟာ ရက်ပိုင်းအတွင်း နိုင်ငံအတွင်းကို ရောက်ပါမယ်။ ခရိုင်နဲ့ မြို့နယ်ဆေးရုံတွေကို ဖြန့်ပေးပါမယ်။ ခရိုင်နဲ့ မြို့နယ်ဆေးရုံတွေမှာ ဒီရောဂါပိုး ရှိ၊ မရှိကို ထိထိရောက်ရောက်စစ်ဆေးပေးနိုင်မှာပါ။ အဲဒီတော့ ဒီခရိုင်နဲ့ မြို့နယ်ဆေးရုံတွေမှာ ကျွန်မတို့ရဲ့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနဲ့ မြန်မာနိုင်ငံအထွေထွေရောဂါကုဆရာဝန်များအဖွဲ့ကနေပြီး ဝိုင်းဝန်းပြီးတော့ တတ်အားသမျှ ကူညီဖို့လည်း ကျွန်မမေတ္တာရပ်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေကို သေသေချာချာ စစ်ဆေးနိုင်ဖို့အတွက် ခရိုင်နဲ့မြို့နယ်ဆေးရုံတွေကို သွားစေချင်တယ်။ အဲဒီမှာလည်း လုံလောက်တဲ့ လူအားလည်း လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပုဂ္ဂလိကပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်များကနေပြီးတော့ ဝိုင်းဝန်းပြီးတော့ ကူညီပေးစေချင်ပါတယ်။ ဒီလိုစစ်ဆေးတဲ့အခါမှာ ပိုးတွေ့တယ်ဆိုရင်လည်း တန်းပြီးတော့ ကျွန်မတို့ကနေပြီး ကုသရမယ့်ဆေးရုံတွေကို ပို့ပေးလို့ရပါမယ်။ စောစောစီးစီးပို့ပေးနိုင်မှ ဒီရောဂါအခြေအနေ မဆိုးရွားသွားအောင် ပိုပြီးတော့ ထိထိရောက်ရောက် ကျွန်မတို့ကနေပြီး ကုသပေးနိုင်မှာပါ။ ရောဂါနည်းနည်းလွန်သွားမှ သွားတယ်ဆိုလို့ရှိရင် ထိန်းချုပ်ဖို့၊ ကုသဖို့ဆိုတာ ပိုပြီးတော့ ခက်ခဲသွားပါတယ်။ နောက်တစ်ခုကလည်း ကျွန်မတို့ ဒီလိုစောစောက ကျွန်မပြောတာပေါ့နော်။ အိမ်မှာ ကိုယ့်ဘာသာကို ကုသနေတယ်။ ဆေးမြီးတိုလေးတွေနဲ့ ကုသနေတယ်။ အဲဒီလိုကုသဖို့ ကြိုးစားတယ်ဆိုတာ ဘာနဲ့ဆက်စပ်နေလဲဆိုတော့ အခုဆိုရင် အွန်လိုင်းမှာရောပေါ့နော်။ သတင်းတွေက ပြန့်နေကြတယ်။ တချို့ကျတော့လည်း စေတနာမှန်မှန်နဲ့ တင်တာပါ။ တချို့ကျတော့လည်း လူများဆီကကြားတာကို တစ်ဆင့်ပေါ့နော်။ နည်းနည်းလေးတော့ တာဝန်မဲ့တာပေါ့။ တာဝန်မဲ့တယ်ပဲ ပြောရမှာပေါ့။ တစ်ဆင့်စကားတစ်ဆင့်နားဆိုပြီးတော့ ထပ်ပြီးတော့ ဖြန့်ပေးတာပေါ့။

အဲဒါ အခြေအမြစ်မရှိတဲ့ ကုသနည်းတွေကို ဖြန့်ပေးနေတာတွေရှိတယ်လို့ ကျွန်မနားလည်ပါတယ်။ အဲဒီဟာတွေကို နားထောင်ပြီးတော့၊ ယုံကြည်ပြီးတော့ အဲဒီလိုလုပ်လို့၊ ကုသလို့ရမယ်ဆိုလို့ရှိရင် မှားပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုထိ ကိုဗစ်ရောဂါမဖြစ်အောင် ဘယ်လိုကာကွယ်နိုင်လဲဆိုတာ ဘယ်သူမှ သတ်သတ်မှတ်မှတ် မသိသေးပါဘူး။ ကာကွယ်ဆေးတွေ ထုတ်လုပ်ဖို့ ကြိုးစားနေတဲ့နိုင်ငံတွေရှိပါတယ်။ ကာကွယ်ဆေးတွေ ထုတ်လုပ်လို့ ရခါနီးပြီလို့ ကျွန်မနားလည်ပါတယ်။ တချို့နိုင်ငံ ၂ နိုင်ငံ၊ ၃ နိုင်ငံလောက်မှာ၊ ဒါပေမယ့် တကယ်ရတယ်၊ တကယ်သေချာတယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေပြီးတော့ ဒီဟာ မှန်ကန်တယ်လို့ သတ်မှတ်လိုက်လို့ရှိရင် ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေအတွက် စောစောရနိုင်ဖို့အတွက် ကျွန်မတို့ အခုကတည်းကစပြီး စီစဉ်နေပါတယ်။ ဒါပေမယ့် ကာကွယ်ဆေးဆိုတာ မရှိသေးပါဘူးဆိုတာကို ကျွန်မတို့ ပြည်သူတွေ သေသေချာချာ နားလည်စေချင်ပါတယ်။ အဲဒါကြောင့် ဘယ်လိုပဲ၊ ဘယ်သူကပဲ၊ ဘာပဲပြောပြော ဒီဟာလေးနဲ့ လုပ်လိုက်လို့ရှိရင်၊ ဒီဟာလေး စားလိုက်လို့ရှိရင်၊ ဒီဟာလေးသောက်လိုက်လို့ရှိရင်၊ ဒီလိုနေလို့ရှိရင် လုံးဝ ကိုဗစ်ရောဂါ မကူးစက်နိုင်ပါဘူးဆိုတာ မဟုတ်ပါဘူး။ လုံးဝမကူးစက်နိုင်ဘူးဆိုရင် ကျွန်မပြောတဲ့အတိုင်းပဲ ဘယ်သူ့အနားကိုမှ မကပ်ဖို့၊ နှာခေါင်းစည်းကို အမြဲပဲ လူအနီးနားမှာရှိတယ်ဆိုလို့ရှိရင်၊ ခြောက်ပေအကွာမှာ ရှိတယ်ဆိုရင်တောင်မှ ပိုပြီးတော့ သေချာအောင် နှာခေါင်းစည်းတပ်ထားဖို့၊ လက်ကို မှန်မှန်ဆေးဖို့ ဒီလိုနည်းတွေနဲ့ပဲ ကာကွယ်နိုင်တာပါ။ ကိုယ့်ကိုယ်ကိုယ် ဒီလိုနည်းတွေကပဲ ကာကွယ်နိုင်မှာပါ။ နောက်ပြီးတော့ ကုသတဲ့ဆေးဆိုတာလည်း မပေါ်သေးပါဘူးဆိုတာ ကျွန်မပြောချင်ပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ရောဂါရနေပြီလို့ ထင်စရာအကြောင်းရှိလို့ရှိရင် ဆေးမြီးတိုတွေနဲ့ ကုဖို့ မကြိုးစားပါနဲ့။ ကြားတာနဲ့ ဟိုဟာလေးစားလိုက်ရင် ပျောက်တယ်၊ ဒီဟာလေးသောက်လိုက်ရင် ပျောက်မယ်ဆိုတာကိုလည်း မယုံပါနဲ့။ ကျွန်မတို့ ဆေးရုံမှာသွားပြီး အစမ်းသပ်ခံပါ။ မြို့နယ်နဲ့ခရိုင်ဆေးရုံတွေကို အားကိုးပါလို့ ကျွန်မအနေနဲ့ နှိုးဆော်ချင်ပါတယ်။ နောက်တစ်ခုကလည်း ပြည်သူတွေက အခုစိုးရိမ်နေတဲ့ အခြေအနေမှာ ကျွန်မတို့က တတ်နိုင်သမျှ အဘက်ဘက်ကနေပြီး စိုးရိမ်မှုကျဆင်းအောင် လုပ်ပေးချင်ပါတယ်။ စိုးရိမ်မှုကျဆင်းအောင် လုပ်ပေးချင်တယ်ဆိုတာက ကျွန်မတို့ပြည်သူတွေ တည်တည်ငြိမ်ငြိမ်နဲ့ ဒီစိန်ခေါ်မှုကို ရင်ဆိုင်ဖို့လိုပါတယ်။ နောက်ပြီးတော့လည်း ရောဂါရသွားပြီဆိုတဲ့ ကျွန်မတို့ရဲ့ပြည်သူတွေဟာ စိတ်တည်ငြိမ်မှုရှိမှ ပိုပြီးတော့ သက်သာဖို့ရာ အလားအလာကောင်းပါတယ်။ ဒါအားလုံး သိပြီးသားပဲ။ ဘယ်လိုရောဂါပဲ ဖြစ်ဖြစ် စိတ်တည်ငြိမ်မှုရှိလို့ရှိရင် ပိုပြီးတော့ ကျော်လွှားရတာ လွယ်ပါတယ်။ သိပ်စိတ်လှုပ်ရှားနေတယ်၊ စိတ်ပူပင်သောကတွေ များနေတယ်ဆိုရင် ရောဂါ သက်သာမယ့်အစား ပိုပြီးတော့ ဆိုးရွားလာပါမယ်။ အဲဒါကြောင့် ကျွန်မတို့က နေပြီးတော့ နည်းအမျိုးမျိုး စဉ်းစားတာပေါ့။ ပြည်သူတွေစိတ်သက်သာအောင်လို့ ပြည်သူတွေအခုအချိန်မှာ စိုးရိမ်ကြောင့်ကြမှုတွေကို ကျဆင်းနိုင်သလောက် ကျနိုင်အောင် ဘယ်လိုနည်းတွေနဲ့ လုပ်နိုင်မလဲဆိုတော့၊ အခုဆိုရင် ကျွန်မတို့ကို ကူညီနေတဲ့၊ အကြံပြုပေးနေတဲ့ သမားတော်ကြီးတွေလည်း ရှိပါတယ်။ အဲဒီသမားတော်ကြီးတွေနဲ့ ကျွန်မတို့ရဲ့ ကျန်းမာရေးဝန်ကြီးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ နောက်အပတ်ကနေစပြီးတော့ တစ်ပတ်ကိုသုံးခါ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တွေမှာ ကိုဗစ်အကြောင်း သိကောင်းစရာဆိုပြီးတော့ အမေးအဖြေကဏ္ဍလေးတစ်ခု ပြုလုပ်ပါမယ်။ အဲဒီမှာဆိုရင် ကိုယ်သိချင်တာတွေ မေးလို့ရပါတယ်။ သိချင်တဲ့မေးခွန်းတွေကို ကိုယ်မေးချင်တဲ့မေးခွန်းတွေကို ကျန်းမာရေးဝန်ကြီးဌာန Facebook ကိုပို့ပါ။ ပို့ပြီးတော့ အဲဒီကနေ စိစစ်ပြီးတော့ တချို့မေးခွန်းများ ထပ်နေမှာပါ။ ကိစ္စတစ်ခုတည်းကို လူ ၁၀ ယောက်က သိချင်တယ်ဆိုရင် အဖြေတစ်ခုတည်းနဲ့ ပြီးတာပေါ့။ စိစစ်ပြီးတော့ ဒီအဖွဲ့ကနေ ဖြေပေးပါ့မယ်။ ဒီလိုဖြေပေးတဲ့အခါမှာ တိတိကျကျပေါ့နော်။ ကိုယ်က ဒီအခြေအနေကို သိရအောင်လို့၊ ဥပမာအားဖြင့်ဆိုရင် ဒါစားလိုက်လို့ရှိရင် သက်သာတယ်ဆိုတာ ဟုတ်ပါသလားစသဖြင့် အဖြေရပါလိမ့်မယ်။ ဒီလို ဒီလိုလုပ်လို့မရပါဘူး။ နောက်ပြီးတော့လည်း ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ တကယ်တော့လည်း စည်းမျဉ်းစည်းကမ်းတွေက ထုတ်ပြန်ထားပြီးသားပါ။ သို့သော်လည်း ပိုပြီးတော့လေးနက်အောင်လို့ ပြောပြစေချင်တယ်ဆိုလို့ရှိရင် ဒီသမားတော်ကြီးများဟာ ပြောပြပါမယ်။ အဲဒီတော့ ဒီအစီအစဉ်က ပြည်သူများ မှန်မှန်ကန်ကန် ကိုယ့်ရဲ့ရောဂါရှိနေပြီဆိုရင် ရောဂါကို ရင်ဆိုင်နိုင်ဖို့အတွက် မရှိသေးဘူးဆိုရင် ရောဂါကို မဖြစ်အောင်ကာကွယ်နိုင်ဖို့အတွက် ဒီလိုအစီအစဉ်ကို ကျွန်မတို့ လုပ်ပေးထားတာဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကျွန်မတို့ ဒီရောဂါကို စမ်းသပ်ဖို့ရာ Fever clinic တွေပေါ့နော်။ အဖျားရှိတဲ့လူတွေကိုပဲ စမ်းသပ်ဖို့ အဲဒီဟာတွေကိုလည်း ကျွန်မတို့ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်အောင်လို့ စီစဉ်နေပါတယ်။ ခရိုင်ဆေးရုံတွေ၊ မြို့နယ်ဆေးရုံတွေအပြင်ပေါ့နော်။ Fever clinic တွေဟာ ဘယ်လောက်များများ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် လုပ်နိုင်မလဲဆိုတာ ကျွန်မတို့ရဲ့လုပ်အားတွေအပေါ် အခြေအနေကြည့်ပြီးတော့ စီစဉ်နေတာဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူတွေဟာ စိတ်ငြိမ်ငြိမ်ထားပါ။ အရင်တုန်းက သတိမထားခဲ့လို့ သတိသိပ်ပြီးတော့ ရှိသင့်သလောက်မရှိခဲ့လို့ ရောဂါပြန့်ပွားမှုဖြစ်တယ်ဆိုပြီးတော့ ကုက္ကုစ္စမပွားပါနဲ့။ မပွားဘဲနဲ့ ပိုပြီးတော့ သတိရှိဖို့လိုတယ်ဆိုတာကို နှလုံးသွင်းစေချင်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေ၊ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက်လည်း သိပ်ပြီးတော့ မစိုးရိမ်ပါနဲ့။ ဥပမာဆိုလို့ရှိရင် အခုဟာ သေဆုံးမှုနှုန်းက နည်းနည်းတော့ မြင့်တက်လာပါတယ်။

အရင်တုန်းက ၁ ဒသမ ၄ ကနေပြီးတော့ အခု ၁ ဒသမ ၆ အထိ မြင့်တက်လာပါတယ်။ သိပ်အများကြီး မြင့်တက်လာတာတော့ မဟုတ်ပါဘူး။ နောက်ပြီးတော့ စမ်းသပ်တဲ့သူတွေ များပြီးတော့၊ ရောဂါကူးတဲ့သူတွေ များတဲ့အခါကျတော့ အဲဒီလောက်မြင့်တက်လာပြီဆိုတာလည်း သိပ်ပြီးတော့ အံ့ဩစရာမဟုတ်ပါဘူး။ သို့သော်ငြားလည်း စိုးရိမ်သင့်သလောက်တော့ စိုးရိမ်ပါ။ သတိတော့ရှိပါ။ စိုးရိမ်မလွန်ပါနဲ့။ စိုးရိမ်လွန်ခြင်းအားဖြင့် ကျွန်မတို့ ပြည်သူတွေရဲ့ ကိုယ်ခံစွမ်းအားကျပါတယ်။ Stress များပြီးတော့၊ စိုးရိမ်လွန်ပြီးတော့ စိတ်ဖိစီးမှုတွေများရင် ကိုယ်ခံစွမ်းအားကျတတ်ပါတယ်။ အဲဒီလို များလာတဲ့အခါ၊ ကျလာတဲ့အခါကျတော့ ကျွန်မတို့ ရောဂါကို ကာကွယ်နိုင်စွမ်း၊ ကိုယ့်ရဲ့ရောဂါကို ကိုယ်ကာကွယ်နိုင်စွမ်းကလည်း ကျပါတယ်။ ဒါကြောင့် ကျွန်မတို့က မလိုအပ်ဘဲနဲ့ ပြည်သူတွေကို စိတ်ပူပင်သောကတွေ မဖြစ်စေချင်တာ ဖြစ်ပါတယ်။

နောက်တစ်ခုကလည်း ကျွန်မတို့ တချို့ပြည်သူတွေက အနာဂတ်အတွက် ပူပန်ကြတယ်ပေါ့နော်။ စီးပွားရေးအရ၊ အလုပ်အကိုင်အရ၊ ဒီကာလကြီးပြီးရင် ဘယ်လိုလုပ်ရပါ့မလဲဆိုတာ အဲဒါတွေကိုလည်း ကျွန်မအရင်လည်း ပြောဖူးပါတယ်။ ကျွန်မတို့ နိုင်ငံတော်က ဒီဟာတွေကို ထည့်သွင်းပြီးတော့ စဉ်းစားထားပါတယ်။

ကျွန်မတို့ ကိန်းဂဏန်းတွေ ကြည့်လိုက်တယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဟာ ကျွန်မတို့ အခုက (၉) လပိုင်းပဲ ရှိသေးပေမယ့် အရင်နှစ်ကထက် ပိုနေပါပြီ။ အဲဒီတော့ ပြောချင်တာက ကိုဗစ်ရောဂါနဲ့ ရုန်းကန်နေရတဲ့ အခြေအနေမှာ တောင်မှ ကျွန်မတို့ စီးပွားရေး သိပ်ပြီးတော့ မကျဆင်းအောင်လို့ ကျွန်မတို့ အတတ်နိုင်ဆုံး ထိန်းထားပါတယ်။ ထိန်းလို့လည်း အတိုင်းအတာတစ်ခုထိ အောင်မြင်နေတယ်ဆိုတာလည်း ပြောချင်ပါတယ်။ စီးပွားကူးသန်းနဲ့ ပတ်သက်လို့ရှိရင်၊ ကူးသန်းရောင်းဝယ်ရေးနဲ့ ပတ်သက်လို့ဆိုရင် အခု (၉)လပိုင်း ရောက်တဲ့အချိန်မှာ အရင်နှစ်(၁)နှစ်တုန်းကလောက်ကိုတော့ မမီသေးပါဘူး။ သို့သော်ငြားလည်း မီလုနီးပါးရှိနေပါပြီ။ ကျွန်မတို့မှာ နောက်လည်း (၃)လ ရှိသေးပါတယ်ဆိုတာ ကျွန်မပြောချင်ပါတယ်။ ဒါကတော့ ကိန်းဂဏန်း(၂)ခုကိုပဲ ပြောတာပေါ့နော်။ ကျွန်မတို့ စီးပွားရေးနဲ့ အသက်ဆိုင်ဆုံးဖြစ်တဲ့ ကိန်းဂဏန်း(၂)ခုကို ပြောတာပါ။ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်အတွက် ပြည်သူတွေ သိပ်ပြီးတော့ မစိုးရိမ်ရအောင်လို့ တတ်နိုင်သမျှတော့ ကျွန်မတို့အားလုံး ကြိုးစားတယ်။ ပြည်သူတွေလည်း ဝိုင်းပြီးတော့ ကြိုးစားရမယ်။ ပေါ့လို့လည်း မရဘူး။ ဘာမှမဖြစ်ပါဘူးဆိုပြီးတော့ နေလို့လည်းမဖြစ်ပါဘူး။ အဲဒီလို ပေါ့လို့လည်း ကျွန်မတို့အခုထိ ရောဂါပြန့်ပွားလာတာပါ။ နောက်ဆိုရင် ပိုပြီးတော့ လေးလေးနက်နက် သတိထားမယ်ဆိုတဲ့ သန္နိဋ္ဌာန်တွေနဲ့ပဲ ဆက်ပြီးတော့ လုပ်စေချင်ပါတယ်။

နောက် အဆိုတစ်ခုရှိပါတယ်။ ကိုယ့်ကို ဂရုစိုက်တဲ့သူများကြောင့် သန့်ရှင်းရမည်တဲ့၊ အဓိပ္ပာယ်က ကိုယ့်ကို ဂရုစိုက်တဲ့သူတွေကြောင့် ကိုယ်ရဲ့ စိတ်ဓာတ်ကို ဖြူစင်သန့်ရှင်းအောင်ထားရမယ်ဆိုတာပါ။ အခုအချိန်မှာကျတော့ ကိုယ့်ကို ဂရုစိုက်တဲ့သူတွေအတွက် ကျန်းမာအောင်နေရမယ်ဆိုတဲ့စိတ်ကို မွေးစေချင်ပါတယ်။ ပြောရင်းနဲ့တစ်ဆက်တည်းကြုံလို့ ကျွန်မရဲ့ ကျန်းမာရေးအတွက် ပူပင်ပေးတဲ့ပြည်သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မကို ကျန်းမာစေချင်ရင် ကိုယ်ကိုယ်တိုင် ကျန်းမာအောင်နေပါ။ ပြည်သူတွေ ကျန်းမာတယ်ဆိုရင် ကျွန်မစိတ်အားတွေဖြစ်ပြီးတော့ ကျွန်မ ကျန်းမာရေးလည်း ပိုပြီးတော့ ကောင်းပါတယ်။

ကျွန်မတို့အားလုံးဟာ တစ်ဦးနဲ့တစ်ဦး အားပေးပြီးတော့၊ တစ်ဦးနဲ့တစ်ဦး လက်တွဲ ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင် ဒီစိန်ခေါ်မှုကို မြန်မြန်ဆန်ဆန် ကျော်လွှားနိုင်မှာပါ။ ကျော်လွှားနိုင်မယ်ဆိုတာတော့ ကျွန်မ ယုံကြည်ထားပြီးသားပဲ။ ဒါပေမယ့် ကျော်လွှားမှုက နှေးလေလေ ခံရတာ များလေလေပေါ့။ အဲဒီတော့ မြန်မြန်ဆန်ဆန် ကျော်လွှားနိုင်ရင် မြန်မြန်ဆန်ဆန် ကျွန်မတို့ ပြည်သူတွေရဲ့ တွေ့ကြုံနေရတဲ့ အခက်အခဲတွေဟာ လျော့နည်းသွားမှာ ဖြစ်ပါတယ်။ အားလုံးပူးပေါင်းပြီးတော့ ဆောင်ရွက်ပါ။ မလိုအပ်ဘဲနဲ့ စိုးရိမ်ပူပန်မှုတွေမရှိပါနဲ့။ သတိဆိုတာကတော့ လွန်ကဲတယ်လို့ မရှိနိုင်ပါဘူး ဆိုတာကိုတော့ ဆက်လက်ပြီးတော့ နှလုံးသွင်းပါ။

ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေအားလုံး ကျန်းမာ၊ ချမ်းသာအောင် နေနိုင်ကြပါစေ။ ကျေးဇူးတင်ပါတယ်။

## COVID-19 ရောဂါနှင့်ပတ်သက်သည့် လိုအပ်ချက်များတွင် သုံးစွဲနိုင်ရန် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ လွှဲပြောင်းထည့်သွင်းသုံးစွဲသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်

၁။ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေ ပြည့်စုံလုံလောက်မှုရှိစေရန် ရည်ရွယ်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေ (General Reserve Fund - GRF)မှ ငွေပမာဏ ကျပ် (၁,၀၄၇.၆၃၉) ဘီလီယံကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ထူထောင်ထားရှိသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ လွှဲပြောင်းထည့်သွင်းပြီး သုံးစွဲသွားမည်ဖြစ်ပါသည်။

၂။ ယင်းရန်ပုံငွေကို Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် COVID-19 ရောဂါနှင့် ပတ်သက်သည့် လိုအပ်ချက်များတွင် သုံးစွဲသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၈-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၉-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID- 19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၁၀-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉)နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကျင်းပ





**နေပြည်တော် စက်တင်ဘာ ၂၅**

မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ (၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အရောင်းစင်တာ ၁၄၃ ခုနှင့် အရောင်းပြခန်း ၆၂ ခု တို့ကို ဖွင့်လှစ်ခွင့်ပြုပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်ခုနှစ် (Model Year) သတ်မှတ်ချက်ကို ကော်မတီဝင်များ၏ သဘောထားမှတ်ချက်များရယူပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ပြည်ပမော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်ခုနှစ် သတ်မှတ်ချက်မှာ တစ်ဦးချင်းအစီအစဉ်ဖြင့် တင်သွင်းခြင်းဖြစ်စေ၊ ယာဉ်အိုယာဉ်ဟောင်း အစီအစဉ်ဖြင့် တင်သွင်းခြင်းဖြစ်စေ၊ လှူဒါန်းခြင်းဖြစ်စေ လူစီးယာဉ် တင်သွင်းခြင်းတွင် သုံးနှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်၊ လုပ်ငန်းသုံးယာဉ် တင်သွင်းခြင်းတွင် ငါးနှစ်အတွင်း ထုတ်လုပ်သည့် မော်တော်ယာဉ်များကို တင်သွင်းရန် သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် အရေးပေါ်ကာလအတွင်း ကုန်သွယ်မှု လုပ်ငန်းများအရှိန်မပျက် ဆောင်ရွက်နိုင်စေရန်အတွက် မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားမှုများကို Fully Online စနစ်ဖြင့် အောက်တိုဘာ ၁ ရက်မှ စတင်၍ ခွင့်ပြုပေးနိုင်ရေး စီစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် အရောင်းပြခန်းများ၏ မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားမှုများကို Fully Online System ဖြင့် စတင်စမ်းသပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ် တင်သွင်းခွင့်လိုင်စင်ကို Online စနစ်ဖြင့် စမ်းသပ်ဆောင်ရွက်စဉ်ကာလအတွင်း ဝယ်ယူခွင့်ပါမစ်များကို Manual စနစ်ဖြင့် ခွင့်ပြုထားပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အရောင်းစင်တာများမှ မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားမှုများ၊ ဝယ်ယူခွင့်ပါမစ်များကို Fully Online စနစ်ဖြင့် လိုင်စင်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်ဌာနများ၏ လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်များနှင့်အညီ တွေ့ကြုံနေရသည့် အခက်အခဲများကိုလည်း အဆင်ပြေစွာဆောင်ရွက်ပေးခြင်းဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်သည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းအကြံပြုဆွေးနွေးပေးရန်စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

● *ရှေ့ဖုံးမှ*

ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည် -

(က) မွန်ပြည်နယ်
- (၁) မော်လမြိုင်မြို့နယ်၊
- (၂) ဘီးလင်းမြို့နယ်။

(ခ) မန္တလေးတိုင်းဒေသကြီး
- (၁) မဟာအောင်မြေမြို့နယ်၊
- (၂) ချမ်းအေးသာစံမြို့နယ်၊
- (၃) အမရပူရမြို့နယ်။

(ဂ) ပဲခူးတိုင်းဒေသကြီး
- (၁) ကဝမြို့နယ်၊
- (၂) ပဲခူးမြို့နယ်၊
- (၃) သနပ်ပင်မြို့နယ်။

(ဃ) ဧရာဝတီတိုင်းဒေသကြီး
- (၁) ပုသိမ်မြို့နယ်၊
- (၂) ဖျာပုံမြို့နယ်၊
- (၃) မအူပင်မြို့နယ်။

၃။ အဆိုပါမြို့နယ် ၁၁ မြို့နယ်ရှိ နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် -

(၁) **အစိုးရဌာနများအနေဖြင့်** Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ၁၄-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၂၃၅၄/၂၆၄/COVID-19/ကော်မတီ(၂၀၂၀) ဖြင့် နိုင်ငံ့ဝန်ထမ်းများအား (၂)ပတ်ရုံးတက် (၂)ပတ်အိမ်မှနေ၍ ရုံးလုပ်ငန်းဆောင်ရွက်စေရေး အကြောင်းကြားချက်အတိုင်း ဆောင်ရွက်ရန်၊

(၂) **ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့်** ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများမပါ၊

(၃) နိုင်ငံတကာမှ ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း(Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port)မှ ဝန်ထမ်းများမပါ၊

(၄) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများ ခွင့်မပြု)၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများ လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်သည်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး ၂၈-၉-၂၀၂၀ ရက်၊ နံနက် ၈ နာရီမတိုင်မီ နောက်ဆက်တွဲအမိန့်စာဖြင့် ထုတ်ပြန်ပေးရန်နှင့် အဆိုပါအမိန့်မထုတ်ပြန်မီ ၂၆-၉-၂၀၂၀ ရက်နှင့် ၂၇-၉-၂၀၂၀ ရက်တို့အား လုပ်ငန်းများ ရပ်နားထားရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/ နှာခေါင်းစည်း (mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င) နှင့် (ဇ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ် ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၆-၉-၂၀၂၀ ရက်၊ နံနက် ၈ နာရီအချိန်မှ စတင်သက်ရောက်သည်။

**(ဒေါက်တာမြင့်ထွေး)**
**ပြည်ထောင်စုဝန်ကြီး**

# ခရီးသွားခြင်း၊ ဖွံ့ဖြိုးရင်းမြစ်၊ ကျေးလက်နယ်ရှာ၊ ပြည့်စုံသာ၏

မောင်နေ (အရာထမ်း)




**ခရီးသွားခြင်းသမိုင်း**

သမိုင်းမတင်မီ နှစ်ပေါင်းများစွာကတည်းက လူတို့သည် ခရီးလှည့်လည်သွားလာခဲ့ကြသည်။ ရေကြည်ရာ မြက်နုရာ ခရီးလမ်းတစ်လျှောက်လှည့်လည်နေထိုင်ခဲ့ကြသည့် Nomadism ခေါ် ရေးဟောင်းလူမျိုးစုများမှ စတင်၍ ခရီးသွားလာခဲ့ကြပြီး ကုန်သွယ်မှုများလည်း စတင်ခဲ့ကြသည်။ ယင်းနောက်တွင် ကိုလိုနီအပြိုင်အဆိုင် ရှာဖွေမှုခေတ်ပေါ်ပေါက်ခဲ့ပြီး အရှေ့ကမ္ဘာခြမ်းမှ အနောက်ကမ္ဘာခြမ်း ဥရောပမှ အာရှတိုင်းပြည် အသီးသီး၊ လူမျိုးနွယ်အသီးသီး၏ ဂီတအနုပညာမှသည် ယဉ်ကျေးမှုချင်း ဖလှယ်သည်အထိ ဆင့်ကဲပြောင်းလဲလာခဲ့သည်။ ပိုးလမ်းမကြီးနှင့် ကုန်သွယ်ရေကြောင်း ခရီးစဉ်များမှာ ထင်ရှားသော သာဓကများ ဖြစ်ခဲ့ပါသည်။

စီးပွားရေးကုန်သွယ်မှုအတွက် ခရီးသွားခြင်းနှင့်အတူ၊ မိသားစုနှင့် အသိုင်းအဝိုင်းများလိုက်ပါလည်ပတ်ခဲ့ကြသဖြင့် ပို့ဆောင်ရေးနှင့်တည်းခိုနေထိုင်ရေး စီမံဆောင်ရွက်သူများက ဈေးကွက်အသစ်များ ရှာဖွေဖော်ထုတ်လာကြသည်မှစတင်၍ ခရီးသွားလုပ်ငန်းများ တဖြည်းဖြည်းဖြစ်ထွန်းလာခဲ့သည်။

**ခရီးသွားခြင်းနှင့် ယဉ်ကျေးမှုပုံစံများ**

ထိုစဉ်က ခရီးသွားခြင်းအပေါ် သက်ရောက် လွှမ်းမိုးခဲ့သောအချက်များအနက် ယဉ်ကျေးမှုပုံစံများ ပြောင်းလဲခြင်းလည်း အပါအဝင်ဖြစ်ခဲ့ပါသည်။ ယဉ်ကျေးမှုသမိုင်းပညာရှင် Jacques Barzun ရေးသားခဲ့သော ယဉ်ကျေးမှုပြောင်းလဲခြင်းပုံစံများအနက် Emancipation ချုပ်ချယ်မှုများမှ လွတ်မြောက်လိုခြင်းသည်လည်း ခရီးသွား ဖွံ့ဖြိုးခြင်းအကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ခန့်က ကိုးကွယ်ရာဘာသာ အယူဝါဒတစ်ခု၏ မူဘောင်များ၊ သက်ဦးဆံပိုင်စနစ်နှင့် ဘုရင်များ၊ အုပ်ချုပ်သူများ၏ ကန့်သတ်ချုပ်ချယ်မှုများအောက်တွင် နေထိုင်ခဲ့ကြပြီး နောင်တွင် အဆိုပါချုပ်ချယ်ကန့်သတ်မှုများမှ လွတ်မြောက်လိုသည့် အတွေးအခေါ်ဆင့်ကဲပြောင်းလဲလာကာ ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပေသည်။ အဆိုပါချုပ်ချယ်ကန့်သတ်မှု အာဏာကိုလျှော့ချ၍ သာမန်လူထုလူတန်းစားများသို့ အာဏာခွဲဝေလာခြင်းဖြစ်ပေါ်ခဲ့ပြီးနောက် ၁၉ ရာစုတွင် ယင်း Emancipation အယူအဆသည် အလုပ်ခွင်သို့တိုင်အောင် ရောက်ရှိလာခဲ့သည်။ အလုပ်ကို ကြိုးစားရုန်းကန်ဆောင်ရွက်ရခြင်းကြောင့် အပန်းဖြေအနားယူရန် အချိန်အနည်းငယ်သာရှိသော အခြေအနေမှသည် အနားယူချိန်တိုးမြှင့်ရေး အပန်းဖြေရေးနှင့် ဖျော်ဖြေမှုများ ရရှိရေးသို့ ဦးတည်လာခဲ့သည်။ ထိုမှတစ်ဆင့် ခေတ်မီလူ့အသိုင်းအဝိုင်း၊ အလုပ်ခွင်မသာယာမှုများ၊ အလုပ်တာဝန်များ၊ ဖိအားပေးသူများ၊ အုပ်ချုပ်သူများ၊ ကြီးကြပ်သူများ လုပ်ဖော်ကိုင်ဖက်များထံမှ ခေတ္တခဏမျှ လွတ်မြောက်လိုသောသဘောကို အခြေခံ၍ ခရီးသွားလာခဲ့ကြသည်။

ထို့အပြင် Jacques Barzun က အရိုင်းဆန်မှု၊ ရေးကျမှု၊ သဘာဝတရားနှင့် နီးစပ်မှု (Primitivism) ကို တင်ပြခဲ့ပြီး ထိုယဉ်ကျေးမှု ပြောင်းလဲခြင်းပုံစံကလည်း လူတို့အား ခေတ်မီတိုးတက်သော အသိုင်းအဝိုင်းမှ တစ်ဖန်ပြန်လည်၍ ရေးဟောင်းဆန်ဆန်၊ အရိုင်းဆန်ဆန်၊ သဘာဝတရားနှင့်နီးစပ်စွာ နေလိုမှု ပြန်လည်ဖြစ်ထွန်းလာစေခဲ့ပါသည်။

ထို့နောက်တွင် ခရီးသွားခြင်း၌ တောတောင်များသို့ စွန့်စားသွားလာခြင်း၊ တောတွင်းစခန်းချခြင်း၊ ရေးဟောင်း တိုင်းရင်းသားမျိုးနွယ်စုများထံသို့ သွားရောက်ခြင်းစသည်များ ဖြစ်ပေါ်တိုးတက်စေခဲ့သည်။

**ခရီးသွားလိုအင်များ**

ခရီးသွားလာရန်အတွက် စိတ်ဆန္ဒကို ဖြစ်ပေါ်စေသော စေ့ဆော်မှုများအနက် လိုအင်များသည်လည်း အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သာဓကအားဖြင့် နေရောင်ခြည်လိုအပ်မှုသည်လည်း ခရီးသွားလာခြင်းကို ဖြစ်စေသည့် အကြောင်းတစ်ရပ်ဖြစ်ပါသည်။ အချို့သော နေရောင်တောက်ပပူနွေးသာယာသည့် ခရီးစဉ်ဒေသများမှာ ယနေ့တိုင် လူကြိုက်များဆဲဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အအေးပိုင်းဒေသများမှ လူသန်းပေါင်းများစွာသည် ယင်းတို့၏ နေ့စဉ်ဘဝတွင် တိမ်ထူအုံ့မှိုင်း၍ အေးသောရာသီ၌ ကာလကြာရှည်စွာ နေထိုင်ကြရပြီး ယင်းကဲ့သို့ အုံ့မှိုင်းမည်းမှောင်သည့် ပတ်ဝန်းကျင်၌ပင် နိုးထရုန်းကန်လှုပ်ရှားခြင်း၊ နေ့စဉ်ဘဝကို အဆောက်အအုံနှင့် အခန်းများအတွင်း၌သာ ဖြတ်သန်းကျင်လည်နေကြရခြင်းကြောင့် ဖြစ်ပါသည်။

လေ့လာသင်ယူ တတ်မြောက်လိုခြင်းသည်လည်း ခရီးသွားရန်စိတ်ဆန္ဒကို ဖြစ်ပေါ်စေသော စေ့ဆော်မှုတစ်ခုပင် ဖြစ်ပါသည်။ ပညာရေးဆိုင်ရာ တက္ကသိုလ်များ၊ ကျောင်းများ၊ သင်တန်းကျောင်းများမှ လေ့လာသင်ယူမှု မူဘောင်အပြင်ဘက်သို့ ထွက်၍ သိရှိတတ်မြောက်လေ့လာလိုမှုသည်လည်း ခရီးသွားခြင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ လူမျိုးတစ်မျိုး၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ တိုင်းပြည်တစ်ခု၏ ဟင်းလျာချက်ပြုတ်ခြင်းနည်းလမ်းများ၊ ရိုးရာအားကစား၊ အနုပညာ၊ ဂီတ၊ စာပေ အစရှိသည်တို့ကို ခရီးသွားခြင်းမှ တစ်ဆင့် အကောင်းဆုံးဆည်းပူးလေ့လာနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူတို့၏ သဘာဝအရ တစ်နိုင်ငံမှတစ်နိုင်ငံ ယဉ်ကျေးမှု အခြေခံမတူညီသော ဒေသတစ်ခုသို့ လည်ပတ်ရောက်ရှိပါက စိတ်၏အခြေအနေမှာ ပိုမို၍ သတိတင်းကျပ်ထက်မြက်နေသည့် အလျောက် လေ့လာသင်ယူနိုင်မှု ပိုမိုအားကောင်းသော အထောက်အကူပြုခြင်းကြောင့်ဖြစ်ပါသည်။

အတွေ့အကြုံအသစ်များ ရယူလိုခြင်းသည် ကမ္ဘာလှည့်ခရီးသည်များအတွက် တူညီသော လိုအင်တစ်ခုဟုဆိုလျှင် မမှားနိုင်ချေ။ အတွေ့အကြုံအသစ်၊ ပတ်ဝန်းကျင်အသစ်၊ လုပ်ငန်းဆောင်တာများ လှုပ်ရှားမှုအသစ်များ၊ ပိုင်ဆိုင်မှုအသစ်များ၊ အတွေးအခေါ်အသစ်များ အစရှိသည်တို့ကို စူးစမ်းရှာဖွေခြင်းကလည်း ခရီးသွားခြင်း၏ လိုအင်တစ်ရပ် ဖြစ်ပါသည်။

**ခရီးသွားခြင်းအခြေခံဆွဲဆောင်မှု**

ခရီးသွားအခြေခံ ဆွဲဆောင်မှုများသည်လည်း ခရီးသည်လာရောက်စေရန် အခြေခံအကြောင်းတရားများ ဖြစ်သည်။ ယင်းတို့ကို သဘာဝနေရာဒေသများ၊ သဘာဝဖြစ်ရပ်များ၊ ယဉ်ကျေးမှုနေရာ ဒေသများနှင့် ယဉ်ကျေးမှုပွဲတော်များစသည်ဖြင့် ကဏ္ဍ(၄) မျိုးခွဲခြားထားနိုင်ပါသည်။ သဘာဝဆိုင်ရာ နေရာဒေသများတွင် မြေမျက်နှာသွင်ပြင်များဖြစ်ကြသည့် တောတောင်၊ လျှိုမြောင်၊ ပြတ်ရွေ့များ၊ ကျွန်းများ၊ မြစ်ဝကျွန်းပေါ်များ၊ သဲသောင်ကမ်းနဖူးများ၊ ကမ်းခြေများ၊ မီးတောင်များ၊ လိုဏ်ဂူများ၊ မြစ်ချောင်းအင်းအိုင်များ၊ ရေတံခွန်စသည့် ရေရင်းမြစ်များအပြင် ရာသီဥတုများပင် ပါဝင်ပါသည်။ သဘာဝ သားရဲတိရစ္ဆာန်များ၊ သစ်ပင်သစ်တော၊ ပန်းမန်များ၊ ရှားပါးမျိုးစိတ်များ၊ ကာကွယ်တောများစသည်တို့လည်း ပါဝင်ပါသည်။ သဘာဝဖြစ်ရပ်များကိုမူ ကြိုတင်တွက်ဆ မျှော်မှန်းမထားနိုင်ချေ။ သာဓကအားဖြင့် ဆောင်းခိုငှက်များ ဒေသပြောင်းရွှေ့လာသောငှက်အုပ်များ ကျရောက်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည်တို့ ဖြစ်ပါသည်။

ယဉ်ကျေးမှုဒေသများတွင် သမိုင်းမတင်မီကာလမှ ကျောက်ထွင်းလက်ရာများ ရေးဟောင်းမျိုးနွယ်စုများ၏ လက်ရာများရှိသည့် နေရာဒေသများပါဝင်ပြီး သမိုင်းဝင်ကာလမှ အထိမ်းအမှတ်အဆောက်အအုံနှင့် ကျောက်စာတိုင်များ၊ ရုပ်တုများ၊ စစ်မြေပြင်စခန်းဟောင်းများ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ၊ ပြတိုက်များတို့ ပါဝင်သည်။ မျက်မှောက်ခေတ်ကာလ လူမျိုးနွယ်တစ်စု၏ အစားအသောက်များ (ဥပမာ-တရုတ်အစားအစာ၊ ထိုင်းအစားအစာ)တည်ရှိရာ ဒေသများလည်းပါဝင်ပြီး စီးပွားရေးဆိုင်ရာ အဆောက်အအုံများအနေဖြင့် တူးမြောင်းများ၊ မိုင်းတွင်းများ၊ ရထားလမ်းများ တည်ရှိရာ ဒေသများတို့လည်း အပါအဝင်ဖြစ်ပါသည်။အထူးအပန်းဖြေ အနားယူရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ဂေါက်ကွင်း၊ ကာစီနို၊ အပန်းဖြေဥယျာဉ်ကြီးများ၊ နှင်းလျှောစီးကွင်းများတည်ရှိရာ ဒေသများ စသည်တို့မှာလည်း ယဉ်ကျေးမှုအခြေခံဆွဲဆောင်မှုအမျိုးအစားများပင် ဖြစ်ပါသည်။

၁၉ ရာစုတွင် ယဉ်ကျေးမှုနှင့် သဘာဝအခြေခံဆွဲဆောင်မှုများအပေါ် စတင်အလေးထားမှုများ ပြုလုပ်လာခဲ့ကြပြီး အာရှတိုင်းသားပညာရှင်များကမူ ထို့ထက်စော၍ သဘာဝအလှတရားပေါ်တွင် ပိုမိုသက်ဝင်ကာ ဖော်ပြခဲ့ကြသည်ကို အဆိုအမိန့်များ၊ ဆေးရေးပန်းချီများတွင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ တရုတ်အတွေးအခေါ် ပညာရှင် ကွန်ဖျူးရှပ် (Confucius) ၏ အဆိုအမိန့် တစ်ခုတွင် “the wise find pleasure in water: the virtuous find pleasure in hills” ဟူ၍ တောတောင်ရေမြေ၏ သဘာဝဂုဏ်ဒြပ်နှင့် ဉာဏ်ပညာနှင့် ကိုယ်ကျင့်သိက္ခာကို ခိုင်းနှိုင်းထည့်သွင်းဖော်ပြထားခဲ့ပါသည်။

၂၀ ရာစုနှောင်းပိုင်းတွင် တောတောင်ရေမြေ ရှုမျှော်ခင်းများ၏ သဘာဝတရားကို စိတ်ဝင်စားမှု ပိုမိုကျယ်ပြန့်လာခဲ့ပြီး သဘာဝ အခြေခံခရီးသွားလုပ်ငန်းများဖြင့် ပျက်သုဉ်းလုနေရာနှင့် မျိုးစိတ်များကို ထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့ပြီး ခရီးသွားလုပ်ငန်း အလွန်အမင်းဖွံ့ဖြိုးတိုးတက်ခြင်းကို အဟန့်အတားတစ်ရပ်အဖြစ် ရှုမြင်လာခဲ့ကြသည်။ သဘာဝအလှတရားများကို ပိုမိုသိမြင်ခံစားလာခဲ့ပြီး ပျော်ရွှင်နှစ်ခြိုက်ဖွယ်အတွေ့အကြုံ ရှာမှီးခြင်းပုံစံ ပြောင်းလဲလာခဲ့သည်။

> **“သဘာဝအခြေခံ ဆွဲဆောင်မှုများသည် မြို့ကြီးပြကြီး ဖွံ့ဖြိုးတိုးတက်ပြီးသည့်နေရာ အဝန်းအဝိုင်းနှင့် ခြားနား၍ မြို့ငယ်၊ ရွာငယ်၊ ကျေးလက်နယ်များနှင့် များစွာထိစပ်၏။ ကျေးလက် သဘာဝတောတောင် ရေမြေ၏အလှနှင့် ထိုအလှကိုခံစားရင်း ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်မည့် activities များကို ပေါင်းစပ်၍ ခရီးသွားများကို ဖိတ်ခေါ်ဆွဲဆောင်ရပါသည်။ အဆိုပါ ဒေသများသို့ လာရောက်လည်ပတ်သူ များပြားလာပါက လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်းတို့အပြင် ဒေသခံလူမှုအသိုင်းအဝိုင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာမည်ဖြစ်”**

**သဘာဝအခြေခံဆွဲဆောင်မှုနှင့်ကျေးလက်လူနေမှု**

အထက်ကဖော်ပြပြီး ဖြစ်ခဲ့သော သဘာဝအခြေခံ ဆွဲဆောင်မှုများသည် မြို့ကြီးပြကြီး ဖွံ့ဖြိုးတိုးတက်ပြီးသည့်နေရာ အဝန်းအဝိုင်းနှင့် ခြားနား၍ မြို့ငယ်၊ ရွာငယ်၊ ကျေးလက်နယ်များနှင့် များစွာထိစပ်၏။ ကျေးလက် သဘာဝတောတောင်ရေမြေ၏အလှနှင့် ထိုအလှကိုခံစားရင်း ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်မည့် activities များကို ပေါင်းစပ်၍ ခရီးသွားများကို ဖိတ်ခေါ်ဆွဲဆောင်ရပါသည်။ အဆိုပါ ဒေသများသို့ လာရောက်လည်ပတ်သူ များပြားလာပါက လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်းတို့အပြင် ဒေသခံ လူမှုအသိုင်းအဝိုင်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာပေါ်ပေါက်လာမည် ဖြစ်ပါသည်။ ခရီးသွားဧည့်သည်များ၊ တည်းခိုနေထိုင်ခြင်း၊ စားသောက်ခြင်း၊ သွားလာလည်ပတ်ခြင်းနှင့် အမှတ်တရ ပစ္စည်းဝယ်ယူခြင်း စသည့် ဆောင်ရွက်မှုတိုင်းတွင် ဒေသခံပြည်သူများက အပြည့်အဝပါဝင်ရင်းနှီး၍ ရောင်းချလုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ သို့မှသာ ယင်းဒေသ၏ အငွေ့အသက်နှင့် စရိုက်လက္ခဏာများ ရေရှည်တည်တံ့နေမည်ဖြစ်သည်။ အကယ်၍ ရင်းနှီးမြှုပ်နှံမှုကြီးငယ်ဟူသမျှကို အရင်းရှင်လူထုလူနည်းစုက အုပ်စိုးချုပ်ကိုင်ဆောင်ရွက်နေမည်ဆိုပါက ဒေသခံများ ကျေနပ်မှုမရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ စီးပွားရေး အခွင့်အလမ်း လျော့နည်းသွားသည့်အတွက် မြေနေရာများ ရောင်းချ၍ ပြောင်းရွှေ့ထွက်ခွာသွားခြင်းတို့ကြောင့် ခရီးစဉ်ဒေသအောင်မြင်မှုမတည်တံ့ခြင်း၊ ဒေသ၏ အငွေ့အသက်စရိုက်လက္ခဏာများ ပျောက်ကွယ်သွားခြင်းစသည့် မလိုလားအပ်သော သက်ရောက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

**ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်**

ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် (၁၇)ချက်ရှိပြီး ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်နွယ်မှုရှိသော အဓိကရည်မှန်းချက်များအနက် ရည်မှန်းချက်နံပါတ် (၈) မှာ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ခရီးသွားကဏ္ဍမှ အထူးအထောက်အကူပြုဖော်ဆောင်ရမည် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ကျေးလက်ဒေသယဉ်ကျေးမှုနှင့် ဒေသထွက်ကုန်များကို မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ *စာမျက်နှာ ၁၁ သို့*

◆*ကျောဖုံးမှ*

ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ လူဇင်ဘတ်ဖွံ့ဖြိုးရေး အဖွဲ့အစည်း၏ Expert Team မှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ လူဇင်ဘတ်ဖွံ့ဖြိုးရေးအဖွဲ့အစည်း၏ Expert Team မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်း ၁၁ သင်း ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ - ၂၀၂၀ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား Video Message ကို ပြသသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ Video Message ကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

### အမှာစကားပြောကြား

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်၌ ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ကြိုဆိုဂုဏ်ပြုသော ယနေ့ကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်သို့ ပြန်လည်ဝင်ရောက်ခဲ့သည့် ၂၀၁၂ ခုနှစ်ကစ၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားအဖြစ် ခရီးစဉ်ဒေသ ဓာတ်ပုံပြိုင်ပွဲများ၊ စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ပြုလုပ်ခြင်း၊ စွမ်းဆောင်မှုအကောင်းဆုံး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား ရွေးချယ်ဂုဏ်ပြုဆုချီးမြှင့်ခြင်း စသည်တို့ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် COVID-19 ကပ်ရောဂါ ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရသည့်အတွက် ယခုကျင်းပပြုလုပ်သည့်(၉)ကြိမ်မြောက် အခမ်းအနားကို ယခင်နှစ်များနှင့်မတူညီသော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ကြိုဆိုဂုဏ်ပြုသည့် online ဆွေးနွေးပွဲအဖြစ် ကျင်းပပြုလုပ်ရခြင်းဖြစ်ပါကြောင်း။

### ခရီးသွားလာရေးပုံစံသစ်

COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ပြည်ဝင်ခွင့်ရပ်ဆိုင်းခြင်း၊ လေကြောင်းလိုင်းများ ရပ်ဆိုင်းခြင်း၊ ခရီးသွားလာခွင့်ထိန်းချုပ်ခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့သည့်အတွက် နိုင်ငံတကာခရီးသွားလုပ်ငန်းသည် လုံးဝရပ်ဆိုင်းသွားခဲ့ပြီး နောင်နှစ်တွင် ပြန်လည်စတင်နိုင်မည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ကျွမ်းကျင်သူများက မှန်းဆထားပါကြောင်း၊ နိုင်ငံတကာ ခရီးသွားလုပ်ငန်းပြန်လည်နာလန်ထူရေးသည် အနည်းဆုံး နှစ်နှစ်မှ ရှစ်နှစ်ခန့်အထိ ကြာမြင့်နိုင်သည်ဟူသည့် မှန်းဆချက်များကိုလည်း ကြားသိရပါကြောင်း၊ COVID-19 ကပ်ရောဂါကြောင့် ခရီးသွားများ၏ ရွေးချယ်မှုသည် ယခင်နှင့်မတူပြောင်းလဲသွားပြီး လူများပြည့်ကျပ်သည့် မြို့ပြဘဝခရီးသွားထက် physical distancing ဖြင့် နေထိုင်သွားလာခြင်းများ၊ nature tourism, ethnic tourism နှင့် environmental tourism ကဲ့သို့သော ခရီးသွားလာခြင်းများကို ပိုမိုလိုလားလာကြလိမ့်မည်ဟုလည်း ခန့်မှန်းကြပါကြောင်း၊ ထိုသို့သောအနေအထားတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ပေါ်ထွက်လာမည့် ခရီးသွားလာရေးပုံစံသစ်နှင့် လိုက်လျောညီထွေရှိသည့် Tourism and Rural Development ကို ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်အဖြစ် သတ်မှတ်ပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ဖော်ထုတ်ပေးရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၆ ခုနှစ်ကစတင်၍ စံသတ်မှတ်ချက်များပြဋ္ဌာန်းကာ ခရီးစဉ်ဒေသအသီးသီးတွင် အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေကြသည့် ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း Community Based Tourism သည် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်နှင့် အပြည့်အဝကိုက်ညီနေသည်ကို တွေ့ရပါကြောင်း။

တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် မှီတင်းနေထိုင်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများနှင့် တောတောင်ရေမြေအလှအပများကြောင့် ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် အရင်းအမြစ်ကောင်းများ အဆင်သင့်ရှိပြီးဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာလျှင် ခရီးစဉ်ဒေသများရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို တိုးတက်ဖွံ့ဖြိုးလာစေသည့်အတွက် အဆိုပါအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်အရှိန်အဟုန်ရရှိလာအောင် ထိထိရောက်ရောက် အသုံးပြုနိုင်ရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ - ၂၀၂၀ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား Video Message ကို ပြသစဉ်။

### digital နည်းလမ်းဖြင့် လုပ်ဆောင်ကြ

ထိုသို့ဆောင်ရွက်ရာတွင် connectivity နှင့် infrastructure သည် အရေးပါသည့်ကဏ္ဍက ပါဝင်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများဖြစ်ကြသည့် ရန်ကုန်၊ ပုဂံ၊ မန္တလေးနှင့် အင်းလေးဒေသများအပြင် အခြားအလားအလာရှိသည့် ခရီးစဉ်ဒေသအသစ်များနှင့် ခရီးသွားထုတ်ကုန်အသစ်များကို ခရီးသွားများ သိရှိလာအောင် လုပ်ဆောင်ပေးရန် ယခုခေတ်ကာလတွင် online မှ digital နည်းလမ်းဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူအများစု လုပ်ကိုင်နေသည့် ခရီးသွားလာရေးကဏ္ဍများမှ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ပိုမိုပြိုင်ဆိုင်နိုင်စွမ်းရှိလာရန် e-commerce နည်းလမ်းဖြင့် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ရန် digital infrastructure ကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးကြရမည်ဖြစ်သကဲ့သို့ အခြေခံအဆောက်အအုံ infrastructure များဖြစ်ကြသည့် လမ်းများ၊ တံတားများ၊ လေဆိပ်များ၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေးမှအစပြု၍ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်စင်ခန်းများအဆုံး ပြည့်စုံနေရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းရှိ တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် ချင်းပြည်နယ်သည် တောတောင် ရေမြေသဘာဝအလှတရားများနှင့် ပြည့်စုံရုံသာမက တောင်ပေါ်တိုင်းရင်းသားများ၏ တစ်မူထူးခြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် နေထိုင်မှုဘဝပုံစံများသည် အင်မတန်အဖိုးတန်လှသည့် ခရီးသွားလုပ်ငန်းအရင်း အမြစ်များဖြစ်ပါကြောင်း၊ သို့သော် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် ချင်းပြည်နယ်၏ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ပါကြောင်း၊ ယခုအခါ ချင်းပြည်နယ်၏ ပထမဆုံး လေယာဉ်ကွင်းဖြစ်သည့် ဆူရဲဘုန်လေယာဉ်ကွင်းကို ဖလမ်းမြို့တွင် မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ပြီး လိုင်လင်းပီဒေသတွင် ဆောက်လုပ်နေဆဲ လေယာဉ်ကွင်းကဲ့သို့ လေယာဉ်ကွင်းငယ်များကို ဆောက်လုပ်သွားရန်ရှိသည့်အတွက် ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အရေးပါသည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် တွေ့မြင်ကြရတော့မည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း၏အသီးအပွင့်များကို ဒေသခံပြည်သူများ ရရှိခံစားနိုင်ကြရတော့မည် ဖြစ်ပါကြောင်း။

### အဆပေါင်းများစွာ တိုးတက်လာ

မိမိတို့အစိုးရလက်ထက်တွင် ပြည်ထောင်စုအစိုးရရန်ပုံငွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရရန်ပုံငွေများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ချင်းဆက်လမ်းများကို အဆင့်မီ တိုးချဲ့ဖောက်လုပ်ပေးခဲ့ရာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာသည့်အတွက် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်သို့ သွားရောက်ခဲ့သည့် ပြည်တွင်းခရီးသွားများ အဆပေါင်းများစွာ တိုးတက်လာခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာပြီး ခရီးစဉ်ဒေသတစ်လျှောက်ရှိ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်လာခြင်းများကို connectivity နှင့် infrastructure သာဓကကောင်းများအဖြစ် မှတ်သားမိပါကြောင်း၊ ဆက်လက်၍ ရေဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းကို ဆက်သွယ်ပေးမည့် ကမ်းရိုးတန်း အဝေးပြေးလမ်းမကြီးကို ဆက်လက်ဖော်ဆောင်မည်ဖြစ်ရာ လမ်းမကြီးတစ်လျှောက်ရှိ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ခရီးသွားလာရေးလုပ်ငန်းနှင့် ဆက်စပ်ဖော်ဆောင်သွားနိုင်မည် ဖြစ်ပါကြောင်း။

### အခွင့်အလမ်းကိုအသုံးချ

ယခုကြုံတွေ့နေရသည့် COVID-19 ကပ်ဘေးကာလအလွန်၌ ခရီးသွားများသည် ကျေးလက်ဒေသနှင့်သဘာဝအလှအပများကို ရရှိခံစားနိုင်သည့် သဘာဝအခြေခံ ခရီးစဉ်ဒေသများကို ပိုမိုစိတ်ဝင်စားလာနိုင်သည့် အလားအလာရှိသည့်အတွက် အဆိုပါအခွင့်အလမ်းကိုအသုံးချပြီး ယခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်ဖြစ်သည့် "Tourism and Rural Development"ဟူသည့် ခေါင်းစဉ်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ သဘာဝနှင့်ပိုမိုနီးစပ်သော ခရီးစဉ်ဒေသအသစ်များကို စနစ်တကျဖော်ထုတ်ခြင်းဖြင့် ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်နှင့် COVID-19 ကပ်ရောဂါကာလအလွန် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်စတင် ဆောင်ရွက်နိုင်ရေးအတွက် အဆင်သင့်ဖြစ်စေရန် နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် COVID - 19 ထိန်းသိမ်းကာကွယ်ရေး သတ်မှတ်ချက်များနှင့်အညီ စနစ်တကျပြင်ဆင်ဆောင်ရွက်ထားကြရန် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီက ဦးဆောင်ဦးရွက်ပြုသွားမည် ဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသများ ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျစီမံခန့်ခွဲရေးအတွက် ဒေသန္တရအာဏာပိုင်များ၊ ခရီးသွားလုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများအချိုးကျပါဝင်စေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီများက ဖွဲ့စည်းပေးနေသည့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO)များတွင် ခရီးသွားလုပ်ငန်းနယ်ပယ်အလိုက် ဆောင်ရွက်နေကြသူများအားလုံး ပူးပေါင်းပါဝင် လိုက်ပါဆောင်ရွက်ကြစေလိုပါကြောင်း။

COVID-19 ကပ်ရောဂါဘေးကြီး အမြန်ဆုံးပြီးဆုံးပါစေ၊ နိုင်ငံတကာခရီးသွားလုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili ၏ သတင်းစကား Video Message ကို ပြသသည်။

### ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ -၂၀၂၀ အထိမ်းအမှတ် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက Video Conferencing စနစ်ဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို Video Clip ဖြင့်ပြသသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်ရုံးခွဲ တာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခရီးသွားလုပ်ငန်းဖြင့် ပံ့ပိုးပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်ရုံးခွဲတာဝန်ခံက ကယားပြည်နယ်ရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းဖော်ဆောင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ Action Aid Myanmar မှ လူမှုအကျိုးပြု စီးပွားရေး လုပ်ငန်းများဆိုင်ရာအကြီးအကဲ ဦးအောင်မင်းနိုင်က အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၀ တွင် Tourism and Rural Award ဆုရရှိခဲ့သော မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စုရှိ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လည်းကောင်း Video Conferencing စနစ်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးများတွင် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို Video Clip ဖြင့် ပြသသည်။

ထို့နောက် လူဇင်ဘတ်ဖွံ့ဖြိုးရေး အဖွဲ့အစည်း၏ Expert Team မှ Mr. Paul Penfold နှင့် ဒေါ်အေးအေးမာတို့က Myanmar Tourism Strategic Recovery Roadmap – MTSRR ( 2021–2025 ) ကို မိတ်ဆက်တင်ပြကြသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် Online ဆွေးနွေးပွဲအစီအစဉ်တွင် Video Message ပေးပို့ အမှာစကားပြောကြားပေးသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ယနေ့အခမ်းအနားဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးသည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "Tourism and Rural Development ကျေးလက်ဒေသဖွံ့ဖြိုးရေး ခရီးသွားလုပ်ငန်းဖြင့်ပံ့ပိုးပေး" ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ခရီးသွားလုပ်ငန်း စီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပေးကြသည့် ပုဂ္ဂိုလ်များ၊ မြန်မာ့ခရီးသွား ပြန်လည်ရှင်သန်ရေးမဟာဗျူဟာလမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap–MTSRR) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပေးကြသည့် ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

*စာမျက်နှာ ၁၁ သို့*

# အကောင်းဆုံးရင်ဆိုင်ကျော်လွှား



အခု ဘီလီယံ (၁၀၀၀)ကျော် ရွှေ့ပြောင်းလိုက်တယ်ဆိုတာ ကျွန်မတို့ ကိုဗစ်ရောဂါနဲ့ ပတ်သက်တဲ့ အကျိုးဆက်တွေအတွက်၊ ကိုဗစ်ရောဂါနဲ့ ပတ်သက်တဲ့လိုအပ်ချက်တွေအတွက် သုံးဖို့ဖြစ်ပါတယ်။ ဒီလို ကျွန်မပြောပြတာက ပြည်သူလူထုတွေအတွက် ကျွန်မတို့ တတ်နိုင်သမျှ အားလုံးပြင်ဆင်ထားပါတယ်ဆိုတာ သိစေချင်လို့ပါ။ စိုးရိမ်မလွန်စေချင်လို့ပါ။ ဒါပေမယ့် စိုးရိမ်မလွန်ပါနဲ့ဆိုလို့လည်း မပေါ့တော့ မပေါ့ပါနဲ့ဆိုတာ ကျွန်မထပ်ပြီးတော့ မေတ္တာရပ်ခံပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ ဒီပေါ့ဆမှုတွေက များလို့ အခုကျွန်မတို့ နည်းနည်းပိုပြီးတော့ ရုန်းကန်နေရပါတယ်။ ဖြစ်ပြီးမှလည်း ဖြစ်ပြီးတာကို ကျွန်မတို့က အကောင်းဆုံးရင်ဆိုင်ပြီးတော့ ကျော်လွှားဖို့ပဲ ဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၁ ရက်နေ့တွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၇၆၉ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၁၁၂ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၇၆၉ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၁၁၂ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၉၁၁၂ ဦးအနက် သေဆုံးသူ ၁၇၄ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၅၁၇ ဦး နှင့် စက်တင်ဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၄၅ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၂၄၃၈၃ | ၉၁၁၂ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၅၁၇ | ၁၇၄ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၁၁၇၅၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၅၁၇ ဦး

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၅-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## ၂၅-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၁၈၅၉၁၅ | ၄၄၃၈၆၂၈ | ၂၀၇၅၄၀ |
| ၂။ | အိန္ဒိယ | ၅၈၂၃၀၆၀ | ၄၇၅၆၁၆၄ | ၉၂၃၄၇ |
| ၃။ | ဘရာဇီး | ၄၆၅၉၉၀၉ | ၄၀၂၃၇၈၉ | ၁၃၉၈၈၃ |
| ၄။ | ရုရှား | ၁၁၃၆၀၄၈ | ၉၃၄၁၄၆ | ၂၀၀၅၆ |
| ၅။ | ကိုလံဘီယာ | ၇၉၀၈၂၃ | ၆၇၄၉၆၁ | ၂၄၉၂၄ |
| ၆။ | ပီရူး | ၇၈၈၉၃၀ | ၆၄၄၃၄၅ | ၃၁၉၃၈ |
| ၇။ | မက္ကဆီကို | ၇၁၅၄၅၇ | ၅၁၄၇၆၀ | ၇၅၄၃၉ |
| ၈။ | စပိန် | ၇၀၄၂၀၉ | စိစစ်ဆဲ | ၃၁၁၁၈ |
| ၉။ | အာဂျင်တီးနား | ၆၇၈၂၆၆ | ၅၃၆၅၈၉ | ၁၄၇၆၆ |
| ၁၀။ | တောင်အာဖရိက | ၆၆၇၀၄၉ | ၅၉၅၉၁၆ | ၁၆၂၈၃ |

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅ – ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၉၉၃၆၁ | ၂၃၂၃၉၉ | ၅၁၉၆ |
| အင်ဒိုနီးရှား | ၂၆၆၈၄၅ | ၁၉၆၁၉၆ | ၁၀၂၁၈ |
| စင်ကာပူ | ၅၇၆၆၅ | ၅၇၃၃၃ | ၂၇ |
| မလေးရှား | ၁၀၆၈၇ | ၉၆၉၆ | ၁၃၃ |
| မြန်မာ | ၉၁၁၂ | ၂၅၁၇ | ၁၇၄ |
| ထိုင်း | ၃၅၁၉ | ၃၃၆၀ | ၅၉ |
| ဗီယက်နမ် | ၁၀၆၉ | ၉၉၁ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲစစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ဓာတ်ခွဲ နမူနာ (၁,၂၀၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၄၅၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၅၅၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၆၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ(၂,၂၉၉)ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ-

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇၁) ဦး တွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈,၅၁၅)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၄-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂,၂၂၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၄၉၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၈၃၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၅၅၃) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၂၀၇) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဇန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံ၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံ၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၃၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၃၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၁) ခု၊
- စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) မှ ဓာတ်ခွဲနမူနာ (၇) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၄,၇၂၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၈၈) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၁၇) ဦး တွေ့ရှိကြောင်းကို (၂၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၄။ (၂၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ ထပ်မံသေဆုံးသူ (၅) ဦး ရှိပါသည်။

၅။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၅၅) ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| ဓာတ်ခွဲဌာန | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | ဓာတ်ခွဲအတည်ပြု လူနာသစ် တွေ့ရှိမှု |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (ဒုတိယအသုတ်) | (၁,၂၀၀) ခု | (၁၂၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (ဒုတိယအသုတ်) | (၄၅၇) ခု | (၁၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၅၅၃) ခု | (၁၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) (ဒုတိယအသုတ်) | (၆၅) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | (၁၂) ခု | (၇) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ | (၁၁) ခု | (၄) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့ | (၁) ခု | - |
| (၂၄-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၂၉၉) ခု | (၁၇၁) ဦး |

(၂၄-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးရာတွင် ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၂၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

**(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ**

**(၂၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁၇၁) ဦး | (၈,၅၁၅) ဦး |
| ဆေးရုံဆင်း | (၀) ဦး | (၂,၃၈၁) ဦး |
| သေဆုံးလူနာ | (၅) ဦး | (၁၅၅) ဦး |

**ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ**

| စဉ် | Case | အသက် (နှစ်) | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁။ | Case-6663 * | ၅၄ နှစ် | မ | ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး | (၂၂-၉-၂၀၂၀) နံနက် (၀၀:၂၀) နာရီ |
| ၂။ | Case-7152 * | ၆၃ နှစ် | မ | ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး | (၂၂-၉-၂၀၂၀) နံနက် (၁၁:၀၀) နာရီ |
| ၃။ | Case-6724 * | ၆၅ နှစ် | မ | ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး | (၂၁-၉-၂၀၂၀) နံနက် (၁၀:၄၀) နာရီ |
| ၄။ | Case-6770 | ၄၇ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) နံနက် (၁၁:၄၅) နာရီ |
| ၅။ | Case-5745 | ၅၃ နှစ် | ကျား | အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)၊ ရန်ကုန်မြို့ | (၂၄-၉-၂၀၂၀) ည (၈:၀၀) နာရီ |

(*) အဆိုပါ လူနာများသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး COVID-19 ရောဂါပိုး တွေ့ရှိကြောင်း ဓာတ်ခွဲအဖြေရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

- ယခုသတင်းထုတ်ပြန်ချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၅၅)ဦးရှိပြီဖြစ်ပါသည်။

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ ယနေ့ COVID-19 ဓာတ်ခွဲ စစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ ဓာတ်ခွဲနမူနာ (၇၃၁)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) ဓာတ်ခွဲနမူနာ ဓာတ်ခွဲနမူနာ (၃၅၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၄၆၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၈၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံ၊ မူဆယ်မြို့ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံ၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၃၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁,၁၆၂) ခု၊
- နေပြည်တော် အမှတ် (၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၈၈)ခု နှင့်
- စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) မှ ဓာတ်ခွဲနမူနာ (၈) ခု

စုစုပေါင်း (၃,၃၆၀) ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၉၈) ဦး တွေ့ရှိရပါသည်။

၂။ (၂၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၉,၁၁၂) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း(၂,၅၁၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၇၄) ဦး ရှိပါသည်။

၅။ (၂၄-၉-၂၀၂၀) ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီမှ (၂၅-၉-၂၀၂၀)ရက်နေ့၊ မွန်းတည့်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၄၅) ဦးရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်) | (၇၃၁) ခု | (၁၃၂) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၅၈) ခု | (၁၃၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၆၅) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၈၂) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၂၈) ခု | (၁) ဦး |
| နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆) ခု | (၁) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ | (၁၂) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ | (၅) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | (၂) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ | (၃) ခု | - |
| ပြည်သူ့ဆေးရုံ၊ မူဆယ်မြို့ | (၃) ခု | - |
| ပြည်သူ့ဆေးရုံ၊ ပြင်ဦးလွင် | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့ | (၁၉) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | (၆) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | (၃၀) ခု | (၆) ခု |
| ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | (၁၁) ခု | (၇) ခု |
| ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | (၃) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့ | (၈) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့ | (၆) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၁၆၂) ခု | (၃၀၉) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၈) ခု | (၁) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈) ခု | - |
| **စုစုပေါင်း** | **(၃,၃၆၀) ခု** | **(၅၉၈) ဦး** |

*စာမျက်နှာ ၁၀ သို့*

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၉-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၂၄-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၆၈၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | သဃ်္ဃန်းကျွန်းမြို့နယ် | ၅၂ |
| | | မရမ်းကုန်းမြို့နယ် | ၄၇ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၃၉ |
| | | တောင်ဥက္ကလာပမြို့နယ် | ၃၈ |
| | | လှိုင်မြို့နယ် | ၃၇ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၃၀ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၃၀ |
| | | သာကေတမြို့နယ် | ၂၉ |
| | | တာမွေမြို့နယ် | ၂၇ |
| | | ပန်းဘဲတန်းမြို့နယ် | ၂၆ |
| | | ဒဂုံမြို့နယ် | ၂၀ |
| | | ဗဟန်းမြို့နယ် | ၁၉ |
| | | လသာမြို့နယ် | ၁၈ |
| | | မင်္ဂလာဒုံမြို့နယ် | ၁၈ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၁၆ |
| | | ပုဇွန်တောင်မြို့နယ် | ၁၆ |
| | | စမ်းချောင်းမြို့နယ် | ၁၂ |
| | | လှိုင်သာယာမြို့နယ် | ၁၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၁၀ |
| | | အလုံမြို့နယ် | ၁၀ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၁၀ |
| | | မှော်ဘီမြို့နယ် | ၁၀ |
| | | ကျောက်တံတားမြို့နယ် | ၇ |
| | | ဒလမြို့နယ် | ၆ |
| | | ဗိုလ်တထောင်မြို့နယ် | ၅ |
| | | လမ်းမတော်မြို့နယ် | ၅ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၄ |
| | | ကမာရွတ်မြို့နယ် | ၃ |
| | | ခရမ်းမြို့နယ် | ၃ |
| | | သုံးခွမြို့နယ် | ၃ |
| | | သန်လျင်မြို့နယ် | ၂ |
| | | ဒေါပုံမြို့နယ် | ၂ |
| | | ရန်ကင်းမြို့နယ် | ၂ |
| | | အင်းစိန်မြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၁ |
| | | ကျောက်တန်းမြို့နယ် | ၁ |
| | | တွံတေးမြို့နယ် | ၁ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁ |
| | | စိစစ်ဆဲ | ၁ |
| | | စုစုပေါင်း | ၅၇၂ |
| ၂ | ရခိုင်ပြည်နယ် | ကျောက်ဖြူမြို့နယ် | ၁၈ |
| | | စစ်တွေမြို့နယ် | ၉ |
| | | မောင်တောမြို့နယ် | ၂ |
| | | သံတွဲမြို့နယ် * | ၁ |
| | | မြေပုံမြို့နယ် * | ၁ |
| | | တောင်ကုတ်မြို့နယ် * | ၁ |
| | | စုစုပေါင်း | ၃၂ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာမြို့နယ် * | ၁၀ |
| | | ပုသိမ်မြို့နယ် | ၇ |
| | | မအူပင်မြို့နယ် * | ၃ |
| | | ဘိုကလေးမြို့နယ် | ၃ |
| | | ဒေးဒရဲမြို့နယ် * | ၂ |
| | | ကျိုက်လတ်မြို့နယ် | ၂ |
| | | မြောင်းမြမြို့နယ် * | ၁ |
| | | ပန်းတနော်မြို့နယ် | ၁ |
| | | ဖျာပုံမြို့နယ် | ၁ |
| | | စုစုပေါင်း | ၃၀ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံမြို့နယ် | ၇ |
| | | ညောင်ဦးမြို့နယ် | ၄ |
| | | ပုသိမ်ကြီးမြို့နယ် | ၃ |
| | | သာစည်မြို့နယ် | ၂ |
| | | ကျောက်ပန်းတောင်းမြို့နယ် | ၁ |
| | | ချမ်းမြသာစည်မြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ပြည်မြို့နယ် | ၄ |
| | | သနပ်ပင်မြို့နယ် | ၂ |
| | | ရေတာရှည်မြို့နယ် *** | ၂ |
| | | မင်းလှမြို့နယ် | ၁ |
| | | ပဲခူးမြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘိုမြို့နယ် | ၅ |
| | | စစ်ကိုင်းမြို့နယ် | ၁ |
| | | ချောင်းဦးမြို့နယ် | ၂ |
| | | စုစုပေါင်း | ၈ |
| ၇ | မွန်ပြည်နယ် | မုဒုံမြို့နယ် | ၆ |
| | | မော်လမြိုင်မြို့နယ် | ၃ |
| | | ဘီးလင်းမြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၈ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် * | ၁ |
| | | ဒက္ခိဏသီရိမြို့နယ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၉ | ကရင်ပြည်နယ် | ကော့ကရိတ်မြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၀ | ချင်းပြည်နယ် | တွန်းဇံမြို့နယ် ** | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့နယ် | ၂ |
| | | မြိတ်မြို့နယ် | ၁ |
| | | စုစုပေါင်း | ၃ |
| | (၂၄-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | ၆၈၇ |

* မြို့နယ်များမှ အချို့သည် ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသူများ ဖြစ်ပါသည်။
** ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိသူ ဖြစ်ပါသည်။
*** ရေတာရှည်မြို့နယ်မှ (၁) ဦးသည် ပြည်ပသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာ ကန့်သတ်ထားရှိသူဖြစ်ပါသည်။ (၁)ဦးသည် ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသူ ဖြစ်ပါသည်။

**မှတ်ချက်။** (၂၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအချိန်တွင် ထုတ်ပြန်ကြေညာခဲ့သော (၂၄-၉-၂၀၂၀) ရက်နေ့တွင် တွေ့ရှိခဲ့သည့် ဓာတ်ခွဲအတည်ပြုလူနာသစ်စုစုပေါင်း (၆၈၈)ဦး၏ ဓာတ်ခွဲနမူနာများအနက် တစ်ခုသည် ဒုတိယအကြိမ် ထပ်မံစစ်ဆေးသည့် ဓာတ်ခွဲနမူနာဖြစ်သဖြင့် (၂၄-၉-၂၀၂၀) ရက်နေ့၏ ဓာတ်ခွဲအတည်ပြုလူနာသစ်မှာ (၆၈၇) ဦးသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈,၅၁၄) ဦး ရှိပါသည်။

၂။ (၂၅-၉-၂၀၂၀) ရက်နေ့၊ ယခုသတင်းထုတ်ပြန်ချိန်အထိ ထပ်မံသေဆုံးသူ (၁၇) ဦးရှိပါသည် -

| စဉ် | Case | အသက် (နှစ်) | ကျား/ မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case 3744 | ၆၂ နှစ် | မ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၄-၉-၂၀၂၀) နံနက် (၁၀:၅၅) နာရီ |
| ၂ | Case 5331 | ၇၈ နှစ် | မ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၄-၉-၂၀၂၀) ည (၈:၀၀) နာရီ |
| ၃ | Case 2534 | ၅၈ နှစ် | ကျား | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | (၂၅-၉-၂၀၂၀) နံနက် (၆:၃၀) နာရီ |
| ၄ | Case 4405 | ၆၄ နှစ် | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၅-၉-၂၀၂၀) နံနက် (၁၀:၄၀) နာရီ |
| ၅ | Case 5991 | ၆၅ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) နံနက် (၁:၁၀) နာရီ |
| ၆ | Case 7198 | ၆၄ နှစ် | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) နံနက် (၇:၀၅) နာရီ |
| ၇ | Case 8008 * | ၇၃ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) ည (၁၁:၂၀) နာရီ |
| ၈ | Case 8016 * | ၆၈ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) နံနက် (၉:၄၅) နာရီ |
| ၉ | Case 8007 * | ၈၉ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) နံနက် (၈:၁၀) နာရီ |
| ၁၀ | Case 8010 * | ၇၃ နှစ် | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) နေ့လယ် (၁၂:၀၀) နာရီ |
| ၁၁ | Case 8073 * | ၆၁ နှစ် | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) မွန်းလွဲ (၂:၄၅) နာရီ |
| ၁၂ | Case 8012 * | ၇၃ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ည (၇:၀၀) နာရီ |
| ၁၃ | Case 8077 * | ၆၂ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) မွန်းလွဲ (၁:၄၅) နာရီ |
| ၁၄ | Case 8050 * | ၄၆ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) နံနက် (၂:၅၅) နာရီ |
| ၁၅ | Case 8017 * | ၅၉ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၂-၉-၂၀၂၀) မွန်းလွဲ (၂:၀၀) နာရီ |
| ၁၆ | Case 8018 * | ၈၅ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) နံနက် (၅:၁၅) နာရီ |
| ၁၇ | Case 8019 * | ၇၀ နှစ် | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၂-၉-၂၀၂၀) ည (၇:၅၀) နာရီ |

* အဆိုပါ လူနာများသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး ယနေ့မှ ဓာတ်ခွဲအဖြေရရှိ၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၇၂)ဦး ရှိပြီဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

စာမျက်နှာ ၉ မှ

### (ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ

(၂၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၉၈) ဦး | (၉,၁၁၂) ဦး |
| ဆေးရုံဆင်း | (၁၃၆) ဦး | (၂,၅၁၇) ဦး |
| သေဆုံးလူနာ | (၂) ဦး | (၁၇၄) ဦး |

ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူများ

| စဉ် | Case | အသက် (နှစ်) | ကျား/ မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case-3567 | ၈၆ | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၅-၉-၂၀၂၀) ရက်နေ့၊ ညနေ (၃:၂၅) နာရီ |
| ၂ | Case-7912* | စိစစ်ဆဲ | ကျား | ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး | (၂၃-၉-၂၀၂၀) ရက်နေ့၊ မွန်းလွဲ (၁၂:၃၀) နာရီ |

* အဆိုပါ လူနာသေဆုံးချိန်တွင် ဓာတ်ခွဲနမူနာ ရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး ယနေ့မှ ဓာတ်ခွဲ အဖြေရရှိ၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၇၄) ဦး ရှိပြီဖြစ်ပါသည်။

# ကမ္ဘောဇဘဏ်က မောင်တောမြို့သို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၅**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ဖြစ်ပွားနေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့်နိုင်ငံအဝန်းရှိ ရောဂါခံစားနေရသော ပိုးတွေ့လူနာများနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်(မောင်တော)ဘဏ်ခွဲမန်နေဂျာ ဦးကိုကိုသန်းနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံး နှာခေါင်းစည်း အခု ၅၀၀၀၀၊ ခေါင်းစွပ် ၁၀၀၀၊ မျက်နှာအကာ အခု ၃၀၀၊ လက်အိတ် ၁၀၀၀ လက်သန့်ဆေးရည် ဘူးကြီး ၂၀၀၊ မျက်မှန် ၃၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ နှင့် မောင်တောမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ တို့ကို ဆေးရုံအစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနုကေသီစံက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ထိရောက်လျင်မြန်စွာလုပ်ဆောင်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်သည် ဧပြီလမှစတင်ကာ ပြည်နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ နှင့် ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံများရှိ ကျန်းမာရေး ဝန်ထမ်းများအတွက် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ ဩဂုတ် ၂၄ ရက်တွင် ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်နေကြသည့် စောင့်ကြည့်လူနာများအနက်မှ နေ့စဉ် စားသောက်စရိတ် ခက်ခဲနေသည့် ပြည်သူတစ်ဦးလျှင်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၃၀၀ ကို လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် Air KBZ အရေးပေါ် ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ငွေကျပ် သိန်း ၆၀၀ တန်ဖိုးရှိ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းခုနစ်မျိုးကို လည်းကောင်း၊ စက်တင်ဘာ ၈ ရက်တွင် မြောက်ဦးမြို့နှင့် စက်တင်ဘာ ၁၈ ရက်တွင် ကျောက်ဖြူမြို့များရှိ ခရိုင်ပြည်သူ့ဆေးရုံများသို့ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် ကိုဗစ်ကာလအထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ စီတို့ကို လည်းကောင်း ပေးပို့လှူဒါန်းကြောင်း သိရသည်။

**ကိုကျော်**

# (၈၃) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးဖွင့်ပွဲအခမ်းအနား Video Conferencing စနစ်ဖြင့် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

(၈၃) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။**(ယာပုံ)**



ဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ နာယက၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအစည်းအဝေးသည် (၁၃) ကြိမ်မြောက် မြန်မာနိုင်ငံ ကြက်ခြေနီညီလာခံ၌ ရွေးချယ်တင်မြှောက်ထားသည့် ကောင်စီဝင်များအနေဖြင့် (၂၀၁၅)ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေဘောင်အတွင်းမှ အသင်းကြီး၏ ဆောင်ရွက်မှုများကို ယခုထက်ပိုမို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် ပြည်သူများအား ပံ့ပိုးပေးနိုင်ရန်အတွက် သမားရိုးကျမှ ဖောက်ထွက်သည့် ဆန်းသစ်သော အတွေးအမြင်များဖြင့် စဉ်းစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ လျင်မြန်စွာပြန့်ပွားနေသည့်အတွက် ကြက်ခြေနီအသင်းဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၌ အထူးအစီအစဉ်အနေဖြင့် ယခုထက်ပိုမို၍ စနစ်တကျပါဝင်ပံ့ပိုးစေလိုပါကြောင်း၊ ကြက်ခြေနီလုပ်ငန်းများ အနေဖြင့်လည်း ယခု ကိုဗစ်-၁၉ ဖြစ်ပွားသည့်ကာလအတွင်း လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မှု နှောင့်နှေးခြင်းမရှိစေရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား Video Conferencing စနစ်ဖြင့် အချိန်နှင့်တစ်ပြေးညီချိတ်ဆက်ကာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### ကိုယ်ကျိုးမငဲ့ဘဲ အပင်ပန်းခံ

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အမြဲတမ်းအဆင်သင့်ဖြစ်နေရမည် ဟူသော ဆောင်ပုဒ်နှင့်အညီ မမျှော်လင့်သောအခြေအနေ၊ အဖြစ်အပျက်များအတွက် ကူညီပံ့ပိုးဆောင်ရွက်နိုင်ရန် အမြဲအသင့်ဖြစ်စေရန် ကြိုတင်သုံးသပ်ခန့်မှန်းထားစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဝန်ထမ်းများအနေဖြင့် ကိုယ်ကျိုးမငဲ့ဘဲ အပင်ပန်းခံ၍ ကိုဗစ်-၁၉ ကို ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကျစေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အသွားအလာကန့်သတ်ရန်နေရာများနှင့် များပြားလာသော ကိုဗစ်-၁၉ ပိုးတွေ့လူနာများကို ထားနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းရှာဖွေပြင်ဆင်လျက်ရှိပြီး ယင်းအသစ် ဖွင့်မည့်နေရာများ၌ ကြက်ခြေနီအသင်းဝင်များအနေဖြင့် ပံ့ပိုးကူညီပေးခြင်းဖြင့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများကို ယခုထက်ပိုမို ထိရောက်စေမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လူနာများအား သယ်ယူပို့ဆောင်ပေးရာ၌လည်း အသီးသီးပါဝင်ပံ့ပိုးစေလိုပါကြောင်း။

### နည်းလမ်းကောင်းများချမှတ်

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဝင်များသည် ပေးဆပ်သူများဖြစ်သည် ဆိုသော စိတ်ဓာတ်၊ ကိုယ်ကျိုးမဖက် အများအကျိုးဆောင်ရွက်မှုများ၊ အသင်းကြီး၏ တိုင်းပြည်အပေါ် အကျိုးပြုမှုများကို ယခုကဲ့သို့ ကပ်ရောဂါဘေးကျရောက်နေချိန်တွင် မှတ်ကျောက်တင်ခံကြရမည်ဖြစ်ပါကြောင်း၊ အသင်းကြီး၏လက်ရှိတွင် ဆောင်ရွက်နေသော လူသားချင်းစာနာထောက်ထားမှု အကူအညီလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများကို ယခုထက်လက်တွေ့ကျ၍ ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် လုပ်ငန်းများ၌ တွေ့ကြုံရသည့် အခက်အခဲ၊ လိုအပ်သည့်ပံ့ပိုးမှု၊ ကြိုတင်ပြင်ဆင်ရန်အချက်များ စသည်တို့ကို ပြန်လည်ဆန်းစစ်သုံးသပ်ကာ ဆောင်ရွက်စေလိုပါကြောင်း၊ အသင်းကြီး၏ လုပ်ငန်းနည်းဗျူဟာများကိုလည်း ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်နှင့်အညီ အမြဲတမ်းမွမ်းမံကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး ခိုင်မာအားကောင်းလျှင် အားကောင်းသလို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ပိုမိုခိုင်မာစွာ ပံ့ပိုးနိုင်မည်ဟု ယူဆပါကြောင်း၊ အသင်းကြီးအနေဖြင့် မည်သည့်အခန်းကဏ္ဍများမှ ဝန်ကြီးဌာနအား ထပ်မံ၍ ထိရောက်စွာပံ့ပိုးပေးနိုင်ရန်ကိုလည်း စဉ်းစားဆန်းစစ်ကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အသင်းဝင်များအနေဖြင့် အသင်းကြီး ပိုမိုဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းကောင်းများချမှတ်ပြီး ယခုထက်ပိုမိုစည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများဆောင်ရွက်စေလိုပါကြောင်း။

### လက်တွဲ ပူးပေါင်းပံ့ပိုးဆောင်ရွက်သွားမည်

ပြည်သူအများစုအသုံးပြုသည့် လူမှုကွန်ရက်များ၊ မီဒီယာများမှ တစ်ဆင့် အသင်းကြီးမှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြည်သူများအား အသိပေးရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ရာတွင် ပြည်သူများ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ စည်းကမ်းလိုက်နာမှုများသည် အလွန်အရေးကြီးသဖြင့် ဤကိစ္စရပ်များ အကောင်အထည်ဖော်ရာ၌ ကြက်ခြေနီအသင်းကြီးအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အသင်းကြီး၏ လုပ်ငန်းများ ရေရှည်တည်တံ့ကာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသင်းကြီး၏ အရေးကိစ္စများကို မိမိ၏ကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထားကာ ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဂုဏ်သိက္ခာမြင့်မားသည့် အသင်းကြီး၏ ညီညွတ်စွာ စုစည်းပူးပေါင်းမှုများဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပါက မအောင်မြင်နိုင်သော လုပ်ငန်းမရှိနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အသင်းကြီးအား ဆက်လက်လက်တွဲ ပူးပေါင်းပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေး (ပထမနေ့) အခမ်းအနားကို ကျင်းပရာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာအမယာမော်နိုင်က (၈၂) ကြိမ်မြောက် ကြက်ခြေနီ ဗဟိုကောင်စီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ အချိန်ပြည့်အလုပ်အမှုဆောင် အဖွဲ့ဝင် ပါမောက္ခဒေါက်တာမြသူက အသင်းဌာနချုပ်၏ ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ တင်ညွန့်က (၈၃) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးသို့ တင်သွင်းသည့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းက အမှုဆောင်အဖွဲ့၏ ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးအစီရင်ခံစာနှင့် အတွင်းစာရင်းစစ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

(၈၃) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၂၆ ရက်တွင် Video Conferencing စနစ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရုံမျှ မဟုတ်ဘဲ အမျိုးသမီးများနှင့် လူငယ်လူရွယ်များအတွက် အခွင့်အလမ်းများ ဖြစ်စေရန် လိုအပ်ပြီး ယင်းတို့ကိုဖြည့်ဆည်းနိုင်မှသာလျှင် (Territorial cohesion) ယင်းဒေသ၏ စရိုက်လက္ခဏာနှင့် ယဉ်ကျေးမှုအငွေ့အသက်များ စွဲထင်ကျန်နေမည်ဖြစ်သည်။ တစ်နည်းဆိုလျှင် ခရီးသွားလုပ်ငန်းဖြင့် ဒေသတစ်ခု လူမျိုးစုတစ်ခု၏ ပျောက်ကွယ်တော့မည့် ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ထိန်းသိမ်းရာရောက်မည် ဖြစ်သည်။

**ခရီးသွားလုပ်ငန်းနှင့် COVID-19**

ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ ခန့်မှန်းချက်အရ ၂၀၂၀ ပြည့်နှစ်အတွင်း Covid-19 ရောဂါကြောင့် အပြည်ပြည်ဆိုင်ရာ ခရီးသွားဝင်ရောက်မှု ခရီးသည် ဦးရေ သန်း ၃၀၀ ဆုံးရှုံး၍ ဝင်ငွေအားဖြင့် အမေရိကန် ဒေါ်လာ ဘီလီယံ ၃၂၀ ဆုံးရှုံးမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းမှန်သမျှ ရပ်ဆိုင်းထားရဦးမည်ဖြစ်ပြီး အလုပ်လက်မဲ့ဦးရေ သန်းနှင့်ချီ၍ အကြီးမားဆုံး ရိုက်ခတ်မှုကို ကြုံတွေ့ရလျက်ရှိပါသည်။ COVID-19 အလွန်ကာလများတွင် လုပ်ငန်းများ ပြန်လည် လည်ပတ်မည် ဆိုပါက အကျိုးအမြတ်များကို လူတန်းစားအလွှာအသီးသီး ခံစားရစေရန်နှင့် ပိုမိုခိုင်မာ ပြည့်စုံကောင်းမွန်သည့် ရေရှည်ဖွံ့ဖြိုးမှုအတွက် ကြိုတင်ပြင်ဆင်ထားရှိရန် အထူးလိုအပ်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်ရာတွင်လည်း ပညာရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာကဏ္ဍတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးထည့်သွင်းရန် လိုပြီး သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုကိုထိန်းသိမ်းသွားရန် လိုအပ်ပါသည်။

**၂၁ ရာစုနှင့် ခရီးသွားလုပ်ငန်း**

အနာဂတ်ကို တိကျစွာ သိရှိခြင်းသည် ဖြစ်နိုင်ခြေမရှိသော်လည်း ကိစ္စရပ်တိုင်းကို စဉ်းစားဆင်ခြင်ရန် သင့်သည်ချည်းဖြစ်သည်ဟူသော ခရီးသွားလုပ်ငန်းဆိုင်ရာ စာပေပညာရှင် Neil Leiper ၏ အဆိုနှင့် ကိုက်ညီစွာပင် ယနေ့မကြုံစဖူးကြုံတွေ့နေရသည့် ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းနှောင့်နှေးနေရချိန်တွင် အဘက်ဘက်က ကြိုတင်စိစစ် သုံးသပ်ဆောင်ရွက်ထားရှိရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်း၏ သမိုင်းတစ်လျှောက် ခရီးသွားမြင့်တက်လာသော တိုင်းပြည်ဒေသများနှင့် အကြောင်းကြောင်းကြောင့် ခရီးသွားကျဆင်းသွားရသည့် တိုင်းပြည်ဒေသများလည်း သာဓကအဖြစ် များစွာရှိခဲ့ပါသည်။

သို့ဖြစ်ရာအနာဂတ် ခရီးသွားလုပ်ငန်းသည်လည်း ကျေးလက်ဒေသကို အခြေခံ၍ ရေရှည်တည်တံ့ခိုင်မြဲသော လူတန်းစားအလွှာအသီးသီးကို လုပ်ပိုင်ခွင့် ခွဲဝေသော၊ ပိုမို၍ရွေးချယ်ခွင့်ရှိသော၊ ပိုမိုညင်သာ၍ ပြောင်းလွယ်ပြုလွယ်ရှိသော ခရီးသွားလုပ်ငန်းတစ်ရပ်အဖြစ် ပျော်ရွှင်ဖွယ်ရာ အနာဂတ်ကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ကြိုဆိုဆန္ဒပြုအပ်ပါသည်။ ။

---

*စာမျက်နှာ ၇ မှ*

ကျေးလက်ဒေသရှိ လူမှုဘဝများနှင့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့များကို သိရှိလေ့လာနိုင်ရန်နှင့် ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ရရှိခံစားနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ရပ်ရွာလူထု အခြေပြု ခရီးစဉ်ဒေသများကို ၂၀၁၆ခုနှစ်တွင် ကျေးရွာနှစ်ခုဖြင့် စတင်ဖော်ဆောင်ခဲ့ရာ အခုအခါ ကျေးရွာ ၄၁ ရွာ ပါဝင်သည့် ခရီးစဉ်ဒေသ ၁၉ ခုအထိ တိုးတက်အောင်မြင်နေပြီဖြစ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်

ယနေ့ ဆွေးနွေးသွားကြသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ခရီးသွားလုပ်ငန်း စီမံကိန်းများမှ best practice များနှင့် success story များကို နမူနာယူ၍ ကျေးလက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ခရီးသွားလုပ်ငန်းခရီးစဉ်ဒေသသစ်များကို ဆက်လက်ဖော်ထုတ်သွားကြရမည်ဖြစ်သကဲ့သို့ ခရီးစဉ်ဒေသများသို့ လာရောက်ကြသည့် ခရီးသွားများနှင့် ခရီးသွားများကို ဝန်ဆောင်မှုပေးကြမည့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရန် လိုအပ်သည့် သင်ကြားလေ့ကျင့်မှုများနှင့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

### CBT အများစုကို အားပေးကူညီရာရောက်

ယနေ့ရှင်းလင်းပြောကြားသွားသည့် မြန်မာ့ခရီးသွား ပြန်လည်ရှင်သန်ရေး မဟာဗျူဟာလမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap-MTSRR)၏ immediate strategies & actions ချက်ချင်းလုပ်ဆောင်မည့် မဟာဗျူဟာနှင့် လုပ်ငန်းများတွင်ပါဝင်သည့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးတို့နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ပေးကြရန်နှင့် New Normal အတွက် လိုအပ်သည့် လူသားအရင်းအမြစ်နှင့်ဆက်စပ်အရည်အသွေးများ၊ ကျွမ်းကျင်မှုနှင့် အသိပညာများ တိုးတက်အောင် လုပ်ဆောင်ပေးရန် စသည် တို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ခရီးသွားလုပ်ငန်း၏ လက်ရှိလိုအပ်ချက်များနှင့် ကိုက်ညီနေပါကြောင်း၊ MSME များကို စီးပွားရေးထောက်ပံ့မှုပေးသွားရန်ဆိုသည့် မဟာဗျူဟာလုပ်ငန်းစဉ်အနေဖြင့် အငယ်စားနှင့် အသေးစား MSME များဖြစ်ကြသည့် CBT အများစုကို အားပေးကူညီရာရောက်မည်ဖြစ်ပါကြောင်း။

### အထောက်အပံ့များသည် များစွာအရေးပါလာ

နောက်တစ်ဆင့် လုပ်ဆောင်ရမည့် မဟာဗျူဟာ လုပ်ငန်းစဉ်များတွင် MSME များကို digitisation, ရင်းနှီး မြှုပ်နှံမှု၊ HR နှင့် နည်းပညာ အကူအညီများဖြင့် အထောက်အပံ့ပေးသွားရေး ပါဝင်သည်ကို တွေ့ရပါကြောင်း၊ COVID- 19 ကြောင့် physical distancing မဖြစ်မနေ ဆောင်ရွက်ရခြင်းများ၊ work from home ဆောင်ရွက်ရခြင်းများနှင့် online ငွေပေးချေရခြင်းများကြောင့် ခရီးသွားများသည် New Normal တွင် ယခင်ထက်နည်းပညာကို အဆပေါင်းများစွာ ပိုမိုအသုံးပြုလာကြမည် ဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ခရီးသွားလုပ်ငန်း ဆက်လက်ရှင်သန်ရေးနှင့် ပြိုင်ဆိုင်နိုင်စွမ်းရှိရေး ဆောင်ရွက်ရာတွင် ယခုမဟာဗျူဟာလုပ်ငန်းစဉ်မှ ရရှိလာမည့် အကူအညီအထောက်အပံ့များသည် များစွာ အရေးပါလာမည်ဖြစ်ပါကြောင်း။

### တက်ညီလက်ညီပူးပေါင်းကြိုးပမ်း

မြန်မာနိုင်ငံ၏ ထူးခြားသည့် ယဉ်ကျေးမှုနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခရီးသွားအရင်းအမြစ်များအပေါ် မူတည်၍ ကျန်းမာရေးအတွက် လုံခြုံစိတ်ချရပြီး ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ်မြှင့်တင်နိုင်ရေးနှင့် ရှိပြီးသည့်ခရီးစဉ်ဒေသများကို အဆင့်မြှင့်တင်၍ လည်ပတ်ချင်စဖွယ်ဒေသများအဖြစ် ခရီးသွားများကို ဆွဲဆောင်နိုင်ရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးမဟာဗျူဟာများ၊ စံချိန်စံညွှန်းများနှင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲ ရေးအဖွဲ့များအတွက် guideline များ စနစ်တကျ ချမှတ်လုပ်ဆောင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားကော်မတီများ၊ ခရီးသွားလုပ်ငန်းနယ်ပယ် နှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံး တက်ညီလက်ညီပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၅

**၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား ( World Maritime Day 2020) ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ Virtual Platform မှ တစ်ဆင့် Online Celebration အဖြစ် ကျင်းပသည်။** (ယာပုံ)



### အကောင်အထည်ဖော်ဆောင်ရွက်

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်အခမ်းအနားများအား အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO)မှ ကြီးမှူး၍ ရေကြောင်းအန္တရာယ် ကင်းရှင်းရေး၊ လုံခြုံရေး၊ ရေပြင်ညစ်ညမ်းမှုကာကွယ်ရေးနှင့် ခေတ်မီနည်းပညာများ၊ အလေ့အထများဖြင့် ရေကြောင်းလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန် အထူးဂရုပြုဆောင်ရွက်လာနိုင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ်အတွက် ဆောင်ပုဒ်မှာ “ရေရှည်တည်တံ့ခိုင်မြဲသော ရေကြောင်းကဏ္ဍမှ ရေရှည်တည်တံ့ခိုင်မြဲသော ကမ္ဘာမြေဆီသို့ (Sustainable Shipping for a Sustainable Planet)” ဟူ၍ ဖြစ်ပါကြောင်း၊ IMO နှင့် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ “ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ” (United Nations Sustainable Development Goals) နှင့်ပတ်သက်ပြီး နားလည်သဘောပေါက်မှုကို မြှင့်တင်ပေးနိုင်ရန်နှင့် ၎င်းတို့၏ ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ UN 2030 Agenda မှ ထွက်ပေါ်လာသော မိမိတို့၏ သင်္ဘောလုပ်ငန်း အသိုက်အဝန်းနှင့် သက်ဆိုင်သည့် ထိရောက်ပြီး ယုံကြည်ရသည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ခေတ်မီစွမ်းအားများကို အသုံးပြုခွင့်ရစေရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် ယင်း၏ ဆိုးကျိုးများကို တွန်းလှန်ရန်အရေးကြီးသော ဆောင်ရွက်မှုများကို လုပ်ကိုင်စေရန်၊ သမုဒ္ဒရာများ၊ ပင်လယ်များနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အကျိုးရှိစွာ အသုံးပြုစေရန် လုပ်ငန်းစဉ်များအား ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော အနာဂတ် ဖြစ်တည်မှုအတွက် တွန်းအားပေးလှုံ့ဆော်ရန် ရည်ရွယ်ခြင်း ဖြစ်ပါကြောင်း။

### ဟန်ချက်ညီစွာ ပူးပေါင်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Myanmar Sustainable Development Plan (MSDP)တွင် တိုင်းဒေသကြီး၊ပြည်နယ်များနှင့် ဝန်ကြီးဌာနများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်စေရန် မဏ္ဍိုင်ကြီး (၃) ရပ်၊ ပန်းတိုင် (၅)ရပ်၊ မဟာဗျူဟာ (၂၈) ချက်နှင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (၂၅၁) ချက်ဖြင့် ချမှတ်ဖော်ဆောင်ခဲ့ပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍ တစ်ခုလုံးကို တိုးတက်ဖြစ်ထွန်းနိုင်စေရန် အတွက် ခေတ်မီ၍ ဘေးအန္တရာယ် ကင်းရှင်းသည့် စွမ်းရည်ထက်မြက်မှုနှင့် ပတ်ဝန်းကျင်သဟဇာတ ဖြစ်စေမည့် “Myanmar National Transport Master Plan” ဖြင့် အကောင်အထည်ဖော် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း နိုင်ငံတော်အစိုးရနှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် မြန်မာသင်္ဘောသားများ သင်္ဘောအတက်/အဆင်း အဆင်ပြေစေရန်နှင့် COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဟန်ချက်ညီစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

### ဟန်ချက်ညီစွာ ထိန်းသိမ်း

ထို့အပြင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေမူဘောင်များနှင့်အညီ မြန်မာသင်္ဘောသားများ ကိုင်ဆောင်ထားသော လက်မှတ်များအား Onboard သက်တမ်းတိုးပေးလျက်ရှိပါကြောင်းနှင့် မြန်မာသင်္ဘောသားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သော အထောက်အပံ့များပေးရန် သင်္ဘောပိုင်ရှင်များနှင့် သင်္ဘောသား အလုပ်အကိုင်ရှာဖွေရေးဌာန ကိုယ်စားလှယ်များကို တိုက်တွန်းညွှန်ကြားလျက် ရှိပါကြောင်း၊ ယခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂ၏ “ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ” (United Nations Sustainable Development Goals) နှင့်ပတ်သက်၍ နားလည်သဘောပေါက်ပြီး အဆိုပါပန်းတိုင်များနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ရေကြောင်းကဏ္ဍမှ ရေရှည်တည်တံ့ခိုင်မြဲသော ကမ္ဘာမြေအဖြစ် ဟန်ချက်ညီစွာ ထိန်းသိမ်းကြရန် တိုက်တွန်းပြောကြားသည်။

### သဝဏ်လွှာအား ဖွင့်လှစ်ပြသ

ထို့နောက် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO)၏ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့လာသော သဝဏ်လွှာအား ဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်ချက်များနှင့် အနာဂတ် ရေကြောင်းဘက်ဆိုင်ရာ လုပ်ငန်းများ စွမ်းဆောင်ရည် မြင့်မားလာစေရေး လေ့ကျင့်ပျိုးထောင်မှုများနှင့် ပတ်သက်၍ Powerpoint Presentation များ ဆက်လက်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများ၊ ရေကြောင်းဘက်ဆိုင်ရာ အသင်းအဖွဲ့များ၊ သင်တန်းကျောင်းများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်း ဝန်ဆောင်မှုလုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး Video Conferencing ဖြင့် ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများအတွက် သွားလာရေးလွယ်ကူအဆင်ပြေစေရန် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာလအတွင်း အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးနှင့် ကျေးလက်လမ်း/ တံတားများ လက်ရှိဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းတိုးတက်မှုအခြေအနေနှင့် လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ Video Conferencing ဖြင့် ကျင်းပသည်။** (အောက်ပုံ)





### ဂရုပြုဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မိမိတို့ တာဝန်ယူဆောင်ရွက်နေသောလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန်လိုပါကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးရှိ စီမံကိန်းလုပ်ငန်းခွင်များတွင် အလုပ်လုပ်နေသော အင်ဂျင်နီယာဝန်ထမ်းများ၊ လုပ်သားများအနေဖြင့် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို အထူးအလေးထားလိုက်နာရန် လိုပါကြောင်း၊ မုန်တိုင်းကဲ့သို့ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဂရုပြုဆောင်ရွက်ထားရန် လိုပါကြောင်း၊ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုပါကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို တင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

### အရှိန်အဟုန်မပြတ် ဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ယခုအခါ ဘတ်ဂျက်ပိတ်သည့် ကာလဖြစ်သည့်အတွက် မိမိတို့ တာဝန်ယူဆောင်ရွက်သော လုပ်ငန်းများ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အချိန်မီပြီးစီးအောင် အထူးအလေးထား ဆောင်ရွက်ရန် လိုပါကြောင်း၊ ကတိကဝတ်ပြုထားသည့် လုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရန် လိုပါကြောင်း၊ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ရန် လိုပါကြောင်း၊ ယခုအခါ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားနေသည့်အချိန်ဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပူးပေါင်းပြီး လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန်လိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ကရင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သည့် လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနှင့် အဆောက်အဦ ဦးစီးဌာနတို့မှ လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းတိုးတက်မှု အခြေအနေနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကို လည်းကောင်း၊ လုပ်ငန်းခွင်များတွင် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုနှင့် ပြီးစီးမှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

### ဦးစားပေး စီစဉ်ဆောင်ရွက်

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆက်လက်၍ လုပ်ငန်းများ အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အထူးအလေးထား ဆောင်ရွက်ရန်လိုပါကြောင်း၊ AC ခင်းပြီး လမ်းအပိုင်းများအား လမ်းအင်္ဂါရပ်နှင့်အညီ ပြည့်စုံအောင် ဆောင်ရွက်ထားရန် လိုပါကြောင်း၊ လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရန်နှင့် အရည်အသွေးကောင်းမွန်ရန် လိုပါကြောင်း၊ ယခုတည်ဆောက်ပြီး တံတားများကို ပြည်သူများ အသုံးပြုနိုင်ရေး ဦးစားပေး စီစဉ်ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစ္စရေးနိုင်ငံတွင် ဆေးရုံ ကားရပ်နားရာနေရာများကို ကိုဗစ်- ၁၉ လူနာဆောင်များအဖြစ်သို့ ပြောင်းလဲ

ဒမတ်စကတ် စက်တင်ဘာ ၂၅

**အစ္စရေးနိုင်ငံရှိ ဆေးရုံများတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသည့်လူနာများ အဆမတန် များပြားလာလျက်ရှိပြီး လူနာအချို့မှာ လူနာတင်ယာဉ်များပေါ်တွင် နာရီများစွာကြာသည်အထိ စောင့်ဆိုင်းနေရခြင်းများဖြစ်လျက်ရှိရာ ဆေးရုံတစ်ရုံ၌ ကားပါကင်နေရာကို လူနာဆောင်အဖြစ် ပြောင်းလဲအသုံးပြုကာ လူနာများ စုပြုံလာသည့်ပြဿနာကို ဖြေရှင်းခဲ့ကြောင်း သိရသည်။**

အစ္စရေးနိုင်ငံမြောက်ပိုင်း ဟိုင်ဖာမြို့ရှိ ဆေးရုံတစ်ခုတွင် မြေအောက်ကားပါကင်နေရာကို လူနာခုတင်များနှင့် ဘီးတပ်လူနာထိုင်ခုံများ ဖြည့်သွင်းကာ လူနာဆောင်အဖြစ် တိုးချဲ့ အသုံးပြုခဲ့သည်။ အဆိုပါနေရာကို မြေအောက် အရေးပေါ် ဆေးရုံအဖြစ် ခေါ်တွင်လိုက်ပြီး လူနာများအား လက်ခံရန် ဝန်နှင့်အား မမျှတော့သည့် ဆေးရုံများမှ ပြန်လွှတ်လိုက်သော ကိုဗစ်– ၁၉ လူနာများကို လက်ခံကုသရန် စီစဉ်ခဲ့ကြောင်း သိရသည်။ ၂၀၀၆ ခုနှစ်က လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာစစ်သွေးကြွအုပ်စုများနှင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခအပြီးတွင် ကားပါကင်နေရာများကို စစ်ဘေးခိုလှုံရာနေရာများအဖြစ် အသုံးပြုရန် ကြိုတင်လျာထားခဲ့ကြောင်း သိရသည်။

ယခုအခါ ကားပါကင်နေရာများသည် အစ္စရေး၏ မဟာဗျူဟာကျသည့် အဆောက်အအုံနေရာတစ်ခု ဖြစ်လာသကဲ့သို့ အခြားပြဿနာများကို ဖြေရှင်းရန် အသုံးပြုနိုင်သည်ကို နားလည်သဘောပေါက်ခဲ့ကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



အစ္စရေးနိုင်ငံရှိ ဆေးရုံတစ်ခုတွင် လူနာဆောင်အဖြစ် ပြောင်းလဲလိုက်သည့် ကားပါကင်နေရာကို တွေ့ရစဉ်။

# ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချကြရန် ကုလသမဂ္ဂအကြီးအကဲက အစိုးရများသို့ တိုက်တွန်း

**ဂျီနီဗာ စက်တင်ဘာ ၂၅**

ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရများအနေဖြင့် ရုပ်ကြွင်းလောင်စာ ထုတ်လွှတ်မှုများသည့် စက်ရုံလုပ်ငန်းများကို အားပေးထောက်ခံခြင်း မပြုကြရန်နှင့် ယင်းအစား ဆင်းရဲနွမ်းပါးသည့် ပြည်သူများ အလုပ်အကိုင်ရရှိရေးတွင် ရင်းနှီးမြှုပ်နှံကြရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်က တိုက်တွန်းပြောကြားလိုက်သည်။ စက်တင်ဘာ ၂၄ ရက်က အွန်လိုင်းကွန်ဖရင့် အစည်းအဝေးပြုလုပ်ခဲ့မှုအတွင်း ကုလအကြီးအကဲက ထိုသို့ တိုက်တွန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ၌ နိုင်ငံ့ခေါင်းဆောင်များက ပြောကြားသည့် မိန့်ခွန်းအများအပြားနှင့်အတူ မစ္စတာဂူတာရက်စ်ကလည်း အစည်းအဝေးမိန့်ခွန်း ပြောကြားခဲ့သည်။

အစည်းအဝေး၌ ချီလီသမ္မတ ဆီဘက်ရှန်ပီနီရာနှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်တို့ ပါဝင်ခဲ့ကြပြီး မိုက်ခရိုဆော့ဖ်ကုမ္ပဏီ အမှုဆောင်များနှင့် အခြားကုမ္ပဏီကြီးများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်။

မကြာသေးမီက ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ ရည်မှန်းချက်နှင့် ပတ်သက်၍ ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့က ထုတ်ပြန်လိုက်သည့် ကြေညာချက်များကြောင့် အားတက်ခဲ့ရကြောင်း ဂူတာရက်စ်က ပြောသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ဥရောပကော်မရှင်ဥက္ကဋ္ဌ အာစူလာဗွန်ဒါလီယန်က ၁၉၉၀ ပြည့်နှစ်မှစတင်ကာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်ခဲ့မှုကို လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ၅၅ ရာခိုင်နှုန်းအထိ လျှော့ချသွားရေး အဆိုပြုခဲ့သည်။

ယခုရက်သတ္တပတ် အစောပိုင်းတွင်လည်း တရုတ်သမ္မတရှီကျင့်ဖျင်က လာမည့် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု လျော့ပါးစေရေး လုပ်ဆောင်မည်ဟု အလေးအနက် ကတိပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ပြင်သစ်နိုင်ငံတွင် နေ့စဉ် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးစံချိန်သစ် ရောက်ရှိ

**ပါရီ စက်တင်ဘာ ၂၅**

ပြင်သစ်နိုင်ငံတွင် စက်တင်ဘာ ၂၄ ရက်က ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၀၉၆ ဦးရှိခဲ့ရာ ရောဂါစတင်ဖြစ်ပွားချိန်မှ စတင်ကာ နေ့စဉ် ကူးစက်ဖြစ်ပွားသူအရေအတွက် အမြင့်ဆုံးအဖြစ် စံချိန်တင်ခဲ့ကြောင်း ကျန်းမာရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

နိုင်ငံအတွင်း စက်တင်ဘာ ၂၄ ရက်တွင် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၄၉၇၂၃၇ ဦးအထိ ရှိလာခဲ့သည်။ ပြီးခဲ့သည့် တစ်ရက်အတွင်း သေဆုံးသူ ၅၂ ဦး ထပ်တိုးခဲ့ရာ စုစုပေါင်းသေဆုံးသူအရေအတွက် ၃၁၅၁၁ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် တရားဝင်သတင်းအချက်အလက်များအရ သိရသည်။

ကိုဗစ်– ၁၉ ကူးစက်ခံရသည့် လူနာအရေအတွက် များပြားလာမှုကြောင့် ယခုရက်သတ္တပတ်မှစတင်ကာ အရေးပေါ် ခွဲစိတ်ကုသရမည့် လူနာများကလွဲ၍ ကျန်ကုသမှုများကို ရွှေ့ဆိုင်းမည်ဖြစ်ကြောင်း ပါရီပြည်သူ့ဆေးရုံများအသင်းက ပြောကြားခဲ့သည်။

ပါရီမြို့ရှိ ဆေးရုံများတွင် ပြီးခဲ့သည့်ရက်သတ္တသုံးပတ်အတွင်း ကိုဗစ်– ၁၉ လူနာအရေအတွက် ၁၅၀ မှ ၃၃၀ အထိ တိုးလာခဲ့ကာ အထူးကြပ်မတ်ကုသဆောင်များတွင် လူနာအရေအတွက် ၅၀ မှ ၁၃၂ ဦးအထိ မြန်မြန်ဆန်ဆန် တိုးလာခဲ့ကြောင်း ပြည်သူ့ဆေးရုံများအသင်းမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

## ကမ္ဘာတစ်ဝန်း ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၃၂ သန်းကျော်ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြ

**ဝါရှင်တန် စက်တင်ဘာ ၂၅**

ကမ္ဘာတစ်ဝန်း ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် စက်တင်ဘာ ၂၄ ရက်တွင် ၃၂ သန်းအထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာနမှ ဖော်ပြချက်အရ သိရသည်။

စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၃ မိနစ်တွင် တစ်ကမ္ဘာလုံးရှိ ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်းမှာ ၃၂၀၄၈၃၃၃ ဦးအထိ ရှိလာခဲ့ကြောင်း အချက်အလက်များ ဖော်ပြထားသည်။

ရောဂါကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုပမာဏ အများဆုံးမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ဘရာဇီးနိုင်ငံမှာ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ဒုတိယအများဆုံး နိုင်ငံဖြစ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံမှာ အမေရိကန် ပြီးလျှင် ရောဂါကူးစက်မှုနှုန်း ဒုတိယအများဆုံးဖြစ်သည်။ **အေအက်ဖ်ပီ**

# တောင်ကိုရီးယား တစ်ဦးကို မြောက်ကိုရီးယားဘက်မှ ပစ်သတ်ခဲ့မိသည့်အတွက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတောင်းပန်

**ပြုံယမ်း စက်တင်ဘာ ၂၅**

ပင်လယ်ထဲတွင် တောင်ကိုရီးယား နိုင်ငံသားတစ်ဦးကို ပစ်သတ်ခဲ့မိသည့် ကိစ္စအတွက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းက တောင်းပန်ခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသား သေဆုံးခဲ့ရမှုအတွက် တောင်းပန်ထားသည့် ကြေးနန်းစာကို မြောက်ကိုရီးယား အလုပ်သမားပါတီက စက်တင်ဘာ ၂၅ ရက် အစောပိုင်းတွင် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ အမျိုးသားလုံခြုံရေးရုံး အကြီးအကဲ ဘူဟွန်းက ပြောကြားခဲ့သည်။

နိုင်ငံအတွက် ဂုဏ်သတင်းထိခိုက်စေသည့် အဆိုပါကိစ္စနှင့် ပတ်သက်၍ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် ၎င်း၏ပြည်သူများအား အလွန်စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည့်အတွက် အလွန် စိတ်မကောင်းဖြစ်မိကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက အဆိုပါကြေးနန်းစာတွင် ဆိုထားသည်။

အဆိုပါဖြစ်ရပ်တွင် တောင်ကိုရီးယားပင်လယ်နှင့်ငါးလုပ်ငန်းဝန်ကြီးဌာနအရာရှိတစ်ဦး ပါဝင်ခဲ့ပြီး ၎င်းသည် စက်တင်ဘာ ၂၁ ရက်က ပင်လယ်ဝါအတွင်း ကင်းလှည့်ရေယာဉ်တစ်စင်းပေါ်၌ တာဝန်ကျနေစဉ် ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါအရာရှိကို စက်တင်ဘာ ၂၂ ရက်တွင် မြောက်ကိုရီးယားစစ်တပ်က သေနတ်ဖြင့် အသေပစ်ခတ်ခဲ့ပြီး အလောင်းကို မီးရှို့ခဲ့ကြောင်း တောင်ကိုရီးယားဘက်မှ ပြောကြားခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ကွပ်ကဲမှုဌာနက နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာပြီး ထွက်ပြေးရန်ကြိုးစားသူတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ သို့ရာတွင် အလောင်းကို မီးရှို့ခဲ့ခြင်းမှာ မဟုတ်ကြောင်း ငြင်းဆန်ထားသည်။ **အင်န်အိတ်ချ်ကေ**




မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရုပ်ပုံ ပါဝင်သည့် သတင်းထုတ်လွှင့်မှုအစီအစဉ်တစ်ခုကို တောင်ကိုရီးယားပြည်သူများ ကြည့်ရှုနေစဉ်။

# ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တစ်နေ့လျှင် လူဦးရေ ၁၀၀၀ သာ ခွင့်ပြုပေးသွားမည်




တင်းနစ်ကွင်းအတွင်း ပြင်ဆင်မှုများပြုလုပ်နေသည်ကို တွေ့ရစဉ်။

ပါရီ စက်တင်ဘာ ၂၅

**ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကြည့်ရှုသူပရိသတ်ကို ယခင်က ၁၁၅၀၀ ကြားမှ ၅၀၀၀ အထိ ခွင့်ပြုပေးခဲ့သော်လည်း ယခုအခါ ပါရီမြို့အနီးတစ်ဝိုက်တွင် ကူးစက်မှုများ ပြန်လည်မြင့်တက်နေသည့်အတွက် လာရောက်ကြည့်ရှုမည့်သူ အရေအတွက်ကို တစ်နေ့လျှင် ၁၀၀၀ သာ ခွင့်ပြုပေးတော့မည်ဟုဆိုကာ အရေအတွက်လျှော့ချလိုက်ကြောင်း ပြင်သစ် ဝန်ကြီးချုပ် Jean Castex က စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။**

ရိုလန်ဂါရို့စ် တင်းနစ်ပြိုင်ပွဲတွင်လည်း ယခုကန့်သတ်ထားသည့် အရေအတွက်အတိုင်းသာ ခွင့်ပြုပေးမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံတွင် မကြာသေးမီအချိန်အတွင်းက ကိုဗစ်-၁၉ ကူးစက်မှုတစ်ဖန် မြင့်တက်လာခဲ့ပြီးနောက် ပြင်သစ်အစိုးရသည် ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ကိုဗစ် -၁၉ ကြောင့် ပြင်သစ်နိုင်ငံအတွင်း လူပေါင်း ၃၁၅၀၀ သေဆုံးခဲ့ရပြီးဖြစ်သည်။

ကိုဗစ်- ၁၉ ကူးစက်မှုစိုးရိမ်မှုများ မြင့်တက်နေသည့်အတွက် အားကစားပြိုင်ပွဲကြီးများတွင် လူဦးရေ ၁၀၀၀ သာ လက်ခံတော့မည့် ကန့်သတ်ချက်မှာ စက်တင်ဘာ ၂၆ ရက်တွင် စတင်မည်ဟု ကျန်းမာရေးဝန်ကြီး အိုလစ်ဗာ ဗာရန်က ပြောသည်။

ယခုလအစောပိုင်းက ပြင်သစ် တင်းနစ်အဖွဲ့ချုပ်သည် ဧည့်ပရိသတ် ၁၁၅၀၀ ကြည့်ရှုခွင့်ပေးရန် စီစဉ်ခဲ့ကြသည်။ ထို့နောက် စက်တင်ဘာ ၁၇ ရက်တွင် အစိုးရ၏ တောင်းဆိုမှုဖြင့် လူအရေအတွက်ကို ၅၀၀၀ အထိ လျှော့ချပေးခဲ့သည်။

ယခုတစ်ဖန် ကူးစက်မှုများများလာသဖြင့် ပွဲကြည့်ပရိသတ်အရေအတွက်ကို ၁၀၀၀ အထိ ထပ်မံလျှော့ချလိုက်ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ကိုဗစ် -၁၉ တိုက်ဖျက်ရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ကြရန် ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးပြော

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၅**

ကိုဗစ်-၁၉ တိုက်ဖျက်ရာတွင် ဒေသတွင်းနိုင်ငံများ ပူးပေါင်းပါဝင်ကြရန် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှာ့ရှ် မာမွတ်ကရက်ရှီက စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။ တောင်အာရှနိုင်ငံများ ဒေသတွင်းကော်ပိုရေးရှင်း ( SAARC ) အစည်းအဝေးတွင် ယခုလိုပြောကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါကော်ပိုရေးရှင်းကို နိုင်ငံပေါင်း ရှစ်နိုင်ငံဖြင့် ဖွဲ့စည်းထားပြီး အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့ ပါဝင်ကြသည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးကို မူဘောင်များအတွင်းမှ လုပ်ဆောင်နေသော်လည်း တောင်အာရှနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှု ရပ်တန့်ရန်နှင့် လူ့အသက်များဆုံးရှုံးမှု မဖြစ်စေရေးတို့အတွက် ဒေသတွင်း ကိုင်တွယ်ဖြေရှင်းမှုသည်လည်း လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိရောက်သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်း ကိုင်တွယ်ဖြေရှင်းမှုများအတွက် ပါကစ္စတန်နိုင်ငံသည်SAARC ကျန်းမာရေး ဝန်ကြီးများ ဗီဒီယိုအစည်းအဝေးကို ဧပြီလအတွင်းက ဦးဆောင်ကျင်းပခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် အသွားအလာပိတ်ဆို့ကန့်သတ်မှု၊ သီးခြားထားစောင့်ကြည့်မှု၊ ရောဂါရှိသူနှင့် ထိတွေ့မိသူများနောက် ခြေရာခံလိုက်နိုင်မှုနှင့် ကိုဗစ်- ၁၉ ရှိ မရှိ ဆေးစစ်ပေးနိုင်မှုတို့ကြောင့် ဗိုင်းရပ်စ်ကူးစက်မှုကို အောင်အောင်မြင်မြင် ထိန်းချုပ်နေနိုင်ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ကိုဗစ် - ၁၉ ၏ ဆိုးရွားသည့် လက္ခဏာများကို သွေးစစ်ကြည့်ခြင်းဖြင့် ကြိုတင်ခန့်မှန်းနိုင်

**တိုကျို စက်တင်ဘာ ၂၅**

သွေးစစ်ခြင်းဖြင့် ကိုဗစ် – ၁၉ လူနာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆိုးရွားသည့် ရောဂါလက္ခဏာများကို ခန့်မှန်းနိုင်အောင် လုပ်ဆောင်ထားနိုင်ကြောင်း ဂျပန် သုတေသနပညာရှင်များက ပြောသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးနှင့် ဆေးဝါးသုတေသန အမျိုးသားစင်တာမှ လေ့လာရေးအုပ်စုသည် ကိုဗစ်- ၁၉ ကူးစက်ခံထားရသည့် လူပေါင်း ၂၈ ဦး၏ သွေးနမူနာများကို လေ့လာခဲ့ခြင်းဖြစ်သည်။ သွေးနှင့် လူနာ၏ ရောဂါလက္ခဏာကြား ဆက်နွှယ်မှုများကို လေ့လာခဲ့ကြသည်။

ရောဂါလက္ခဏာပြင်းထန်သည့် လူ ၁၂ ဦးကိုလေ့လာရာတွင် အစောပိုင်း အဆင့်တွင် ပုံမှန်တွေ့ရသည်ထက် ပရိုတိန်းအမျိုးအစား CCL 17 တွင် နိမ့်နေသည်ကို လေ့လာမှုအရ တွေ့ရှိခဲ့ကြသည်။ ကိုဗစ် -၁၉ ကူးစက်ခံရပြီး အပျော့စားလက္ခဏာနှင့် ရောဂါလက္ခဏာမပြင်းထန်သူများတွင်မူ ပရိုတိန်း အဆင့်မှာ ပုံမှန်အတိုင်းသာရှိနေသည်ကို လေ့လာတွေ့ရှိရသည်။

လူနာတစ်ဦးသည် ဆိုးဆိုးရွားရွား မဖျားနာမီ ရက်အနည်းငယ်ကြာ အခြားသော ပရိုတိန်း အမျိုးအစားလေးမျိုးမှာလည်း ရေချိန်မြင့်လာသည်ကို တွေ့ရှိခဲ့ကြသည်။

သွေးအတွင်းပရိုတိန်းအမျိုးအစားငါးမျိုးကို လေ့လာခြင်းဖြင့် ကိုဗစ် – ၁၉ လူနာတွင် ရောဂါဆိုးရွားပြင်းထန်ဖွယ် ရှိ မရှိကို ကြိုတင်ခန့်မှန်းနိုင်မည်ဟု သုတေသီများက တွေ့ရှိခဲ့ကြသည်။

ရောဂါကူးစက်ခံရသူလူနာများကို ရောဂါမပြင်းထန်မီ ကြိုတင်သိရှိပြီး ကုသပေးမှုများ ပြုလုပ်နိုင်ပါက အသက်ဘေးမှ ကယ်တင်နိုင်လိမ့်မည်ဟု အဆိုပါစင်တာက ပြောသည်။ မကြာမီအချိန်အတွင်း ဖြစ်နိုင်သမျှ အမြန်ဆုံး သွေးစစ်မှုကိရိယာများ ထုတ်လုပ်သွားနိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ကမ္ဘာ့အကြီးဆုံး ဆိုင်ကယ်ဈေးကွက်ဖြစ်သည့်အိန္ဒိယမှ ဟာလီဒေဗစ်ဆင် ဆုတ်ခွာသွားတော့မည်

**နယူးဒေလီ စက်တင်ဘာ ၂၅**

ဟာလီဒေဗစ်ဆင်ဆိုင်ကယ် ထုတ်လုပ်ရောင်းချမှုသည် ကမ္ဘာ့အကြီးဆုံး ဆိုင်ကယ်ဈေးကွက်ဖြစ်သည့် အိန္ဒိယနိုင်ငံအတွင်းမှ ဆုတ်ခွာသွားတော့မည်ဖြစ်ကြောင်း သိရသည်။ နာမည်ကျော်ကြားလှသည့် အမေရိကန် မော်တော်ဆိုင်ကယ် တံဆိပ်ဖြစ်သည့် ဟာလီဒေဗီဆင် ဆိုင်ကယ် ထုတ်လုပ်မှုကို ရပ်ဆိုင်းသွားမည်ဖြစ်ပြီး ရောင်းချမှုများကိုလည်း သိသိသာသာ ပမာဏ လျှော့ချသွားမည်ဟု သိရသည်။




အိန္ဒိယနိုင်ငံအတွင်း အခွန်အခ ကြီးမြင့်မှုကြောင့် တိုယိုတာကုမ္ပဏီသည် နောက်ထပ်တိုးချဲ့လုပ်ဆောင်မှုများ လုပ်ဆောင်နိုင်တော့မည်မဟုတ်ဟု ကြေညာပြီးနောက် ဟာလီဒေဗီဆင် ဆိုင်ကယ် ထုတ်လုပ်သူများကလည်း ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ကြိုးပမ်းနေသည့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီအတွက် ထိုးနှက်ချက်တစ်ခုဖြစ်လာနိုင်သည်။

ဟာလီဒေဗီဆင်ဆိုင်ကယ် စက်ရုံကို ၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော်လည်း ဒေသတွင်း ဆိုင်ကယ်အမှတ်တံဆိပ်များဖြစ်သည့် ဟီရိုးနှင့် ဟွန်ဒါတို့ကို ယှဉ်ပြိုင်ရန် ကြိုးစားရုန်းကန်ခဲ့ရသည်။ အိန္ဒိယနိုင်ငံတွင် နှစ်စဉ် မော်တော်ဆိုင်ကယ်နှင့် စကူတာပေါင်း ၁၇ သန်း ရောင်းချရသည့်အတွက် ကြီးမားသည့် မော်တော်ဆိုင်ကယ်ဈေးကွက်လည်း ဖြစ်သည်။

**တိုင်းမ်စ်အော့အိန္ဒိယ**

## အလုပ်အကိုင်များ မဆုံးရှုံးစေရေး အစီအစဉ်သစ်ကို ဗြိတိန် ထုတ်ဖော်ပြောကြား

**လန်ဒန် စက်တင်ဘာ ၂၅**

ကိုဗစ် – ၁၉ ကြောင့် ထိခိုက်ခံစားရသည့် လုပ်ငန်းရှင်များ၊ အလုပ်သမားများအတွက် အလုပ်အကိုင်များ ထောက်ပံ့ပေးရေး အစီအစဉ်သစ်ကို ဗြိတိန်အစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။

လတ်တလော ချမှတ်ထားသည့် အလုပ်ခွင်မှ နားနေရေး အစီအစဉ်သည် လာမည့်လအတွင်း သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ပြီး ယင်းစနစ်အစား ယခုအစီအစဉ်ကို အစားထိုးသွားမည်ဖြစ်သည်။

ကိုဗစ် – ၁၉ ကူးစက်မှု နောက်တစ်ကြိမ်မြင့်တက်လာသည်နှင့်တစ်ပြိုင်နက် အလုပ်လက်မဲ့ဦးရေလည်းတိုးလာမည်ကို လေ့လာသူများက စိုးရိမ်နေကြသည်။ ယခုအစီအစဉ်သစ်သည် နိုဝင်ဘာလမှ စတင်ပြီး ခြောက်လကြာမြင့်မည်ဟု စက်တင်ဘာ ၂၄ ရက်တွင် ဘဏ္ဍာရေးဝန်ကြီး ရစ်ရှီဆူနက်က ပြောသည်။

လက်ရှိ ကျင့်သုံးနေသည့် အစီအစဉ်အရ ခွင့်ယူထားသည့် အလုပ်သမားများအတွက် တစ်လလျှင် လုပ်ခလစာ ၈၀ ရာခိုင်နှုန်း ပေါင် ၂၅၀၀ ခန့်အထိ ထောက်ပံ့ပေးနေသည်။ အစီအစဉ်သစ်အောက်တွင်မူ အလုပ်သမားများသည် ၎င်းတို့အလုပ်လုပ်သည့်အချိန်၏ သုံးပုံပုံ တစ်ပုံ အနည်းဆုံး လုပ်ကိုင်ရန်လိုအပ်သည်။

အကယ်၍ အလုပ်ရှင်သည် အလုပ်မလုပ်သည့် နာရီများအတွက် အလုပ်သမား၏ လစာ သုံးပုံ တစ်ပုံပေးရန် သဘောတူပါက အစိုးရသည် ကပ်ရောဂါ အကြိုလစာ စုစုပေါင်း၏ ၂၂ ရာခိုင်နှုန်းကို ပေးသွားမည်ဖြစ်သည်။

လက်ရှိကျင့်သုံးနေသည့်စနစ်နှင့် မတူညီသည်မှာအစီအစဉ်သစ်တွင် လုပ်ငန်းခွင်မှ ဆက်လက်နားနေသည့် အလုပ်သမားများအတွက် လုပ်ခလစာ ပေးသွားမည် မဟုတ်ပေ။

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း လူများ လုပ်ငန်းခွင်သို့ ပြန်ဝင်ရန် ထောက်ပံ့ပေးမှုများပြုလုပ်ရန်လိုအပ်ပြီး အလုပ်အကိုင်များကို တတ်နိုင်သမျှ အကာအကွယ်ပေးသွားရမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန် ဘဏ္ဍာရေးဝန်ကြီး ရစ်ရှီဆူနက်။

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၃ ရက်သာ**

**လိုတော့သည်။**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများအနက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များ စတုတ္ထအကြိမ်ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်မဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ပေးပို့လာသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ်များက ဆန္ဒမဲပေးပိုင်ခွင့်ရှိ/မရှိ စိစစ်ပြီး သက်ဆိုင်ရာ မြန်မာသံရုံးများ၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များ အချိန်မီပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၈၈ ဦး အတွက် စက်တင်ဘာ ၁၈ ရက်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၄၂၆ ဦးအတွက် စက်တင်ဘာ ၂၃ ရက်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၃၄၂၂ ဦးအတွက် စက်တင်ဘာ ၂၄ ရက်တွင် တတိယအကြိမ်အဖြစ်လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ဆက်လက်စိစစ်ပြီးသည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ သက်ဆိုင်ရာ သံရုံး ၃၇ ရုံးတွင် ကြိုတင်ဆန္ဒမဲပေးကြမည့် ဆန္ဒမဲ




ပေးပိုင်ခွင့်ရှိသူ ၃၇၄၉၀ ဦးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းထံသို့ ယနေ့တွင် စတုတ္ထအကြိမ်အဖြစ် အပြီးသတ် လွှဲပြောင်းပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအသီးသီးရှိ သက်ဆိုင်ရာ မြန်မာသံရုံးများ၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း ၄၅ ရုံးတို့တွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများအနက် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၀၁၅၂၆ ဦးတို့ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

# ကရင်အမျိုးသားပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၅

**ကရင်အမျိုးသားပါတီ တွဲဖက်အတွင်းရေးမှူး -၁ မန်းမြင့်စိုး (ခ) မန်းမင်းရဲထွေးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**



**လေးစားအပ်တဲ့ တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ခင်ဗျာ၊**

အားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဦးစွာပထမဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကရင်အမျိုးသားပါတီရဲ့ တွဲဖက်အတွင်းရေးမှူး(၁) မန်းမြင့်စိုး(ခ)မန်းမင်းရဲထွေး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်အမျိုးသားပါတီရဲ့ ရည်ရွယ်ချက်များကတော့ -

(၁) ကရင်ပြည်သူလူထုရဲ့ ဆန္ဒများကို ဒီမိုကရေစီနည်းဖြင့် ဖော်ထုတ်ပြသနိုင်ဖို့၊
(၂) တိုင်းရင်းသားအားလုံးရဲ့ဘဝလုံခြုံမှုကို ပေးစွမ်းနိုင်တဲ့ တရားဥပဒေစိုးမိုးရေး ရရှိဖို့၊
(၃) တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိဖို့၊
(၄) ကရင်အမျိုးသားထုတစ်ရပ်လုံးကို လွှမ်းခြုံကိုယ်စားပြုတဲ့ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ဖို့၊
(၅) တိုင်းရင်းသားများ မျှော်လင့်တောင့်တနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံပေါ်ထွန်းဖို့ စတာတွေပဲ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားမိဘပြည်သူများခင်ဗျာ၊**

၁၉၄၇ ခုနှစ် ဇွန်လ(၁၆)ရက်နေ့ တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ အခြေခံမူလေးချက်ကို ချမှတ်ခဲ့ပါတယ်။

အဲဒါတွေကတော့
(၁) လွတ်လပ်တဲ့နိုင်ငံ၊
(၂) အချုပ်အခြာအာဏာပိုင်နိုင်ငံ၊
(၃) ဒီမိုကရေစီနိုင်ငံ၊
(၄) ပြည်ထောင်စုနိုင်ငံတို့ပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ၁၉၄၇ ခုနှစ် ၊ စက်တင်ဘာလ(၂၄)ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစနစ်ကနေ သွေဖည်ပြီး တစ်ပြည်ထောင်စနစ်ကို ရောက်သွားခဲ့ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အကျပ်အတည်း(Constitutional crisis)ကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးမပြေလည်မှုတွေကို အဲဒီအချိန်က ဖဆပလအစိုးရက စစ်ရေးနည်းနဲ့ ဖြေရှင်းခဲ့လို့ဖြစ်ပေါ်လာခဲ့တဲ့ ပြည်တွင်းစစ်ဟာလည်း ဒီကနေ့ဆိုရင် ရာစုနှစ်တစ်ခုအတွင်း ဝင်ရောက်ခဲ့ပြီး ဖြစ်ပါတယ်။

ပြည်တွင်းစစ်ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ တိုင်းပြည်ဓနအင်အား ဆုံးရှုံးခြင်း ၊ အရှေ့တောင်အာရှမှာ ချမ်းသာတဲ့နိုင်ငံဘဝကနေပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ LDC ဘဝရောက်ခဲ့ရတဲ့အပြင် မှန်းဆမရနိုင်တဲ့ကာလအထိ ပြန်လည်ကုစားရမယ့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုပျက်ပြားခဲ့တဲ့ စိတ်ပိုင်းဆိုင်ရာ ယိုယွင်းခဲ့ရတာတွေဟာ အဆိုးရွားဆုံးသက်ရောက်မှုများ ဖြစ်ခဲ့ပါတယ်။

**လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူများခင်ဗျာ၊**

လွတ်လပ်ရေးရပြီး(၁၄)နှစ်အကြာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁) အခြေခံဥပဒေ ပြင်ဆင်ပိုင်ခွင့်အရ ၁၉၆၂ ခုနှစ် မတ်လ(၁)ရက်နေ့ နီးနှောဖလှယ်ပွဲမှာ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့က အခြေခံဥပဒေကို ပြည်ထောင်စုစစ်စစ်ဖြစ်တဲ့ (Federal)မူနဲ့ ပြင်ဆင်သင့်ကြောင်း တင်ပြခဲ့ပါတယ်။

အတိုက်အခံပါတီများဘက်က တည်မြဲဖဆပလခေါင်းဆောင် ဦးဗဆွေက တစ်ပြည်ထောင်စနစ်သာ သင့်တော်ကြောင်း၊ ပမညတ ခေါင်းဆောင် ဝိဇ္ဇူရ သခင်ချစ်မောင်က ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ထောင်ခြင်းဖြင့် တိုင်းရင်းသားအားလုံး လူနေမှုဘဝ မြင့်မားလာမှာဖြစ်ကြောင်း (Federal) ပြည်ထောင်စုမူကို ကန့်ကွက်ခဲ့ကြပါတယ်။

အဲဒီလို (Federal seminar) မှာ ဆွေးနွေးနေကြချိန် ပြည်တွင်းသတင်းစာ(၃)စောင်ဖြစ်တဲ့ ဗမာ့ခေတ်သတင်းစာ၊ အထောက်တော်သတင်းစာနဲ့ နေရှင်းသတင်းစာတွေဟာ တိုင်းရင်းသားများ ပြည်ထောင်စုကနေ ခွဲထွက်တော့မှာဖြစ်ကြောင်း မမှန်သတင်းရေးသား ထုတ်ဝေခဲ့ကြပါတယ်။

အဲဒီမမှန်သတင်းကို တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြတဲ့ စဝ်ခွန်ချို နဲ့ စဝ်ဝဏ္ဏတို့က ဝန်ကြီးချုပ် ဦးနုကို ၁၉၄၉ ခုနှစ် တပ်မတော်အင်အား တပ်ရင်းတစ်ရင်းခွဲသာ ကျန်ရှိပြီး ရန်ကုန်အစိုးရလို့တောင် အခေါ်ခံရတဲ့အချိန်က ကချင်၊ ကယား၊ ချင်း၊ ရှမ်းတို့ရဲ့စစ်တပ်အင်အားနဲ့ ပြည်ထောင်စုကို ကာကွယ်ခဲ့ကြောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၀)မှာ ခွဲထွက်ခွင့်ကို ဆန္ဒမရှိဘဲ ပြည်ထောင်စုရဲ့ ရေရှည်အကျိုးကိုကြည့်ပြီး (Federal)ပြည်ထောင်စုမူကို တင်ပြခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ခင်ဗျာ၊**

မြန်မာ့နိုင်ငံရေးရဲ့ အဓိကပြဿနာဟာ
(၁) အမျိုးသားပြည်နယ်များနဲ့ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေး၊
(၂) ပြည်တွင်းစစ်ကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးတို့ပဲ ဖြစ်ပါတယ်။

ကမ္ဘာမှာရှိတဲ့ နိုင်ငံများကိုကြည့်ရင် လူမျိုးစုံနေထိုင်ကြတဲ့နိုင်ငံ Multi Nation State တွေမှာ လူမျိုးတစ်မျိုးနဲ့တစ်မျိုး လွှမ်းမိုးရင် နိုင်ငံတည်ငြိမ်မှုကင်းမဲ့ပြီး နိုင်ငံပြိုကွဲတဲ့အထိ ဖြစ်တတ်ပါတယ်။

ဥပမာအားဖြင့်
(၁) ချက်ကိုစလိုဗက်ကီးယားနိုင်ငံကနေ ချက်နဲ့ စလိုဗက်နိုင်ငံ
(၂) ယူဂိုစလားဗီးယားနိုင်ငံကနေ ခရိုအေးရှားနဲ့ စလိုဗေးနီးယားနိုင်ငံ
(၃) ဆိုဗီယက်နိုင်ငံပြိုကွဲခြင်း စတာတို့ ဖြစ်ကြပါတယ်။

စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုများဖြစ်ကြတဲ့
(၁) ဆွစ်ဇာလန်နိုင်ငံ
(၂) ဩစတြေးလျနိုင်ငံ
(၃) အမေရိကန်ပြည်ထောင်စုတို့ဟာ နိုင်ငံတည်ငြိမ်တိုးတက်ဖွံ့ဖြိုးနေတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

အချုပ်အခြာအာဏာ ပြိုကွဲကြတဲ့နိုင်ငံများကို ကြည့်ရင်
(၁) အာဏာရှင်နိုင်ငံဖြစ်ခြင်း
(၂) အမည်ခံ ပြည်ထောင်စုဖြစ်ခြင်း
(၃) ပြည်ထောင်စုနဲ့ ပြည်နယ်အာဏာခွဲဝေမှု (Division of Power) မမျှတခြင်းကြောင့် တွေ့ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ လူမျိုးစုံနေထိုင်ကြတဲ့ Multi Nation State နိုင်ငံမျိုးဖြစ်တာကြောင့် မတူညီဘဲ စုံလင်ကွဲပြားမှုဟာ ပကတိအရှိတရားအဖြစ်လက်ခံပြီး အပြန်အလှန်အကျိုးပြု စည်းလုံးမှုဖြစ်တဲ့ Unity in Diversity ဖြစ်တဲ့ ကမ္ဘာ့နိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်နဲ့ နေထိုင်တတ်ဖို့ လိုအပ်ပါတယ်။

စစ်မှန်တဲ့ ပြည်ထောင်စုဆိုရာမှာ စိတ်တူသဘောတူ တန်းတူညီတူ ပူးပေါင်းခြင်း Voluntary Association ဖြစ်ပါတယ်။ ပြည်ထောင်စုဆိုတာ နဂိုအရှိတရားမဟုတ်၊ ပြည်ထောင် သို့မဟုတ် ယူနစ်များသာ ပင်ကိုအရှိတရား ဖြစ်ပါတယ်။ ပြည်ထောင်များပေါင်းခြင်းကြောင့်သာ ပြည်ထောင်စုဆိုတာ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာမှာ နယ်မြေအကျဉ်းအကျယ် မသက်ဆိုင်ကြောင်း
အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်ဟာ အကျယ်ဆုံးဖြစ်ပြီး ရုကျွန်းဟာ အကျဉ်းဆုံး အဆခြောက်ဆယ်ကွာခြားတယ်၊ ဆွစ်ဇာလန်နိုင်ငံမှာ ဇူးရစ်နဲ့ ဘန်းပြည်နယ်များက အကြီးဆုံးဖြစ်ပြီး ဗေးလေးနယ်ဟာ အကျဉ်းဆုံးဖြစ်တယ်၊ ရုရှားဟာအကျယ်ဆုံးဖြစ်ပြီး အက်စတိုနီးယားဟာ အငယ်ဆုံးဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာမှာ လူဦးရေနည်းခြင်းများခြင်းနဲ့လည်း မသက်ဆိုင်ကြောင်း၊

ဆိုဗီယက် ခွဲထွက်ပြည်နယ်များမှာ လူဦးရေ ၀.၅% - ၁.၅%မှ ရုရှားလူဦးရေသည် ၅၀% ရှိခြင်း၊

အမေရိကန် ပြည်ထောင်စု နီဗားဒါးပြည်နယ်ဟာ လူဦးရေ ၃ သန်းရှိပြီး ဝိုင်ယိုမင်းပြည်နယ် က ၅ သိန်းကျော်ရှိကြောင်း၊ ဒဲလားဝဲယားပြည်နယ်မှာ လူဦးရေ ၉ သိန်းကျော်ရှိကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

၁၉၉၈ ခုနှစ် စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့မှာ နိုင်ငံတစ်ခုအတွင်း လူမျိုးအသီးသီးရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်တဲ့ Self Determination ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများလိုက်နာရန် ပဋိညာဉ်စာတမ်းအဖြစ် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

Federal စနစ်တည်ဆောက်ခြင်းကြောင့် ရရှိတဲ့အကျိုးကျေးဇူးများဟာ-
(၁) နိုင်ငံတော်အာဏာကို တစ်နေရာတည်းမှာမထားဘဲ ဒေသန္တရအုပ်ချုပ်ခွင့်ကို Self Rule ဗဟိုမှာ စုပေါင်းအုပ်ချုပ်ခြင်းကို Share Rule အဖြစ် ဗဟိုနဲ့ ဒေသန္တရအာဏာထိန်းညှိမှု Check and Balance ရှိခြင်းကြောင့် ပြည်ထောင်စုမပြိုကွဲနိုင်ခြင်း၊
(၂) လူနည်းစုနဲ့ လူများစု အပြန်အလှန်အသိအမှတ်ပြုခြင်းကြောင့် လူမျိုးရေးပြဿနာမရှိခြင်း၊
(၃) Federal စနစ်မှာ နိုင်ငံသားတိုင်း မဲတစ်ပြားစီ ပိုင်ဆိုင်ခွင့်ရှိပြီး ပြည်ထောင်စု ဖွဲ့စည်းရာမှာပါဝင်တဲ့ ယူနစ်တစ်ခုစီတိုင်း ကြီးတယ်ငယ်တယ်မခွဲခြားဘဲ မဲတစ်ပြားစီသာ ပိုင်ဆိုင်ခြင်းဖြင့် တန်းတူညီမျှမှုကို ပေါ်လွင်စေပါတယ်။
(၄) အာဏာရှင်စနစ်ကို ဆန့်ကျင်ခြင်းကြောင့် အာဏာသိမ်းမှုကိုလည်း ကာကွယ်နိုင်ခြင်း
စတာတွေ ဖြစ်ပါတယ်။

**လေးစားအပ်တဲ့ တိုင်းရင်းသားမိဘပြည်သူများခင်ဗျာ**

မပြိုကွဲနိုင်တဲ့ ပြည်ထောင်စုတစ်ခုကို အတူတကွ တည်ဆောက်ကြပါစို့၊ စစ်မှန်တဲ့ ပြည်ထောင်စုကြီး အမြန်ဆုံးပေါ်ထွန်းလာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒ၊ ကြံစည်တာမှန်သမျှ ပြည့်ဝကြပါစေ။

**ကရင်အမျိုးသားပါတီ**
**တေးရေး – မန်းမင်းရဲထွေး**
**တေးဆို – စောဂျက်**
ကရင်အမျိုးသားပါတီ ကရင်အမျိုးသားအတွက်ရည်
နိုင်ငံရေးလမ်းစဉ် ရည်ရွယ်ရှေ့ထားလုပ်ဆောင်မည်
ကရင်အမျိုးသားပါတီ ဒီမိုကရေစီ ရှေ့ကိုချီ
ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန် ကြိုးစားပြီး စွမ်းဆောင်မည်
ကရင်အမျိုးသားပါတီ ဖက်ဒရယ်စနစ်ရရှိရန် ရည်ရွယ်ပြီး ဖွဲ့ခဲ့သည်
ပြည်ထောင်စုကြီး တန်းတူရေး
ကရင်အမျိုးသားပါတီ
တူညီအခွင့်အရေးရစေမည် ကရင်အမျိုးသားအရေးကို
ကောင်းကျိုးများ ပို့ဆောင်မည်
အမျိုးသားရေးအသိစိတ်ဓာတ်နဲ့ တွဲလက်များခိုင်ခံ့မြဲမည်
ဟိုတုန်းက ရှိခဲ့ဖူးတဲ့ ဒေါကလု ကရင်အမျိုးသား
အသင်းအဖွဲ့ကြီးလို ရပ်တည်နိုင်အောင် ဆောင်ရွက်မည်
ကရင်အမျိုးသားပါတီ
ကရင်အမျိုးသားပါတီ ကရင်လူထုနစ်နာမှုများကို
ကာကွယ်ပြီး စောင့်ရှောက်မည် ပိုင်ဆိုင်ခွင့်များရရှိရေး
ကရင်အမျိုးသားပါတီ အခြေခံမူနဲ့ လမ်းစဉ်တိုင်း
ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ဦးစားပေးရွက်ဆောင်မည်။

**ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ**
➢ သာသနာ့ဝန်ထမ်း၊
➢ ထောင်ဒဏ်ကျခံနေရသူ၊
➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

# မြို့အမျိုးသားဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၅

**မြို့အမျိုးသားဒီမိုကရေစီပါတီ ဒု-ဥက္ကဋ္ဌ ဦးမောင်စံအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**

**"လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျာ"**

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ မြို့အမျိုးသားများရဲ့ တိုက်တွန်းချက်အရ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး ဝင်ပြိုင်မည်ဖြစ်ပါတယ်။ မိဘပြည်သူများရဲ့ မဲတစ်ပြားအတွက် မြို့ ရိုးရာ ရောမ"မောင်း"ကြီးကို ဖော်ပြထားပါတယ်။

**"လေးစားအပ်ပါသော ကျေးဇူးရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျာ"**

ကျွန်တော်တို့ မြို့လူမျိုးတွေဟာ ရခိုင်ရာဇဝင်သမိုင်းအရ ဘီစီ(၃၃၂၅) ပထမ ဓညဝတီမြို့တည် "မာရယုမင်း" မတိုင်မီကစ၍ ယနေ့အချိန်ထိ ကျောချင်းကပ် ရင်ချင်းဆက် အေးတူပူမျှ၊ ဒုက္ခသုခပေါင်းစုံကို ကြံ့ကြံ့ခံလျက် ဘဝရှင်သန်လာကြသော ရခိုင်တိုင်းရင်းသားမိဘပြည်သူများနှင့် ချင်းတိုင်းရင်းသားမိဘ ပြည်သူများကို နှလုံးသားထဲမှာ ဆွေမျိုးရင်းချာအဖြစ် မှတ်ကျောက်တင်ပြီးသား ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်နှင့် ပလက်ဝမြို့နယ်(ချင်းပြည်နယ်)တို့တွင် ပြန့်ကျဲစွာ နေထိုင်ကြ၍ ၂၀၁၄-ခုနှစ်၊ သန်းခေါင်စာရင်းတွင် မြို့လူမျိုးအတွက် ရခိုင်စု (၇၀၁- ရခိုင်၊ ၇၀၂-ကမန်၊ ၇၀၃-ခမွီး၊ ၇၀၄-ဒိုင်းနက်၊ ၇၀၅-မရမာကြီး၊ ၇၀၆-မြို၊ ၇၀၇-သက်)ဟု ဖော်ပြပါရှိသည်သာမက ချင်းစု(၄၄၆-ဝါကင်းမ် / မရို)ဟု ဂဏန်းသင်္ကေတ(၂)မျိုးဖြင့် ဖော်ပြပါရှိပါတယ်။

သို့ကြောင့် မြန်မာနိုင်ငံ ၁၉၉၄-ခုနှစ် အမျိုးသားညီလာခံတွင် (၁၀၀၀၀) တစ်သောင်းအထက် တိုင်းရင်းသားလူမျိုး ၃၅ မျိုးစာရင်းမှာ -

အမှတ်စဉ် (၂၂)။ မရို(မြို) - သုံးသောင်းခြောက်ထောင် (၁၉၉၂-ခုနှစ်၊ မတ်လ(၃၁)ရက်အထိ စာရင်း)ဟု ပြည်နယ်(၂)ခုရှိ မြို့လူမျိုးများကိုပေါင်း၍ ထုတ်ပြန်ပေးထားခြင်းဖြစ်ပါတယ်။

**"လေးစားအပ်ပါသော ကျေးဇူးရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျာ"**

လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ် (၂၈-၂-၁၉၆၀)ခုနှစ် ရွေးကောက်ပွဲအပြီး ကျောက်တော်မြို့၊ ဗိုလ်ကြီး ကြာလှအောင် (ဂျပန်တော်လှန်ရေးခေါင်းဆောင်)နေအိမ်၌ ရခိုင်ပြည် မြို့အမျိုးသားများအဖွဲ့ချုပ် (ရမမဖ) ပါတီဌာနချုပ်ဆိုင်းဘုတ်ကို ၁၃၂၃-ခုနှစ်၊ နယုန်လပြည့်ကျော်(၄)ရက်(၁-၆-၁၉၆၀)နေ့ နံနက်(၇)နာရီမှာ ထူထောင်ခဲ့ပါသည်။ နှစ်ပေါင်း(၆၀)နီးပါးကြာခဲ့ပြီဖြစ်သော်လည်း ဒီမိုကရေစီကို လိုလားသည့် နိုင်ငံရေးမျိုးဆက် ပြတ်တောက်မှု မရှိရအောင် **"မြို့အမျိုးသားဒီမိုကရေစီပါတီ"**ကို ထူထောင်ရခြင်း ဖြစ်ပါတယ်။

ဒီမိုကရေစီမျိုးစေ့ချပေးခဲ့သည့် ကျေးဇူးရှင် မြို့အမျိုးသားနိုင်ငံရေးခေါင်းဆောင်ကော်မတီ (၁၉)ဦးစာရင်းကို မိဘပြည်သူများအမှတ်ရစေဖို့ ဖော်ပြပေးပါမည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးပညာဝံသ | ဥက္ကဋ္ဌ |
| ၂ | ဦးကာချေ | ဒု-ဥက္ကဋ္ဌ(၁) |
| ၃ | ဦးထွန်းအောင် | ဒု-ဥက္ကဋ္ဌ(၂) |
| ၄ | ဦးကျော်ဇောလှ | အထွေထွေအတွင်းရေးမှူး |
| ၅ | ဦးရွှေခိုင် | ဒု-အထွေထွေအတွင်းရေးမှူး(၁) |
| ၆ | ဦးစံလှဦး | ဒု-အထွေထွေအတွင်းရေးမှူး(၂) |
| ၇ | ဦးသောကြာဦး | ဘဏ္ဍာရေးမှူး |
| ၈ | ဦးဦးသာဇံ | စာရင်းစစ်မှူး |
| ၉ | ဦးမောင်ဖိုးသာ | စည်းရုံးရေးမှူး |
| ၁၀ | ဦးစံထွန်းဖြူ | အဖွဲ့ဝင် |
| ၁၁ | ဦးမြသာဇံ | အဖွဲ့ဝင် |
| ၁၂ | ဦးစံလှဖြူ | အဖွဲ့ဝင် |
| ၁၃ | ဦးထွီးလှအောင် | အဖွဲ့ဝင် |
| ၁၄ | ဦးအင်္ဂါအောင် | အဖွဲ့ဝင် |
| ၁၅ | ဦးရွှေလှ | အဖွဲ့ဝင် |
| ၁၆ | ဦးနီထွန်းအောင် | အဖွဲ့ဝင် |
| ၁၇ | ဦးမောင်စိန်လှ | အဖွဲ့ဝင် |
| ၁၈ | ဦးမောင်ကြာဦး | အဖွဲ့ဝင် |
| ၁၉ | ဦးကျော်ညွန့် | အဖွဲ့ဝင် |

**"လေးစားအပ်ပါသော ကျေးဇူးရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျာ"**

ကျွန်တော်တို့ မြို့အမျိုးသားဒီမိုကရေစီပါတီ၏ မူဝါဒသဘောထားလုပ်ငန်းစဉ်များကို ဆက်လက်တင်ပြသွားပါမည်။ ပါတီ၏ မူဝါဒသဘောထားများမှာ-

(၁) ကျွန်တော်တို့ပါတီနှင့် ဆန္ဒသဘောထားထပ်တူထပ်မျှ ရှိကြသော အခြားနိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိတ်သဟာရဖွဲ့ပြီး၊ နိုင်ငံအကျိုး၊ ပြည်နယ်ဒေသအကျိုး၊ အမျိုးသားအကျိုးများကို ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ တိုင်းရင်းသားလူမျိုးများစုလူနည်းစုတို့အကြား တန်းတူရွယ်တူရှိပြီး ပွင့်လင်းမြင်သာသော အမျိုးသားရေးမူဝါဒများဖြင့် အပြန်အလှန်စောင့်ထိန်းစေ့စပ်ညှိနှိုင်းမှုမှ စစ်မှန်သော ဒီမိုကရေစီ၊ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းရေးကို ကြိုးပမ်းသွားမည်။

(၃) ပြည်သူများသည် ကျေးဇူးရှင် မိခင်/ဖခင်ဖြစ်ကြ၍ မိဘပြည်သူများတို့အပေါ် ကျေးဇူးဆပ်နိုင်ရန် အစဉ်အမြဲ အလေးထားပြီး ကြိုးပမ်းသွားမည်။

(၄) ပြည်နယ်ဒေသ၌ ကောင်းအတူ၊ ဆိုးအတူ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ဒုက္ခသုခပေါင်းစုံတို့ကို မျှဝေခံစားကြသော ကျောချင်းကပ်၊ ရင်ချင်းဆက် တိုင်းရင်းသားညီကိုများနှင့် အစဉ်အမြဲလက်တွဲပြီး ကျေးဇူးရှင် မိဘပြည်သူတို့၏ **"ဘဝလုံခြုံအေးချမ်းမှု"** ကို ကာကွယ်စောင့်ရှောက်သွားမည်။



**"လေးစားအပ်ပါသော ကျေးဇူးရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျာ"**

မြို့အမျိုးသားဒီမိုကရေစီပါတီ၏ လုပ်ငန်းစဉ်များကို တင်ပြပါမည်။ ပါတီ၏ လုပ်ငန်းစဉ်များမှာ-

(၁) မည်သည့် လုပ်ငန်းမဆို အများဆန္ဒနှင့်အညီ ကောင်းမွန်သော နည်းလမ်းကောင်းများကို ရွေးချယ်ပြီး ဘုံရပ်တည်ချက်များ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

(၂) အမျိုးသားရေးအကျိုးကို ရှေးရှုပြီး အပြုသဘောဖြင့် ဝေဖန်ပြောဆိုခြင်း၊ အကြံပြုခြင်း၊ စေ့စပ်ညှိနှိုင်းခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းများကို အစဉ်အမြဲလက်ခံကြိုဆိုသွားပါမည်။

(၃) အမျိုးသားနိုင်ငံရေးတွင် မျိုးဆက်သစ်လူငယ်များ တက်ကြွစွာပါဝင်လှုပ်ရှားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းမဲ့လူငယ်တို့၏ ဘဝဒုက္ခကို နည်းလမ်းများ တီထွင်ကြံဆပြီး လူငယ်များဘဝမြှင့်တင်နိုင်ရေး ကြိုးပမ်းသွားပါမည်။

(၄) အခြေခံလူတန်းစားများဖြစ်ကြသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများတို့၏ လူမှုဘဝ အခက်အခဲအကျပ်အတည်း ဒုက္ခများကို ကြိုးပမ်းဖြေရှင်းသွားပါမည်။

(၅) အမျိုးသမီးများအခွင့်အလမ်း၊ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမှ ကာကွယ်စောင့်ရှောက်သွားပါမည်။

(၆) မိဘမဲ့ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေး၊ ကျေးလက်ဒေသနှင့် စာသင်ကျောင်းများ၊ ဆေးပေးခန်းများ ဖွင့်လှစ်ရရှိနိုင်ရေး ကြိုးပမ်းသွားပါမည်။

(၇) မြို့အမျိုးသားတို့၏ ရာဇဝင် နောက်ခံသမိုင်းအကြောင်းများကို ဖော်ထုတ်ပြီး ယဉ်ကျေးမှုဓလေ့ထုံးစဉ်များ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်သွားပါမည်။

နိဂုံးချုပ်အနေဖြင့် မြို့အမျိုးသားဒီမိုကရေစီပါတီ ထူထောင်ရခြင်းဟာ ဗမာ တစ်ကျပ်ရရင် မြို့လည်း တစ်ကျပ်ရချင်လို့ မဟုတ်ပါ။ ဒါပေမယ့် (လက်ရှိအစိုးရအဖွဲ့သမ္မတ)နှင့် (လာမည့် ၂၀၂၀-ခုနှစ် ရွေးကောက်ပွဲအနိုင်ရ အစိုးရအဖွဲ့အသစ်သမ္မတ)ကို တောင်းဆိုချင်ပါတယ်။ နှစ်ပေါင်း(၂၀)နီးပါးခန့် မြို့လူမျိုးထဲမှာ ရှင်သန်နေတဲ့ မြို့တိုင်းရင်းသားစာပေကို ရခိုင်ပြည်နယ် အခြေခံပညာရေးကျောင်းတွေမှာ ပြဋ္ဌာန်းခွင့်ပြုပြီး မြို့စာပေ ဆရာ/မ များကို အမြန်ဆုံးခန့်ထားပေးစေချင်ပါတယ်။

**"အားလုံးကိုကျေးဇူးတင်ရှိပါတယ်"**

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

- ◆ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံ ကပ်ထားကြေညာမည်။
- ◆ မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်။

# CERP အစီအစဉ်အရ ဆောင်ရွက်သည့် Cash for Work စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး လုပ်သားအရေအတွက် ၂ ဒသမ ၈ သန်း အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေးဆောင်ရွက်ပေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၅**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေရရှိရေးလုပ်ငန်းများထိခိုက်မှု ဖြစ်ပေါ်ထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ Covid-19 Economic Relief Plan(CERP) ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး အဆိုပါ စီမံချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက Cash For Work (ဝင်ငွေရရှိရေး အလုပ်အကိုင်ဖန်တီးပေး) စီမံကိန်းကို ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလတာကာလအတွင်း မြို့နယ် ၂၅၉ မြို့နယ်ရှိ ကျေးရွာပေါင်း ၂၅၀၅ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသများရှိ ပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၅၉ မြို့နယ်မှ ကျေးရွာပေါင်း ၂၅၀၅ ရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး စီမံကိန်းလုပ်ငန်းခွဲပေါင်း ၄၄၀၂ ခု လျာထား ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

Cash For Work စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်းများ၊ ကုန်ထုတ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ ကျေးရွာတွင်း ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း၊ ရေကန်များ ခြံစည်းရိုးကာရံခြင်း/တည်ဆောက်ပြုပြင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ လက်တူးတွင်းများ၊ ရေကန်များ အသစ်တည်ဆောက်ခြင်း/ ပြုပြင်ခြင်း၊ မြေသားရေကန်များ ပြုပြင်ခြင်း၊ ဆိပ်ခံတံတားများ၊ တံတားငယ်များ ပြုပြင်ထိန်းသိမ်းခြင်း၊ မြေဖို့လုပ်ငန်းများနှင့် မြေထိန်းနံရံများ ပြုပြင်တည်ဆောက်ခြင်း၊ ကျေးရွာပိုင် အားကစားကွင်းများ ပြုပြင်မွမ်းမံခြင်း၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ၊ ကျေးရွာခန်းမနှင့် ကျေးရွာဈေးများ ပြုပြင်မွမ်းမံခြင်း အစရှိသည့် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကထား ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် သိသာထင်ရှားသော အကျိုးရလဒ်များ ရရှိခဲ့သည်။

အဆိုပါ စီမံကိန်းလုပ်ငန်းခွဲများကို လုပ်သားအင်အား အသုံးပြုရသည့် (Labor Intensive) နည်းလမ်းဖြင့် ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းခွဲများတွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၉ သိန်းခန့်မှ လုပ်သားအရေအတွက် ၂ ဒသမ ၈ သန်းခန့် ပါဝင်လုပ်ကိုင်ခွင့်ရရှိခဲ့ကာ ၎င်းတို့၏ ဝင်ငွေရရှိစေရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေခဲ့သည်။ စီမံကိန်း၏ ရည်မှန်းချက်အရ ထောက်ပံ့ငွေ၏ ၆၀ ရာခိုင်နှုန်းကို လုပ်အားခပေးချေရန် လျာထားသော်လည်း မြေပြင်အမှန် ဆောင်ရွက်ရာတွင် ၇၀ ရာခိုင်နှုန်းအထိ ပေးချေဆောင်ရွက်နိုင်ခဲ့သောကြောင့် စီမံကိန်းတွင် ပါဝင်လုပ်ကိုင်သူလုပ်သားများအတွက် ဝင်ငွေ ငွေကျပ် ၁၇ ဘီလီယံခန့် ရရှိစေခဲ့သည်။

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများအချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန်တို့အတွက် ဝေဖန်အကြံပြုတိုင်ကြားခြင်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကျား မ တန်းတူညီမျှမှုရှိစေရေးအတွက် စီမံကိန်းလုပ်ငန်းခွဲများဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်တွင် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှ ပါဝင်စေခဲ့ကာ စီမံကိန်း၏ အခွင့်အရေး၊ အကျိုးကျေးဇူးများကို မသန်စွမ်းများအပါအဝင် အများနှင့်တန်းတူ အပြည့်အဝရရှိခံစားခွင့်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကဏ္ဍအလိုက် လုပ်ငန်းခွဲများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်း ဆောင်ရွက်သည့် မြို့နယ် | လုပ်ငန်း ဆောင်ရွက်သည့် ကျေးရွာ | စီမံကိန်း လုပ်ငန်းခွဲပေါင်း | | | | | | | | | | ဆောင်ရွက်ပြီးစီးသည့် စီမံကိန်း လုပ်ငန်းခွဲပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | လမ်း ပြုပြင်ခြင်း | တံတား ပြုပြင်ခြင်း | ဆိပ်ခံ တံတား ပြုပြင်ခြင်း | ရေရရှိရေး | ကျန်းမာ သန့်ရှင်းရေး | အခြား အဆောက် အဦ | ကျန်းမာရေး နှင့်ဆိုင်သည့် အဆောက်အဦ ပြုပြင်ခြင်း | ပညာရေးဆိုင်ရာ အဆောက်အဦ ပြုပြင်ခြင်း | အခြား | ပေါင်း | |
| ၁ | ကချင် | ၁၃ | ၉၁ | ၆၆ | ၇ | ၀ | ၁၃ | ၆၄ | ၁၅ | ၁ | ၁၄ | ၁၁ | ၁၉၁ | ၁၉၁ |
| ၂ | ကယား | ၇ | ၁၁၁ | ၉၂ | ၄၁ | ၀ | ၁၇ | ၁၆ | ၁၇ | ၀ | ၉ | ၆ | ၁၉၈ | ၁၉၈ |
| ၃ | ကရင် | ၇ | ၁၁၁ | ၈၆ | ၃ | ၀ | ၅ | ၁၉ | ၁ | ၀ | ၁၈ | ၀ | ၁၃၂ | ၁၃၂ |
| ၄ | ချင်း | ၈ | ၁၁၁ | ၁၀၄ | ၄ | ၁ | ၁၅ | ၁၅ | ၃ | ၀ | ၄ | ၃ | ၁၄၉ | ၁၄၉ |
| ၅ | စစ်ကိုင်း | ၃၇ | ၂၅၁ | ၂၀၂ | ၂၀ | ၀ | ၃၇ | ၅၇ | ၅ | ၁ | ၃၈ | ၁၉ | ၃၇၉ | ၃၇၉ |
| ၆ | တနင်္သာရီ | ၁၀ | ၁၁၁ | ၅၁ | ၈ | ၀ | ၁၉ | ၃၈ | ၈ | ၀ | ၁၅ | ၂ | ၁၄၁ | ၁၄၁ |
| ၇ | ပဲခူး | ၂၈ | ၂၅၁ | ၃၄၈ | ၄၅ | ၁ | ၆၀ | ၁၈၂ | ၅ | ၁ | ၃၆ | ၈၀ | ၇၅၈ | ၇၅၈ |
| ၈ | မကွေး | ၂၄ | ၂၅၀ | ၁၇၃ | ၀ | ၀ | ၆၂ | ၁၇ | ၄ | ၀ | ၅ | ၇ | ၂၆၈ | ၂၆၈ |
| ၉ | မန္တလေး | ၂၃ | ၂၅၀ | ၂၁၁ | ၃ | ၀ | ၄၂ | ၅၈ | ၆ | ၀ | ၉ | ၂၉ | ၃၅၈ | ၃၅၈ |
| ၁၀ | မွန် | ၁၀ | ၁၁၁ | ၇၇ | ၅၀ | ၀ | ၁၇ | ၈၃ | ၃ | ၀ | ၁၇ | ၂၄ | ၂၇၁ | ၂၇၁ |
| ၁၁ | ရခိုင် | ၄ | ၁၁၁ | ၁၁၅ | ၄၃ | ၀ | ၂၂ | ၆၈ | ၀ | ၄ | ၁၄ | ၃ | ၂၆၉ | ၂၆၉ |
| ၁၂ | ရန်ကုန် | ၁၁ | ၁၁၁ | ၁၀၄ | ၃ | ၀ | ၄၂ | ၅၇ | ၁ | ၁ | ၀ | ၁၃ | ၂၂၁ | ၂၂၁ |
| ၁၃ | ရှမ်း (တောင်) | ၂၁ | ၁၁၃ | ၁၁၄ | ၂ | ၀ | ၄ | ၇ | ၁ | ၀ | ၄ | ၁၀ | ၁၄၂ | ၁၄၂ |
| ၁၄ | ရှမ်း (မြောက်) | ၂၀ | ၉၅ | ၇၆ | ၉ | ၀ | ၁၇ | ၃၉ | ၃ | ၀ | ၁၃ | ၆ | ၁၆၃ | ၁၆၃ |
| ၁၅ | ရှမ်း (ရှေ့) | ၈ | ၆၅ | ၄၆ | ၀ | ၀ | ၁၈ | ၁ | ၀ | ၀ | ၂ | ၄ | ၇၁ | ၇၁ |
| ၁၆ | ဧရာဝတီ | ၂၃ | ၂၅၁ | ၃၅၄ | ၈ | ၀ | ၁၅ | ၅၀ | ၈ | ၀ | ၈ | ၂၃ | ၄၆၆ | ၄၆၆ |
| ၁၇ | နေပြည်တော် | ၅ | ၁၁၁ | ၉၂ | ၄ | ၀ | ၂၄ | ၂၆ | ၅ | ၂ | ၄၃ | ၂၉ | ၂၂၅ | ၂၂၅ |
| | စုစုပေါင်း | ၂၅၉ | ၂၅၀၅ | ၂၃၁၁ | ၂၅၀ | ၂ | ၄၂၉ | ၇၉၇ | ၈၅ | ၁၀ | ၂၄၉ | ၂၆၉ | ၄၄၀၂ | ၄၄၀၂ |




## ကမ္ဘောဇဘဏ်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများ၊ Quarantine Center များသို့ လူနာ ၁၀၀၀ စာ အိပ်ရာအစုံ ၁၀၀၀ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၅**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံအဝန်းရှိ ရောဂါခံစားနေရသော ပိုးတွေ့လူနာများနှင့် ၎င်းတို့ကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ၊ လိုအပ်သည်များကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများ၊ စောင့်ကြည့်လူနာများထားရှိသည့် အသွားအလာကန့်သတ်ရေးစင်တာများသို့ ငွေကျပ် ၅၈၄ သိန်းတန်ဖိုးရှိ လူနာ ၁၀၀၀ စာ ခုတင်၊ မွေ့ရာ၊ အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များပါဝင်သည့် အိပ်ရာအစုံ ၁၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ကမ္ဘောဇဘဏ်သည် စက်တင်ဘာ ၂၂ ရက်တွင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံကြီးရှိ စောင့်ကြည့်လူနာ ၅၀၀ အတွက် ခုတင်၊ မွေ့ရာ၊ အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များပါဝင်သည့် အိပ်ရာအစုံ ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က လက်ခံရယူသည်။ ထို့ပြင် စက်တင်ဘာ ၂၅ ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ အောင်မြင့်မိုရ်အိမ်ရာရှိ စောင့်ကြည့်လူနာများထားရှိရာ အသွားအလာကန့်သတ်ရေးစင်တာများသို့ စောင့်ကြည့်လူနာ ၅၀၀ အတွက် ခုတင်၊ မွေ့ရာ၊ အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များပါဝင်သည့် အိပ်ရာ အစုံ ၅၀၀ ကို ထပ်မံပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဒေါ်မိုးမိုးစုကြည်တို့က လက်ခံရယူကြပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၄ ရက်တွင် ငွေကျပ် သိန်းပေါင်း ၁၂၀၀ တန်ဖိုးရှိ AI Thermal Body Screening အမျိုးအစား ရွေ့လျားကိုယ်အပူချိန်တိုင်းစက် ခြောက်လုံးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ကာ ယနေ့အချိန်ထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၆၆၀၆၆ သိန်း လှူဒါန်းထားရှိကြောင်း သိရသည်။

**ကိုကျော်**

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၀ အား (၁၉) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၄၁ ဦးအား (၉) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင်လည်းကောင်း ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**တာဝန်ယူဆောင်ရွက်ပေး**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ် ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ကယ်ဆယ်ရေးလေယာဉ်/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၆၆၅၁ ဦး ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာ ၂၆ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်း ကျော်ထွဏ်း သရုပ်ဖော်ထားသည့် ဂရိပညာရှိကြီး ဆိုကရေးတီးအပေါ် လေးစားအားကျသော မောင်ရိုးအကြောင်းကို ရေးဖွဲ့ထားသည့် "မောင်ရိုးနှင့် ဆိုကရေတီး" မျက်နှာဖုံးကာတွန်း၊ ကလေးတို့အနေဖြင့် ကိုဗစ်ကာလအပါအဝင် အားလပ်နေသောအချိန်တွင် အချိန်ကို အကျိုးရှိရှိ အသုံးချတတ်စေရန် နည်းလမ်းကောင်းအချို့ကို ရေးဖွဲ့ထားသည့် "အချိန်တွေကို အကျိုးရှိရှိ အသုံးချမယ်" သုတဆောင်းပါး၊ အာဖရိကတောကြီးထဲသို့ အမှန်တကယ်ရောက်ရှိသွားသကဲ့သို့ ခံစားမိသော ဖိုးလုံးအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးလုံး-မုဆိုးအိပ်မက်" နှစ်မျက်နှာကာတွန်း၊ မိခင်၏ စကားကို နားမထောင်ဘဲ အစားမက်မိရာမှ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရသော ဒရယ်ပျိုမလေးအကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "အစားမက်သော ဒရယ်ပျို" ပုံပြင် ကဏ္ဍအပါအဝင် ကလေးကာတွန်းလက်ရာ ဖိတ်ခေါ်ခြင်းကြော်ငြာကဏ္ဍ၊ ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။




သတင်းစဉ်

# ရန်ကုန်(ပန်းဆိုးတန်း)-ဒလ ကူးတို့ဆိပ်ကမ်း၌ နေ့စဉ် ခရီးသည် ၂၀၀၀ ကျော် သွားလာလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၅**
ရန်ကုန် (ပန်းဆိုးတန်း)-ဒလ ကူးတို့ဆိပ်ကမ်းသည် ဒလမြို့နယ် ဒေသခံပြည်သူများ အပါအဝင် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ ခရီးသွားပြည်သူများစွာတို့ကို ရန်ကုန်မြို့သို့ ချယ်ရီသင်္ဘောသုံးစင်းဖြင့် နေ့စဉ်ကူးတို့ပို့ဆောင်ပေးလျက်ရှိသည်။ ယခုအခါ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က နေအိမ်တွင် နေထိုင်ရေး (Stay at Home) ကြေညာလိုက်ပြီးနောက် ခရီးသွားပြည်သူ နည်းပါးလာခြင်းကြောင့် သင်္ဘောခရီးစဉ်များကို အသွား ၂၄ ခေါက်၊ အပြန် ၂၄ ခေါက်ဖြင့် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ ခရီးသည် ၂၀၀၀ ကျော်သာ ကူးသန်းသွားလာလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန် (ပန်းဆိုးတန်း) -ဒလကူးတို့ သင်္ဘောဆိပ်ကမ်း၌ ခရီးသည်သွားလာမှုအခြေအနေနှင့် ပတ်သက်ပြီး ဒလမြို့နယ် သင်္ဘောဆိပ်ကမ်း မန်နေဂျာ ဒေါ်ဇင်မျိုးဟန်က "လက်ရှိအခြေအနေကတော့ (ပန်းဆိုးတန်း)-ဒလ ကူးတို့အနေနဲ့ ယခင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ခင်ကာလက သင်္ဘောခရီးစဉ် အသွား ၄၆ ခေါက်နဲ့ အပြန် ၄၆ ခေါက် ပြေးဆွဲခဲ့တာ နေ့စဉ်ခရီးသည် ၃၀၀၀၀ ဝန်းကျင် သွားလာကြတယ်။ အခု ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများပြားလာခြင်းကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းကျော်ပြည်ကျော် သွားလာမှု ကန့်သတ်တာရယ်၊ ဝန်ထမ်းတွေကို နှစ်ပတ်ရုံးတက်၊ နှစ်ပတ်အိမ်မှာ အလုပ်လုပ်ဖို့ ညွှန်ကြားတာရယ်၊ ဒေသခံပြည်သူတွေကိုလည်း နေအိမ်မှာနေထိုင်ဖို့ ထုတ်ပြန်လိုက်ပြီးနောက် ခရီးသည်သွားလာမှု လျော့နည်းသွားတာ ဖြစ်ပါတယ်။ ယခင် ၄၆ ခေါက် ပြေးဆွဲခဲ့ရာက ယခု ၂၄ ခေါက်နှုန်းနဲ့ ပြေးဆွဲခဲ့တဲ့ အခြေအနေမှာ ခရီးသည် ၂၀၀၀ နဲ့ ၂၃၀၀ အကြား ကူးသန်းသွားလာနေတာကို တွေ့ရပါတယ်"ဟု ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလများက အဆိုပါ ကူးတို့သင်္ဘောဆိပ်ကမ်းသည် အနယ်နယ်အရပ်ရပ်က ခရီးသွားပြည်သူ ၃၀၀၀၀ ကျော်ကို ချယ်ရီသင်္ဘော သုံးစင်းဖြင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိပြီး လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့သူများပြားလာခြင်းကြောင့် ကူးစက်ပျံ့နှံ့မှု မဖြစ်စေရေးနှင့် ထိန်းချုပ်နိုင်ရန်အတွက် နေအိမ်တွင်နေထိုင်ကြဖို့ ထုတ်ပြန် ကြေညာထားခြင်းကြောင့် ခရီးသည် ၂၃၀၀ ခန့်သာ သွားလာလျက်ရှိကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၂ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၁ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၁ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၆ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၂ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၄ . ၂၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၅၂၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၆၆ | ၆၅၃၄၀၀ |
| MTSH | ၃၆၅၀ | ၃၇၀၀ | ၇၁၁ | ၂၅၉၉၃၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၉၄၃၁ | ၂၁၆၈၄၃၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၈၅ | ၄၉၉၆၅၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၄၅ | ၁၃၅၀၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ချိုးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### လာမည့်နှစ် ဗြိတိန်ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင် ဆန်ခါတင်စာရင်းတင်သွင်းမှု ပိုမိုလုပ်ဆောင်သွားမည်

လာမည့်နှစ် ဗြိတိန်ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာတော့ နယ်ပယ်အသီးသီးမှ ထူးချွန်တဲ့ ဒါရိုက်တာနဲ့ သရုပ်ဆောင်တွေ ပိုမိုတိုးမြှင့်ဂုဏ်ပြုနိုင်ဖို့ ရည်ရွယ်ကာ ဆန်ခါတင်စာရင်းတင်သွင်းမှုကို ပိုမိုလုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

ယခင်နှစ်က သရုပ်ဆောင်ဆု အမျိုးအစားလေးမျိုးနဲ့ ဒါရိုက်တာဆုတို့အတွက် ငါးဦးဆန်ခါတင်စာရင်း တင်သွင်းခဲ့ပေမယ့် ယခုနှစ်မှာတော့ ခြောက်ဦးအထိ တိုးမြှင့်သွားမယ်လို့ သိရပါတယ်။

ယခင်တုန်းက ပုံမှန်အားဖြင့် ဗြိတိန် ရုပ်ရှင်ထူးချွန်ဆုအတွက် လေးဦးသာ အမည်စာရင်းတင်သွင်းပေမယ့် လာမယ့် နှစ်မှာတော့ ၁၀ ဦးအထိ တိုးချဲ့သွားမှာပါ။ အဲဒီအချိန်မှာပဲ မဲပေးမှု ပြုလုပ်မယ့် အဖွဲ့ဝင်အရေအတွက်မှာလည်း အပြောင်းအလဲတွေ လုပ်ဆောင်နေပါတယ်။

ယခုနှစ်အစောပိုင်းက ဗြိတိန်ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ လူဖြူတွေသာ အမည်စာရင်း တင်သွင်းမှုမှာ ပါဝင်တယ်ဆိုပြီး ပြင်းပြင်းထန်ထန်ဝေဖန်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အကောင်းဆုံးဒါရိုက်တာဆုအတွက် အမည်စာရင်း တင်သွင်းမှုမှာ အမျိုးသမီး ရုပ်ရှင်ဒါရိုက်တာတွေ မပါဝင်ခဲ့တာဆိုရင်လည်း ခုနစ်ကြိမ်တိုင်တိုင် ရှိခဲ့ပါပြီ။ ဆုချီးမြှင့်ရေးအဖွဲ့ကတော့ ရလဒ်တွေအပေါ် အသေးစိတ်လေ့လာ သုံးသပ်မှုတွေ ပြုလုပ်ခဲ့ပြီး အုပ်စုအသီးသီးကို ကိုယ်စားပြုတဲ့ လူပေါင်း ၁၀၀၀ က မဲပေးမှုတွေ ပြုလုပ်သွားမယ်လို့ သိရပါတယ်။

**စကိုင်းနယူးစ်**



### ဂျီဂျီဟာဒစ်နှင့် ဇိန်းမာလစ်တို့ သမီးဦးလေး မွေးဖွား

One Direction အဖွဲ့သားဟောင်း ဇိန်းမာလစ်နဲ့ စူပါမော်ဒယ် ဂျီဂျီဟာဒစ်တို့ဟာ အခုအခါမှာတော့ မိဘတွေဖြစ်သွားကြပါပြီ။

သူတို့စုံတွဲဟာ သမီးဦးလေး မွေးဖွားကြောင်း မာလစ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာအကောင့်ကနေတစ်ဆင့် ကြေညာခဲ့ပါတယ်။ “ကျန်းမာပြီးလှပတဲ့ သမီးလေးမွေးပါတယ်။ သမီးလေး မွေးဖွားလိုက်တဲ့အတွက် ခံစားချက်ကတော့ အခုအချိန်မှာ စကားလုံးနဲ့ ဖော်ပြလို့ မရအောင် ပျော်နေရပါတယ်။ ဒီလူသားသေးသေးလေးကို ထင်ထားတာထက် ပိုပြီး ချစ်ပါတယ်” လို့ရေးသားထားပါတယ်။

One Direction အဖွဲ့သားဟောင်းတစ်ဦးဖြစ်တဲ့ မာလစ်ဟာ အခုအခါမှာ အသက် ၂၇ နှစ်ရှိပါပြီ။ ဂျီဂျီဟာဒစ်ကတော့ အသက် ၂၅ နှစ် ရှိပြီဖြစ်ပြီး ကိုယ်ဝန်ဆောင်ထားရကြောင်း ဧပြီလအတွင်းမှာ ပရိသတ်ကို အသိပေးခဲ့ပါတယ်။

သူတို့အတွက် ဆုမွန်ကောင်းတောင်းပေးသူတွေ၊ ကူညီပေးခဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ဂျီဂျီက ပြောပါတယ်။ သူတို့စုံတွဲဟာ ၂၀၁၅ ခုနှစ် နှောင်းပိုင်းကစလို့ လမ်းခွဲလိုက်၊ ပြန်တွဲလိုက်ဖြစ်ခဲ့ပေမယ့် အခုအခါမှာတော့ သမီးဦးလေးကို အတူတကွ ပိုင်ဆိုင်သွားပြီပဲ ဖြစ်ပါတယ်။

**စကိုင်းနယူးစ်**



စူပါမော်ဒယ် ဂျီဂျီဟာဒစ်နှင့် အဆိုတော် ဇိန်းမာလစ်။



# မြန်မာစာနှင့် ပါဠိ(၆)

## မောင်ခင်မင် (ဓနုဖြူ)

“ဆရာ၊ တစ်ခုသတိရလို့ပါ။ နိဿယကို နိသျလို့လဲ ရေးတာတွေ့ဖူးပါတယ်။ အတူတူပဲလား ဆရာ”

“ဟုတ်တယ်။ နိဿယလို့လဲ ရေးတယ်။ နိသျလို့လဲ ရေးတယ်။ အတူတူပါပဲ။ ဒါတင်မက နိဿယကို နိဿယည်းလို့ ရေးတာလဲရှိတယ်။ အဓိပ္ပာယ် ကတော့ ‘မှီရာ၊ အမှီပြုရာ’ လို့ အဓိပ္ပာယ်ရတယ် မဟုတ်လား။ ပါဠိကို မြန်မာက မှီရာအဖြစ် ထားပြီး ဘာသာပြန်တာမို့ နိဿယ၊ နိဿယည်းလို့ ခေါ်တယ်လို့ နားလည်နိုင်ပါတယ်။ အကိုးအကားနဲ့ ပြည့်ပြည့်စုံစုံ လေ့လာချင်ရင် ဆရာကြီး ဦးထွန်းမြင့် ပြုစုခဲ့တဲ့ ပါဠိသက်ဝေါဟာရ အဘိဓာန်ကို ကြည့်လေ။ ဦးထွန်းမြင့်ဆိုတာ စာရေးဆရာကြီး ဒဂုံဦးထွန်းမြင့်လို့လဲ ထင်ရှားတဲ့ ဆရာကြီးပဲ”

“ဟုတ်ကဲ့ပါ ဆရာ”

“အရင်အပတ်က နိဿယမြန်မာဘာသာရဲ့ အရေးပါပုံကို စခဲ့တယ်မဟုတ်လား။ မြန်မာစာပေ သမိုင်းမှာ ပါဠိ မြန်မာနိဿယစာပေကလဲ ကဏ္ဍတစ်ခုပဲကွဲ့”

“ဟုတ်ကဲ့ပါ”

“မင်းသိတဲ့အတိုင်း ပိဋကတ်တော်တွေရဲ့ အရင်းခံက ဘုရားရှင်ဟောကြားတော်မူတဲ့ ပါဠိတော်တွေ မဟုတ်လား။ အဲဒီပါဠိတော်ကို အကျယ်ဖွင့်တဲ့အဋ္ဌကထာတွေ၊ ဋီကာတွေရှိတယ်။ ပြီးတော့ ဂန္ထန္တရဆိုတဲ့ အထွေထွေကျမ်းတွေရှိတယ်။ နောက်ပြီး သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်းတွေ ရှိတယ်။ အဲဒီကျမ်းတွေ အားလုံး ပါဠိဘာသာနဲ့ ရေးခဲ့တာတွေကို ခေတ်အဆက်ဆက် မြန်မာပညာရှင်တွေက၊ အထူးသဖြင့် ဆရာတော်ကြီးတွေက နိဿယပြန်ခဲ့ကြလို့ အဲဒီကျမ်းတွေအားလုံးရဲ့ နိဿယကျမ်းတွေလဲ အထင်အရှားရှိတယ်ကွဲ့”

“ဩော်...ဟုတ်ကဲ့”

“အဲဒီလို နိဿယပြန်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုက ပါဠိကျမ်းရင်းတွေကို လေ့လာဆည်းပူးနေတဲ့ စာသင်သားသံဃာတွေအတွက် အထောက်အကူဖြစ်ဖို့ စာပေကျမ်းဂန်နှံ့စပ်တဲ့ ဆရာတော်ကြီးတွေက နိဿယပြန်ခဲ့ကြတာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ။ ကျွန်တော် လက်လှမ်းမီသလောက် ရှာဖွေလေ့လာပါ့မယ်ဆရာ။ ဒါထက် ပါဠိပိဋကတ်တွေ အနော်ရထာမင်းလက်ထက်မှာ ပုဂံကို ရောက်လာလို့ မြန်မာတွေ လေ့လာခွင့်ရကြတဲ့ အကြောင်းကိုတော့ ရာဇဝင်ကျမ်းတွေမှာ ဖော်ပြတာ ကျွန်တော်တို့ သိရပါတယ်။ တခြား အထောက်အထားတွေရော ဘာတွေသိနိုင်ပါသလဲ ဆရာ”

“အင်း...မေးစရာပါပဲ။ ဟိုအရင်တစ်ပတ်က ပြောခဲ့တဲ့ သိဃ်သူ့သမီးကျောက်စာမှာ ဓမ္မစကြာမှာ ဘုရားရှင်ဟောတဲ့ ဒုက္ခသစ္စာကို ဘာသာပြန်ထားတာတို့၊ တခြားကျောက်စာတွေမှာ တရားသဘောတွေကို ရှင်းလင်းရေးသားထားတာတို့က ပုဂံသားတွေ ပိဋကတ်စာပေတွေကို လေ့လာတတ်ကျွမ်းနေကြောင်း သွယ်ဝိုက်ဖော်ပြတဲ့ အထောက်အထားတွေပဲပေ့ါ။ ဒီအထဲမှာ တိုက်ရိုက်သိရတဲ့ အထောက်အထားတစ်ခုလဲရှိတယ်”

“ဩော်၊ ဟုတ်ကဲ့ပါ”

“အရင်တုန်းကတော့ ဒီအထောက်အထားကို မတွေ့ကြသေးဘူး။ နောက်မှ တူးဖော်လို့ရတဲ့ ကျောက်စာတွေကို ဆရာကြီး ဒေါက်တာသန်းထွန်းက စုဆောင်းတည်းဖြတ်ပြီး ‘နှောင်းတွေ့ကျောက်စာများ’ဆိုတဲ့ နာမည်နဲ့ မြန်မာသမိုင်းအဖွဲ့က ထုတ်ထားတာရှိတယ်။ ၂၀၀၅ ခုနှစ်ကမှ ထုတ်တာ၊ သိပ်မကြာသေးဘူး။ ကျောက်စာပေါင်း ၄၀ ပါတယ်။ အဲဒီထဲမှာ ခုနဆရာပြောတဲ့ အထောက်အထားပါတဲ့ ကျောက်စာတစ်ချပ်လဲ ပါတယ်”

“ဟုတ်ကဲ့ပါ”

“အလှူရှင်နာမည်က နည်းနည်းခက်တယ်၊ ‘သိဃ်ဝီရ်သုဇ္ဇဗိုလ်’ တဲ့။ အဲဒီအလှူရှင်က မိသားစုနဲ့အတူ အလှူပြုပြီး သက္ကရာဇ် ၅၈၅ ခုနှစ်မှာ ကျောက်စာထိုးခဲ့တာလေ”

“သက္ကရာဇ် အခိုင်အမာပါတာပေ့ါနော်၊ ဆရာ”

“ဒါပေ့ါ။ သမိုင်းအရဆိုရင်တော့ ပုဂံနားတောင်းများမင်းလက်ထက် ဖြစ်မှာပေ့ါ။ အလှူရှင်က သူလှူဒါန်းတဲ့ လယ်တွေ၊ ဥယျာဉ်တွေ၊ ကျွန်တွေရဲ့ စာရင်းနဲ့အတူ သူလှူတဲ့ပိဋကတ်ကျမ်းဂန်နာမည်တွေကိုလဲ စာရင်းတင်ထားတယ်ကွဲ့”

“ဟုတ်ကဲ့ပါ”

“ကျမ်းနာမည်တွေထဲမှာ နိကာယ် ၅ ကျမ်း၊ မိလိန္ဒပဉှာ၊ ထူပဝင်၊ ဗောဓိဝင်၊ ကထာကတုပ္ပတ္တိ၊ ကစ္စည်းသဒ္ဒါ အစရှိတဲ့ ကျမ်းတွေ ပါတယ်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဆိုပြီး ခွဲခြားဖော်ပြထားတာတွေလဲ ပါတယ်။ ဒီတော့ သက္ကရာဇ် ၅၀၀ ကျော်မှာ ပါဠိပိဋကတ်ကျမ်းဂန်တွေကို ရေးကူးလှူဒါန်းတဲ့အထိ လေ့လာမှု ကျယ်ပြန့်နေပြီဆိုတာ ခိုင်ခိုင်မာမာ သိရတာပေ့ါကွယ်”

“သိပ်တန်ဖိုးရှိတဲ့ အထောက်အထားပဲနော် ဆရာ”

“ဟုတ်တယ်။ နောက်အထောက်အထားတစ်ခုက ပုဂံမှာရေးထိုးတဲ့ ကျောက်စာတစ်ချပ်ပဲ။ တက်နွယ်ကျောင်း ကျောက်စာလို့ လူသိများတယ်။ ပုဂံဝက်ကြီးအင်း တက်နွယ်ကျောင်း ကျောက်စာလို့လဲ ခေါ်တယ်။ တောင်တွင်းမင်း သီရိဇေယျသူရ ဇနီးမောင်နှံဟာ ပုဂံမှာ ကျောင်းဆောက်လှူဒါန်းပြီး ကျမ်းပေါင်း ၂၉၄ ကျမ်းကိုလဲ ပေထက်အက္ခရာတင်ပြီး လှူဒါန်းတယ်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စတဲ့ကျမ်းအမျိုးမျိုး ပါတာပေ့ါ။ ကျမ်းနာမည်တွေလဲ အားလုံးပါတယ်။ အဲဒီကျမ်းတွေထဲမှာ နိဿယကျမ်းပေါင်း ၂၃ ကျမ်း ပါတယ်လို့ ဆရာကြီး ဦးတင်လွင်က သူ့စာတမ်းထဲမှာ ဖော်ပြထားတယ်”

“ဩော်...ဟုတ်ကဲ့ပါ”

“ဒီကျောက်စာရေးထိုးတဲ့နှစ်က သက္ကရာဇ် ၈၀၄ ခုနှစ်ဆိုတော့ အင်းဝခေတ် ရောက်နေပြီပေ့ါ။ လှူတာကတော့ ပုဂံမှာလှူတာ။ ဒါပေမဲ့ ဒီကျမ်းတွေကို ပုဂံခေတ် ထီးနန်းမပျက်ခင်ကတည်းက ပုဂံမှာ အသုံးပြုလေ့လာခဲ့ကြလိမ့်မယ်လို့ ယူဆနိုင်ကြောင်း ဆရာဇော်ဂျီက ကောက်ချက်ချတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုဂံခေတ်နောက်ပိုင်းမှာ မြန်မာနိုင်ငံဟာ အိန္ဒိယနဲ့ နှစ်တော်တော်ကြာကြာ အဆက်အသွယ်ပြတ်ခဲ့တာမို့ ဒီကျမ်းတွေဟာ အဲဒီလို အဆက်အသွယ်မပြတ်ခင် ပုဂံခေတ်ကတည်းက ပုဂံကိုရောက်နေပြီလို့ ကောက်ချက်ချတာပါ။ ဆရာဇော်ဂျီ အဲဒီကောက်ချက်ချတုန်းက သိဃ်ဝီရ် သုဇ္ဇဗိုလ်ကျောက်စာကို ပညာရှင်တွေ မတွေ့ရသေးဘူးလေ။ နောက်ပိုင်း ဒီကျောက်စာတွေ့ရတော့ ဆရာဇော်ဂျီရဲ့ ကောက်ချက်ဟာ ပိုပြီးခိုင်မာသွားတာပေ့ါကွယ်”

“ဟုတ်ကဲ့၊ နားလည်ပါပြီ ဆရာ”

“ဒီနေရာမှာ မှတ်သားစရာတစ်ခုပြောမယ်။ သုတေသနပြုရာမှာ ရှေ့က ပညာရှင်တွေ မတွေ့သေးတဲ့ အထောက်အထားကို နောက်ပညာရှင်တွေက ဖော်ထုတ်နိုင်ရင် အချက်အလက်ဟာ ပိုပြီးခိုင်မာသွားတယ်ဆိုတဲ့အကြောင်းပါ”

“သိပ်မှတ်သားစရာ ကောင်းပါတယ် ဆရာ”

“ပြန်ကောက်ရရင် ပုဂံခေတ်ကစပြီး မြန်မာတွေဟာ ပါဠိဘာသာစကားနဲ့ ပါဠိစာပေကို အပတ်တကုတ် လေ့လာဆည်းပူးခဲ့ကြတာ နောက်ခေတ်တွေမှာ ပိုပြီးဖွံ့ဖြိုးလာတာပေ့ါကွယ်။ ပညာသင်ကြားရာမှာ ခုခေတ်လို အတန်းကျောင်း စနစ် မပေါ်သေးဘူးလေ။ ဘုန်းတော်ကြီးကျောင်းတွေက ကျမ်းတတ်ဆရာတော်ကြီးတွေက စာသင်သားတွေကို ပိဋကတ်စာပေတွေ ကောင်းနိုးရာရာ သင်ကြားပို့ချပေးတာ အစဉ်အလာပဲပေ့ါ”

“ကျွန်တော်လဲ အဲဒီလိုပဲ မှတ်သားဖူးပါတယ် ဆရာ”

“ထင်ရှားတဲ့ သာဓကတစ်ခုပြမယ်။ အင်းဝခေတ်က စာဆိုအကျော်အမော်ဖြစ်တဲ့ ရှင်မဟာရဋ္ဌသာရက ငယ်စဉ်က ပညာသင်ခဲ့ရပုံကို ဘူရိဒတ်ဇာတ်ပေါင်းပျို့ထဲမှာ ရေးဖွဲ့ပြထားတယ်။ သူ့အသက် ၁၀ နှစ်ကနေ ၁၆ နှစ်အတွင်း သာမဏေဘဝမှာ သင်ရတဲ့စာတွေလေ။ တစ်နည်းပြောရရင် အင်းဝခေတ်က စာသင်သားတွေ သင်ယူရတဲ့ သင်ရိုးပဲပေ့ါ”

“ဟုတ်ကဲ့ပါ”

“ဆရာတော်က ဘယ်လိုဖော်ပြသလဲဆိုတော့ သူသင်ရတဲ့ စာတွေပေ့ါ။ အဲဒီစာတွေက ‘ဆယ်စောင်ဇာတ်မျိုး၊ ပါဠ်ရိုးဂါထာ၊ ငါးရာကေ်ဒုက်’တဲ့။ ဧကနိပါတ်၊ ဒုကနိပါတ်အစရှိတဲ့ ဇာတ်တော်ငါးရာ့ငါးဆယ်တို့၊ ဇာတ်ကြီးဆယ်ဘွဲ့ ပါဠိတော်ဂါထာတွေကို သင်ရတာလေ။ ပြီးတော့ ‘ကောင်းဟုတ်ဗေဒင်၊ သင်္ကဂိုဋ်၊ အလိုက်အဖက်၊ လေ့ကျက်ဖွယ်ဖွယ်၊ သရုဗ္ဗာယ်မှ၊ နည်းကျယ်သဒ္ဒါ၊ ကစ္စည်းမှာလည်း၊ နှုတ်ပါရွရွ၊ စာရဏဖြင့်’ တဲ့။ ဗေဒင်ကျမ်း၊ သင်္ချိုဋ်ကျမ်း-သက္ကတကျမ်းတွေ ပေ့ါ။ ပြီးတော့ ကစ္စည်းသဒ္ဒါကျမ်းကြီးကိုလဲ နှုတ်တက်ကျက်မှတ်ပြီး အရအမိ အာဂုံဆောင်ရပါတယ်...တဲ့”

**“ပိဋကတ်တော်တွေရဲ့အရင်းခံက ဘုရားရှင်ဟောကြားတော်မူတဲ့ ပါဠိတော်တွေ မဟုတ်လား။ အဲဒီပါဠိတော်ကို အကျယ်ဖွင့်တဲ့ အဋ္ဌကထာတွေ၊ ဋီကာတွေရှိတယ်။ ပြီးတော့ ဂန္ထန္တရဆိုတဲ့ အထွေထွေကျမ်းတွေရှိတယ်။ နောက်ပြီး သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်းတွေ ရှိတယ်။ အဲဒီကျမ်းတွေအားလုံး ပါဠိဘာသာနဲ့ ရေးခဲ့တာတွေကို ခေတ်အဆက်ဆက် မြန်မာပညာရှင်တွေက၊ အထူးသဖြင့် ဆရာတော်ကြီးတွေက နိဿယပြန်ခဲ့ကြလို့ အဲဒီ ကျမ်းတွေအားလုံးရဲ့ နိဿယကျမ်းတွေလဲ အထင်အရှားရှိတယ်ကွဲ့”**

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**မန့်ဟီးရိုး စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မန့်ဟီးရိုးမြို့အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၉၂ စုအတွက် နိုင်ငံတော်က ပဉ္စမအကြိမ် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ စီကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ထံသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၂ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုင်းမြတ်အောင်က ကိုဗစ်- ၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်က ပဉ္စမအကြိမ် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ စီကို အခြေခံလူတန်းစား အမည်စာရင်း ပေးပို့ထားသည့် အတိုင်း အမှန်အကန် ရောက်ရှိ ထောက်ပံ့နိုင်ရေး ရပ်ကွက်၊ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ ကိုယ်တိုင် ကြီးကြပ်၍ စာရေးဝန်ထမ်းများနှင့် အတူ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ရန်၊ ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ကြရန်၊ လက်ရှိ ကိုဗစ်- ၁၉ ရောဂါ ကာလအတွင်း ဒေသခံပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရပ်ကွက်၊ ကျေးရွာများအတွင်း လှည့်လည် နှိုးဆော်နိုင်ရေးအတွက် မူဆယ်မြို့နယ်မှ ထောက်ပံ့သည့် လက်ကိုင်အသံချဲ့စက်များကိုလည်း ပေးအပ်မည်ဖြစ်ပြီး မိမိတာဝန်ယူရသည့် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ဒေသခံ ပြည်သူများအနေဖြင့် အကြောင်းမရှိဘဲ အိမ်ပြင်သို့ မထွက်စေရန်၊ အိမ်မှာပဲ နေထိုင်စေရန်၊ အပြင်ထွက်ပါက နှာခေါင်းစည်း တပ်ပြီးမှ ထွက်ရန်နှင့် အပြင်ထွက်သူတိုင်း နှာခေါင်းစည်းများမပါက အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောသည်။

**စန္ဒာ(ပြန်/ဆက်)**

### မူဆယ်

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု စုစုပေါင်း ၈၄၀၇ စုအတွက် ထောက်ပံ့ငွေကျပ် ၁၆၈၁ သိန်းကျော်ကို တတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၂၂ ရက်က မူဆယ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးဟောင်း)၌ ထောက်ပံ့ပေးအပ်သည်။

ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားသည့်ကာလ၌ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အခြေခံလူတန်းစားများ စားဝတ်နေရေး အဆင်ပြေရန်အတွက် နိုင်ငံတော်က တတိယအကြိမ် ထောက်ပံ့ခြင်းဖြစ်ပြီး အဆိုပါ ထောက်ပံ့ငွေများကို မြို့အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်သည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

### မြဝတီ

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ် တားဆီးရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား ပထမအကြိမ် ထောက်ပံ့ငွေများပေးအပ်ရာတွင် မပါဝင်ခဲ့သော အိမ်ထောင်စုများအား ပြန်လည်ဖြည့်စွက် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက ထောက်ပံ့ငွေပေးအပ်ရခြင်း ရည်ရွယ်ချက်၊ ထောက်ပံ့ငွေများကို အခြေခံလူတန်းစားများထံ လက်ဝယ်အရောက် အမြန်ထုတ်ပေးရန်၊ ထုတ်ပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေး မဖြစ်စေရေးအတွက် စနစ်တကျထုတ်ပေးရန် ဆွေးနွေးပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကတစ်ဆင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

မြဝတီမြို့နယ်အတွင်း ယခင်ပထမအကြိမ်အနေဖြင့် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ပေးအပ်ရာမှ မပါဝင်ခဲ့သော အခြေခံလူတန်းစားအိမ်ထောင်စု ၁၉၂၅၅ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၃၈၅၁ သိန်းကို ပြန်လည်ဖြည့်စွက်ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်**

### သထုံ

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံအိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သထုံမြို့နယ်အတွင်းရှိ အခြေခံအိမ်ထောင်စုပေါင်း ၁၂၄၁၁ အိမ်ထောင်စုအတွက် နိုင်ငံတော်က ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၂၄၈၂၂၀၀၀၀ ကို တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ အသီးသီး ပေးအပ်သည်။

**သက်ဦး(သထုံ)**




### မိုင်းလုံ

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းလုံမြို့ မြို့ဟောင်းကျေးရွာအုပ်စုတွင် နေထိုင်သော ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးများအား ထောက်ပံ့ငွေများကို စက်တင်ဘာ ၂၄ ရက်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်း ဦးဆောင်၍ သွားရောက်ထောက်ပံ့ပေးသည်။

နိုင်ငံတော်အစိုးရက ကိုဗစ်- ၁၉ ရောဂါ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း စားသောက်ရေး အဆင်ပြေစေရန် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပေးရာ မြို့ဟောင်းကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၅၀ အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်နှစ်နှစ်အောက်ကလေးများ(၂၀၂၀ ပြည့်နှစ် ဧပြီလ ၁ ရက်မှစ၍ မွေးဖွားသောကလေး)အား တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းထောက်ပံ့ရာ ကိုယ်ဝန်ဆောင် ၁၀ ဦးနှင့် အသက်နှစ်နှစ်အောက်ကလေးသုံးဦးတို့ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးသည်။

**ဇော်ဇော် (ပြန် /ဆက်)**

### ပန်ဆိုင်း

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့၌ နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု စုစုပေါင်း ၁၀၇၁ စုအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို စက်တင်ဘာ ၂၄ ရက်က ပန်ဆိုင်း(ကြူကုတ်) မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇာနည်က သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်ကထောက်ပံ့သည့် ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုမိသားစုများထံ ထောက်ပံ့ပေးအပ်ရာတွင် တိကျမှန်ကန်စေရေးနှင့် ပြည်သူများလက်ဝယ်အရောက်ပေးအပ်ရာတွင် မှတ်တမ်းများ စနစ်တကျ ရယူခြင်းတို့ကို ဆောင်ရွက်ပေးကြရန် ပြောကြားပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်ရှိ အိမ်ထောင်စုများနှင့် ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ အိမ်ထောင်စုများ စုစုပေါင်း အိမ်ထောင်စု ၁၀၇၁ စုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကျော်ခန့် ပေးအပ်သည်။

**သန်းမိုးခိုင် ( ပြန်/ဆက်)**

# မုံရွာမြို့ကုန်စည်ဒိုင် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မည်

**မုံရွာ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့ကုန်စည်ဒိုင် ကိုဗစ်- ၁၉ ရောဂါ အန္တရာယ်ကာကွယ်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့် ကိုက်ညီစေရန် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေး (၇/၂၀၂၀)၏ ဆုံးဖြတ်ချက်အရ ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ် မပြုလုပ်ဘဲ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း မုံရွာမြို့ကုန်စည်ဒိုင်သတင်း ပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုက ပြောသည်။

ကုန်စည်ဒိုင်အတွင်း လူအများအပြား အဝင်၊ အထွက်ဖြင့် အရောင်းအဝယ် မပြုလုပ်ဘဲ ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုနှုန်းများလာ၍ အသင်းသူ အသင်းသားများနှင့် ကိုယ်စားလှယ်များ၏ ကျန်းမာရေးကို ရှေးရှု၍ မုံရွာကုန်စည်ဒိုင်ကို ယာယီပိတ်ထားရခြင်းဖြစ်ကြောင်း ဆက်လက်ပြောသည်။

အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ရခြင်းသည် တောင်သူများနှင့် အသင်းသူ အသင်းသားများ ဈေးနှုန်းအမှန်ရရှိရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မုံရွာမြို့ ကုန်စည်ဒိုင်ဖွင့်မည့်ရက်ကို ပြန်လည်ကြေညာပေးမည်ဖြစ်ကြောင်း သတင်းပြန်ကြားရေး တာဝန်ခံက ပြောသည်။

**မွေးကြူဇင်**

# ခေါင်လန်ဖူးမြို့နယ် အများသုံးရေစုကန်များတွင် အီကိုလီပိုး ရှိ မရှိ စစ်ဆေး

**ခေါင်လန်ဖူး စက်တင်ဘာ ၂၅**

ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၄၁ ရွာမှ အများသုံး ရေစုကန်များတွင် ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော အီကိုလီပိုး ရှိ မရှိကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ဒုတိယပတ်က ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး အလေးထားဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ စနစ်တကျ သုံးစွဲနိုင်ရေးနှင့် ဝမ်းပျက်ဝမ်းလျှောမဖြစ်စေရေး ကြိုတင်ကာကွယ်တားဆီးနိုင်ရန်အတွက် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အများသုံးရေစုကန်များတွင် ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သည့် အီကိုလီပိုး ရှိ မရှိ အီကိုလီ စမ်းသပ်ကိရိယာများဖြင့် ကျေးရွာများအရောက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အီကိုလီ စမ်းသပ်ကိရိယာများမှာ သယ်ယူရလွယ်ကူပြီး စစ်ဆေးသည့်လုပ်ငန်းစဉ်မှာလည်း ရိုးရှင်းသည့်အတွက် ၄၈ နာရီအတွင်း ပိုး ရှိ မရှိ သိရှိနိုင်ကြောင်း၊ အချို့သောကျေးရွာများရှိ ရေစုကန်တွင် အီကိုလီပိုး တွေ့ရှိရကြောင်း၊ အဆိုပါ ရေအား သုံးရေအဖြစ်သာ သုံးစွဲကြရန်နှင့် သောက်ရေအဖြစ်သုံးစွဲမည်ဆိုပါက စနစ်တကျ ကျိုချက်ပြီးမှ သောက်သုံးကြရန် မှာကြားထားကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးညီညီက ပြောသည်။

ခေါင်လန်ဖူးမြို့နယ်ရှိ ကျေးရွာများအားလုံးကို လမ်းလျှောက်ခရီးဖြင့်သာ ကွင်းဆင်းစစ်ဆေးရခြင်းဖြစ်သော်လည်း ကွင်းဆင်းစစ်ဆေးသည့် ကာလအတွင်း ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ကျေးရွာ ၄၁ ရွာသို့ သွားရောက်စစ်ဆေးနိုင်ကြောင်း သိရသည်။ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကျေးရွာများသည် တောင်ကျစိမ့်စမ်းရေကိုသာ သုံးစွဲနေကြ၍ အဆိုပါရေများတွင် တိရစ္ဆာန်အညစ်အကြေးမှ အီကိုလီပိုးများပါရှိနေပြီး ထိုရေကို သောက်သုံးမိပါက ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်စေနိုင်ကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး (ပြန်/ဆက်)**




**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Help Line ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်။**

# ဆဒွံး-ကန်ပိုက်တီလမ်း၌ ကျောက်တုံးကြီးများပြိုကျမှုကြောင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား စက်တင်ဘာ ၂၅**

မြစ်ကြီးနားခရိုင်အတွင်း တစ်ဖက်တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းသွားလမ်း ဆဒွံး-ကန်ပိုက်တီလမ်းပိုင်း ကီလိုမီတာ (၉၀/၉၁) ကြားတွင် တံတားညီနောင်အနီး မြေပြိုကျမှုဖြစ်စဉ်ကြောင့် လမ်းရှင်းလင်းဖယ်ရှားရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိုးအဆက်မပြတ်ရွာသွန်းနေမှုနှင့် ကျောက်တုံးကြီးများ ဆက်တိုက်ပြိုကျမှုကြောင့် ရက်အနည်းငယ်ခန့် ကြန့်ကြာမည်ဖြစ်ကြောင်း လမ်းရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်နေသူများထံမှ သိရသည်။

တောင်ကမ်းပါးမြေပြိုမှုကြောင့် ပေ ၄၀ ခန့်ရှိ ကျောက်တုံးကြီးများနှင့် ၁၅ ပေခန့် ကျောက်တုံးများရှိနေသည့်အပြင် ပြိုကျမြေစာများမှာ အလျားပေ ၃၀၀၊ အမြင့်ပေ ၇၀ ခန့်ရှိသဖြင့် ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုနေသည့် ဘက်ဟိုးစက်ယန္တရားယာဉ်များဖြင့် ရှင်းလင်းဆောင်ရွက်၍မရသည့်အတွက် မိုင်းခွဲရန် စီစဉ်ထားကြောင်း သိရသည်။ လက်ရှိတွင် မိုးအဆက်မပြတ်ရွာနေခြင်းကြောင့် လုပ်ငန်းများ ခေတ္တရပ်ထားရကြောင်းနှင့် မိုးတိတ်မှသာလျှင် ကျောက်တုံးကြီးများကို အရင်ခွဲပြီး၊ ဘက်ဟိုးစက်ယန္တရားယာဉ်များဖြင့် မြေစာများကို ရှင်းလင်းနိုင်မည်ဖြစ်ကြောင်း လမ်းရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

လတ်တလော လမ်းပိတ်ဆို့မှု အခြေအနေကြောင့် တစ်ဖက်နှင့် တစ်ဖက် စားသောက်ကုန်ပစ္စည်းများ သယ်ယူရာတွင် လူငှားဖြင့် မြေစာပုံကို ကျော်ဖြတ်သယ်ယူနေရကြောင်း သိရပြီး မြန်မာနိုင်ငံမှ တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသည့် တစ်သျှူးငှက်ပျောသီးတင်ယာဉ်နှင့် အခြားကုန်တင်ယာဉ်များလမ်းခုလပ်တွင် ရပ်ဆိုင်းနေရသည်မှာ ၁၄ ရက်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

**ဓာတ်ပုံ-(ဆဒွံးပြန်/ဆက်)**



# ရှဒူဇွပ်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး နေအိမ် ၃၀၀ ကျော် တောင်ကျရေများဝင်ကာ နေအိမ် ၁၀လုံး ရေနောက်မျောပါ

**ကာမိုင်း စက်တင်ဘာ ၂၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရှဒူဇွပ်ကျေးရွာအတွင်း တောင်ကျရေများဝင်ခဲ့ပြီး မိုးကောင်းချောင်းရေလျှံကာ မြစ်ကြီးနား-တနိုင်းသွား (လီဒိုလမ်းမကြီး) ပေါ်တွင် စက်တင်ဘာ ၂၅ ရက် နံနက် ၃ နာရီက ရေအနက် ၁၂ပေခန့် ကားလမ်းအရှည် ပေ ၁၈၀၀ ခန့်အထိ ရေများ ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။

၎င်းကားလမ်းပေါ်သို့ ရေကျော်တက်လာမှုကြောင့် မြစ်ကြီးနား-တနိုင်းသွားသည့် အတက်/ အဆင်း ယာဉ်များအား ခေတ္တရပ်နားထားရပြီး ကျေးရွာအတွင်းရှိ ရေများဝင်လျက်ရှိသော လူနေအိမ်အချို့မှ မိသားစုဝင်များနှင့် ပစ္စည်းများအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဌာနေ ပြည်သူ့စစ်တို့က ရေလွတ်ရာနေရာများဖြစ်သည့် ရှဒူဇွပ်ဈေး၊ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်း၊ ဘုရားကျောင်းနှင့် စံပြဘုန်းတော်ကြီးကျောင်းတို့သို့ စက်လှေများဖြင့် ယာယီရွှေ့ပြောင်း ပေးခဲ့ကြောင်း သိရသည်။



အဆိုပါကျေးရွာအတွင်း ရေများ ဖုံးလွှမ်းရာနေရာသို့ ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူးဦးဆောင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သုဂတိမဂ္ဂ လူမှုကူညီရေးအသင်းဝင်များက ဘေးအန္တရာယ်ကင်းရှင်းစွာ ကယ်ဆယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စာရင်းကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။

ထို့နောက် ၎င်းအဖွဲ့သည် မိမိနေအိမ်တွင် ပြန်လည်ဝင်ရောက်နေထိုင်ခြင်းမရှိသေးသည့် စုစုပေါင်း အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၇၃ ဦးတို့အနက် အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၅၂ ဦးတို့အား နှစ်ခြင်းဘုရားကျောင်းတွင်လည်းကောင်း၊ ကျန်ရှိ အိမ်ထောင်စု လေးစု၊ လူဦးရေ ၂၁ ဦးတို့အား နီးစပ်ရာ ဆွေမျိုးများနေအိမ်တွင်လည်းကောင်း ခေတ္တနေရာချထားပေးသည်။

ချောင်းရေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နှစ်ပေခန့် ကျဆင်းလျက်ရှိရာ ညနေ ၆ နာရီအထိ လီဒိုလမ်းမကြီးပေါ်တွင် ရေအနက် သုံးပေခန့် အရှည်ပေ ၇၀၀ ခန့် ကျဆင်းလာပြီး လူနေအိမ်ခြံဝင်းများအတွင်းရှိ ရေများလည်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း သိရသည်။

**ဖွဲ့သူရအောင် (ပြန်/ဆက်)**

# မုဒုံမြို့နယ်တွင် မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ထောင်စု ၃၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**မုဒုံ စက်တင်ဘာ ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး ကတုံးပေါ်ချောင်းအရှေ့ကွက်သစ် မြစ်ကမ်းပါး မြေပြိုမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုဖြစ်ရာသို့ မုဒုံမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးမြင့်ဦး ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၃ ဦး၊ ကျေးရွာရှိ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြေပြိုမှုဖြစ်ပွားရာနေရာရှိ လူနေအိမ် သုံးလုံးကို ပြောင်းရွှေ့ထားပြီး လူနေအိမ် ၂၇ အိမ်၊ အိမ်ထောင်စု ၃၀၊ လူဦးရေ ၁၄၇ ဦးခန့်ကို ရွာလယ်ဓမ္မာရုံနှင့် အ.မ.က စာသင်ကျောင်းများသို့ အရေးပေါ်ယာယီပြောင်းရွှေ့ထားကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# ရေးမြို့နယ်၌ မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်

**ရေး စက်တင်ဘာ ၂၅**

ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာတစ်ရွာဖြစ်သော နှစ်ကရင်ကျေးရွာအုပ်စု ဝယ်ဖယ်ကျေးရွာတွင် မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာအတွင်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဝယ်ဖယ်ကျေးရွာသည် အိမ်ခြေ ၁၁၀၊ လူဦးရေ ၅၁၃ ဦးရှိပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအား ၂၀၁၄-၂၀၁၅၊ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အတိုးရငွေများမှ ငွေကျပ် ၆၅၃၀၀၀၀ သုံးစွဲကာ ကျေးရွာအတွင်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ပေ ၆၄၄၀ ကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ ရေရရှိရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ကျေးရွာအတွင်း အိမ်တိုင်ရာရောက် ရေမီတာစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ကျေးရွာသူ ကျေးရွာသားများအတွက် သန့်ရှင်းသောသောက်သုံးရေများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။


**မိုးဝင်း(ကျေးလက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**




# တာချီလိတ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ ငွေကျပ် ၂၈၁၀ ဒသမ ၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီက တာချီလိတ်မြို့နယ် ဟွေရဲကျေးရွာနေ စိုင်းခွန်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ လီခေါ် (ခ) လော်ဂေါ၊ စိုင်းဆိုင်လှိုင်း၊ လီယားနှင့် လော်ရိုး(ခ) လော်ကော့ တို့အား တွေ့ရှိရပြီး ဆာလာအိတ်အတွင်းနှင့် နေအိမ်ခြံဝင်းအတွင်း ရပ်ထားသည့် Hilux Tiger အမျိုးအစားမော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၉၈၀၀ သိမ်းဆည်းရမိသည်။

ဆက်လက်၍ အမှုမှ လီခေါ် (ခ) လော်ဂေါ အား ထပ်မံစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားများမှာ ၎င်းကိုယ်တိုင် မိုင်းဆတ်မြို့နယ် မိုင်းတွန်း(တောင်ပေါ်) ကျေးရွာအုပ်စု နာခါး (ခ) နမ့်ခမ်း (၁) ကျေးရွာ၏ အနောက်ဘက် မီတာ ၁၇၀၀ ခန့်အကွာလျှိုအတွင်းရှိ တဲ၌ ၎င်းကိုယ်တိုင် ထုတ်လုပ်ကြောင်း လိုက်လံပြသဖြင့် စက်တင်ဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါပူးပေါင်းအဖွဲ့သည် အဆိုပါနေရာသို့ ဝင်ရောက်ရှာဖွေရာ တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀၊ ကဖင်း ကီလို ၁၇၀၊ စိတ်ကြွ ရူးသွပ်ဆေးမှုန့် သုည ဒသမ ၁ ကီလို၊ အရောင်ဆိုးဆေးမှုန့် သုည ဒသမ ၅ ကီလို၊ WY တံဆိပ်ပါ သံမို ငါးချောင်း၊ ပန်းသီး တံဆိပ်ပါ သံမို နှစ်ချောင်း၊ တံဆိပ်မပါ သံမို ခြောက်ချောင်း၊ စုစုပေါင်းသံမို ၁၃ ချောင်း၊ တူမီးသေနတ် သုံးလက်၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ငွေကျပ် ၂၈၁၀ ဒသမ ၅ သိန်း တန်ဖိုးကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံခံစားရနိုင်ပါတယ်။




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း၊




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီဆောင်ရွက်ပေးပါ။




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Help Line ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်။

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSONS

“သက်ကြီးရွယ်အိုကာကွယ်ဖို့ သက်ရွယ်မရွေးပူးပေါင်းလို့ ကပ်ရောဂါကို တိုက်ထုတ်စို့”

“Pandemics: Do They Change How We Address Age and Ageing?”

၁.၁၀.၂၀၂၀

နေပြည်တော်

# ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲများပါဝင်နေသည့် MNL ပွဲစဉ် (၁၉)

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ကို စနေ၊ တနင်္ဂနွေနေ့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲများ ပါဝင်နေသည်။

ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲသာလိုတော့ပြီး ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့် အသင်းသုံးသင်း၏ ရုန်းကန်မှုများကို ဆက်လက်တွေ့မြင်ရမည်ဖြစ်သည်။ ပွဲစဉ် (၁၉)အဖြစ် စက်တင်ဘာ ၂၆ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် မကွေးအသင်း၊ YUSC ကွင်း၌ စစ်ကိုင်းအသင်းနှင့် ရတနာပုံအသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် YUSC ကွင်း၌ Southern အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပွဲအသင်းနှင့် ရခိုင်အသင်း၊ ပဒုမ္မာကွင်း၌ ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၈) အပြီးတွင် ဟံသာဝတီအသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့ပြီး ဧရာဝတီအသင်းက ၃၉ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၃၈ မှတ်၊ ရန်ကုန်အသင်းက ၃၁ မှတ်၊ ရတနာပုံအသင်းက ၁၉ မှတ်၊ ရခိုင်အသင်းက ၁၈ မှတ်၊ စစ်ကိုင်းအသင်းက ၁၆ မှတ်၊ မကွေးအသင်းက ၁၀ မှတ်၊ အား/ကာသိပွဲအသင်းက ရှစ်မှတ်၊ Southern အသင်းက ခုနစ်မှတ် ရရှိထားသည်။



ရန်ကုန်နှင့် ဧရာဝတီအသင်း ၂၀၁၉ ရာသီက တွေ့ဆုံခဲ့စဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

လက်ရှိအနေအထားအရ ချန်ပီယံဆုအတွက် ရမှတ် ၄၀ ရထားသည့် ဟံသာဝတီအသင်း၊ ၃၉ မှတ် ရထားသည့် ဧရာဝတီအသင်းနှင့် ၃၈ မှတ် ရထားသည့် ရှမ်းယူနိုက်တက်အသင်းတို့ မျှော်လင့်ချက်ရှိနေသည်။ ပွဲစဉ် (၁၈) တွင် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့သည့် ဧရာဝတီအသင်းသည် ယခုတစ်ပတ်တွင် ရှုံး၍မရသည့်အနေအထားဖြစ်သွားခဲ့ပြီး အနိုင်ရမှသာ ချန်ပီယံဆုမျှော်လင့်နိုင်မည့် အခြေအနေဖြစ်သွားခဲ့သည်။ ထိပ်ဆုံးမှ ဟံသာဝတီအသင်းသည် မကွေးကို အနိုင်ရပါက တနင်္ဂနွေနေ့တွင် ကစားရမည့် ဧရာဝတီအသင်းအနေဖြင့် အနိုင်ရရန် လိုအပ်မည်ဖြစ်ပြီး ရှုံးပွဲကြုံတွေ့ပါက ချန်ပီယံဆုမျှော်လင့်ချက် အဆုံးသတ်သွားမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်နှစ်ပွဲတွင် ဇယားထိပ်ပိုင်းမှ အသင်းများနှင့် မတွေ့ဆုံသောကြောင့် ကျန်နှစ်သင်းထက် ပွဲပိုချောင်နေသော်လည်း ချန်ပီယံဆု ကာကွယ်နိုင်ရန် လက်ကျန်နှစ်ပွဲစလုံး အနိုင်ရရန် လိုအပ်သလို ဟံသာဝတီနှင့် ဧရာဝတီအသင်းတို့၏ ခြေချော်မှုကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ ကိုးပွဲဆက် အနိုင်ရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုတစ်ပတ်တွင် Southern အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်သုံးမှတ်အပြင် ဂိုးများများ သွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။ ဧရာဝတီအသင်းသည် အဆင့် ၄ နေရာမှ ရန်ကုန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ပွဲကျပ်တစ်ပွဲ ထပ်မံကစားရခြင်းဖြစ်သည်။ ဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်းသည် မကွေးကို အနိုင်ရပါက ချန်ပီယံဆုအတွက် အလားအလာ ပိုကောင်းသွားမည်ဖြစ်ပြီး ဧရာဝတီနှင့် နောက်ဆုံးပွဲတွင် ရေကုန်ရေခန်းကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

❖ *ကျောဖုံးမှ*

ဦးဆောင်လျက်ရှိနေသည်။ လက်စတာအသင်းသည် နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ရမှတ် ၆ မှတ်နှင့်အတူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခြင်းဖြစ်သည်။

ယနေ့ည ၆ နာရီတွင် ဘရိုက်တန်အသင်းနှင့် မန်ယူအသင်းတို့ စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဘရိုက်တန်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၁)တွင် ချယ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီးနောက် လိဂ်ဖလားပြိုင်ပွဲ ဒုတိယအဆင့်တွင် ပို့စ်မောက်၊ ပရီမီယာလိဂ်ပွဲစဉ် (၂) တွင် နယူးကာဆယ်၊ လိဂ်ဖလားပြိုင်ပွဲ တတိယအဆင့်တွင် ပရက်စ်တန်အသင်းတို့ အသီးသီးအနိုင်ရရှိထားသည့် အသင်းဖြစ်သည်။ ဘရိုက်တန်အသင်းသည် လိဂ်ဖလားပြိုင်ပွဲ စတုတ္ထအဆင့်တွင် မန်ယူအသင်းနှင့်ပင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ၎င်းနှင့် ယှဉ်ပြိုင်ကစားမည့် မန်ယူ အသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၂) တွင် ခရစ္စတယ်လ်ပဲလေ့စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ သို့သော်လည်း မန်ယူအသင်းသည် စက်တင်ဘာ ၂၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် လိဂ်ဖလားပြိုင်ပွဲတွင် လူတန်တောင်းအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ မန်ယူအသင်းသည် ဘရိုက်တန်အသင်းနှင့်ပြီးလျှင် စပါး၊ နယူးကာဆယ်၊ ချယ်ဆီး၊ အာဆင်နယ်စသည့် ပွဲကျပ်များကို ဆက်တိုက်ယှဉ်ပြိုင်ကစားသွားရဖွယ်ရှိနေသည်။ နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ မန်ယူအသင်းသည် လာမည့်သီတင်းပတ်တွင် ဒေါ့မွန်အသင်းမှ ဆန်ချိုကို ပေါင်သန်း ၉၀ ဖြင့် နောက်ဆုံးအကြိမ် ကမ်းလှမ်းသွားဖွယ်ရှိနေကြောင်း သိရသည်။

ည ၈ နာရီခွဲတွင် ပဲလေ့စ်နှင့် အဲဗာတန်အသင်းတို့ ဆုံတွေ့နေသည်။ အဆိုပါ နှစ်သင်းစလုံးသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲကစား နှစ်ပွဲစလုံး အနိုင်ရရှိထားပြီး ရမှတ်ခြောက်မှတ်စီ ရရှိထားသည့်အတွက် အကြိတ်အနယ်ရှိမည်မှာ မလွဲပေ။


ည ၁၁ နာရီတွင် ဝက်စ်ဘရွန်းအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ဆုံတွေ့နေသည်။ ဝက်စ်ဘရွန်းအသင်းသည် ပရီမီယာလိဂ်တွင် လက်စတာ၊ အဲဗာတန် အသင်းတို့နှင့် ယှဉ်ပြိုင်ကစားထားပြီး နှစ်ပွဲစလုံးရှုံးနိမ့်ထားသည်။ ချယ်လ်ဆီးအသင်းက ပရီမီယာလိဂ်နှစ်ပွဲတွင် ဘရိုက်တန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ချန်ပီယံလီဗာပူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

ယနေ့ည ၁ နာရီခွဲတွင် နောက်ဆုံးပွဲစဉ်အဖြစ် ဘန်လေအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဘန်လေအသင်းသည် ပရီမီယာလိဂ်တွင် လက်စတာအသင်းနှင့် တစ်ပွဲသာ ယှဉ်ပြိုင်ကစားထားရသေးပြီး လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ရမှတ်မရရှိသေးပေ။ ဆောက်သမ်တန်အသင်းကလည်း ပဲလေ့စ်၊ စပါးအသင်းတို့နှင့် ပရီမီယာလိဂ်နှစ်ပွဲ ယှဉ်ပြိုင်ကစားထားရာ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။

**အောင်ဇော်**

# အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## ရေဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရေဝတီတိုင်းဒေသကြီးအနေဖြင့် ပုသိမ်မြို့နှင့် ဖျာပုံမြို့များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းသစ် (၃)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာကျပ်ငွေဖြင့် လုပ်ကိုင်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်း ရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး(အကောက်ဆိပ်ရပ်ကွက်၊ ပုသိမ်မြို့) (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် ရာ ဆောက်လုပ်ခြင်း (၁၀၀'x၃၄'x၂၁') ရေမီးအပါအဝင်
(၂) ပုသိမ်ခရိုင်စီမံကိန်းဦးစီးရုံး (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (၁၀၀'x၃၄'x၂၁') ရေမီးအပါအဝင်
